# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၁၀)ရက် ၊ တနင်္လာနေ့ ၊ (9-10-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၆၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြှင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြှင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိ သည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပဲခူးတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းနှင့် ပဲခူး-မော်လမြိုင် ရထားလမ်းပိုင်းတို့တွင် ရထားလမ်းများရေကျော်နေသဖြင့် လူစီးရထားခရီးစဉ်များ ခေတ္တရပ်နားခဲ့ရ



**နေပြည်တော် အောက်တိုဘာ ၈**

ယနေ့နံနက်ပိုင်းမှစ၍ ပဲခူးတိုင်းဒေသကြီး အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေ များ အရှိန်အဟုန်ဖြင့် စီးဆင်းလာခြင်းနှင့်ဇောင်းတူ ဆည်နှင့် ကဒူကွင်းဆည်တို့၏ ရေပိုလွှဲရေကျော် စီးဆင်းလာခြင်းတို့ကြောင့် ပဲခူးမြို့နယ် ပဲခူးဘူတာ နှင့် ရွှေလှေဘူတာကြား မိုင်တိုင်အမှတ်(၅၀/၃-၇) ရထားလမ်း အလျားပေ ၅၀၀ ခန့်တွင် သံလမ်း အပေါ် ရေ ၁၈ လက်မခန့်ကျော်တက်နေပြီး ရထား များဖြတ်သန်းနိုင်မှုမရှိသဖြင့် လူစီးအမြန်ရထား နှစ်စင်းခေတ္တရပ်နားထားရသည်။

အဆိုပါဖြစ်စဉ်ကြောင့် မန္တလေးမှထွက်ခွာလာ သော အမှတ်(၄)အစုန် လူစီးအမြန်ရထားသည် ပျဉ်ပုံကြီးဘူတာ၌ နံနက် ၈ နာရီတွင်လည်းကောင်း၊ ပဲခူး-မော်လမြိုင်လမ်းပိုင်းရှိ မော်လမြိုင်မှ ထွက်ခွာ လာသော အမှတ်(၈၂)အစုန် လူစီးအမြန်ရထား သည် ဝေါဘူတာ၌ မွန်းလွဲ ၂ နာရီခွဲတွင် လည်းကောင်းရောက်ရှိနေပြီး ရေပြန်လည်ကျဆင်း မည့်အချိန်ကို စောင့်ဆိုင်းလျက်ရှိသည်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့

**ယခုဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလထိ ပြည်ပသို့ ရေထွက်ပိုကုန်ကဏ္ဍမှ အမေရိကန်ဒေါ်လာ ၃၀၀ ဒသမ ၄၃ သန်းပိုးတင်ပို့နိုင်ခဲ့**

စာမျက်နှာ - ၂၇

**ကောလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၉၉၃၂၈ ဧက စိုက်ပျိုးပြီးစီး**

စာမျက်နှာ - ၃

**စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၃၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ**

စာမျက်နှာ - ၂၁




ရတနာပုံ
၂၀၂၃ ခုနှစ် အောက်တိုဘာ ၉ ရက်
အယ်ဒီတာ့အာဘော်

# ဗလငါးတန်နှင့်ပြည့်စုံသော လူသားအရင်းအမြစ်များ ပေါ်ထွန်းရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လူငယ်များ၏ အသိပညာဗဟုသုတဖွံ့ဖြိုးတိုးတက်စေရန် ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များပေါ်ထွန်းလာရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပေသည်။

ယနေ့လူငယ်များသည် အနာဂတ်မြန်မာနိုင်ငံအတွက် အားကိုးအားထားပြုရမည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည်။ အဆိုပါလူ့စွမ်းအားအရင်းအမြစ်များ ဗလငါးတန်နှင့်ပြည့်စုံရေးမှာ အလွန်အရေးကြီးသောအချက်ဖြစ်သည်။ ဗလငါးတန်ဆိုသည်မှာ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလနှင့် ဘောဂဗလတို့ဖြစ်သည်။

ထို့ပြင် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် မျိုးဆက်သစ်လူငယ်များဖြစ်သည့် ကျောင်းသား၊ ကျောင်းသူများ၏ အခန်းကဏ္ဍသည်လည်း အလွန်အရေးကြီးလှပေသည်။ ပညာထူးချွန်သည့်အပြင် ဘက်စုံထူးချွန်ထက်မြက်သော နိုင်ငံ့သားကောင်းများဖြစ်လာစေရန် လိုအပ်ပေသည်။

ကျောင်းနေအရွယ်မှစတင်ကာ ထိုက်သင့်သည့်ပညာတတ်မြောက်ပြီး လုပ်ငန်းခွင်ဝင်သည်အထိ လူငယ်တိုင်းတွင် ပြည့်စုံနေရမည်မှာလည်း ဗလငါးတန်ဖြစ်သည်။ ကျန်းမာကြံ့ခိုင်ခြင်း၊ ဉာဏ်ပညာထက်မြက်ခြင်း၊ အကျင့်စာရိတ္တကောင်းမွန်ခြင်း၊ အပေါင်းအသင်းမိတ်ဆွေပေါများခြင်း၊ မိမိ၏ဘဝရပ်တည်ရေးအတွက် စီးပွားဥစ္စာရှာဖွေနိုင်ခြင်းတို့သည် လူငယ်တိုင်းကိုယ်စီရှိနေရမည့် ကိုယ်ပိုင်အရည်အချင်းများဖြစ်ပေသည်။ ထိုအရည်အချင်းများနှင့်ပြည့်စုံသော လူငယ်များက နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်မှသာ အနာဂတ်နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်ပေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဦးတည်ချက် (၉)ရပ်ချမှတ်ကာ နိုင်ငံတော်တည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိရာ လူမှုရေးဦးတည်ချက်တွင် "နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး" ဟူသော ဦးတည်ချက်ကို ချမှတ်ထားသည်။ နိုင်ငံတော်၏ အနာဂတ်ကာလတွင် လူငယ်များကို တန်ဖိုးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာစေရန် ပြုစုပျိုးထောင်လျက်ရှိရာတွင် ဗလငါးတန်ဖွံ့ဖြိုးရေးဆိုင်ရာ ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန် လိုအပ်ပေသည်။

ယနေ့မျက်မှောက်ခေတ်တွင် လူ့စွမ်းအားအရင်းအမြစ်၏ အခြေခံအကျဆုံးဖြစ်သော လူငယ်များသည် ပညာထက်မြက်စေရန် အတန်းပညာများကို အတန်းစဉ်အလိုက် မြင့်မားတိုးတက်အောင် ကြိုးစားကြရမည်ဖြစ်သကဲ့သို့ အသိဉာဏ်ပညာများ မြင့်မားတိုးတက်စေရန်အတွက်လည်း ပြင်ပဗဟုသုတရှိစေမည့် သုတ၊ ရသစာပေများကို ဖတ်ရှုလေ့လာကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ အနာဂတ်နိုင်ငံတော်ကို တည်ဆောက်မည့် ယနေ့လူငယ်များအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်တိုးတက်စေရေးအတွက် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဟူသည့် ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး အောက်တိုဘာ ၈**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေဠုဝန်ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ဦးရေ ၂၂၇၀၅၀ လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"ဒီနေ့မှာဆိုရင် မန္တလေးတောင်တော်ကို နယ်စုံဒေသက ဘုရားဖူးတွေ အများအပြား လာရောက်ဖူးမြော်ကြပါတယ်။ ဘုရားဖူးတွေက စောင်းတန်းကကောကားလမ်းကပါ တက်ရောက်ဖူးမြော်ကြတာကို တွေ့ရပါတယ်။ ဘုရားဖူးတွေက ရာသီဥတုအခြေအနေပေါ်ကြည့်ပြီး လာရောက်ဖူးမြော်ကြတာကို တွေ့ရပါတယ်။ ဘုရားဖူးတွေက မြွေကြီးနှစ်ကောင်ဘက်ကိုလဲ သွားရောက်ကြပါတယ်။ တောင်ပေါ်ကနေ မန္တလေးမြို့ရဲ့ ရှုခင်းအလှအပတွေကိုလဲ ဘုရားဖူးတွေ ကြည့်ကြတာကို တွေ့ရပါတယ်။ အမှတ်တရပစ္စည်းရောင်းချတဲ့ ဆိုင်တွေမှာလဲ ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်"ဟု မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၆၁၉ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၂၂၄၀၅၆ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူး ရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၂၃၇၅ ဦး လာရောက် ဖူးမြော်ကြောင်း ဝေဠုဝန်ကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေးစျေးကွက်အတွင်း ရှမ်းပြည်နယ်ဘက်မှထွက်ရှိသည့်ဂျုံများ ပိဿာ ၆၀ ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀၀ ဖြင့် စျေးကောင်းရရှိနေ

**မန္တလေး အောက်တိုဘာ ၈**

မန္တလေး စျေးကွက်အတွင်း ရှမ်းပြည်နယ်ဘက်မှ ထွက်ရှိသည့် ဂျုံများ ပိဿာ ၆၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀၀ ဖြင့် စျေးကောင်းရရှိနေကြောင်း ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ ရှမ်းပြည်နယ်ဘက်မှ အရည်အသွေးကောင်းမွန်သည့် ဂျုံများ မန္တလေးစျေးကွက်အတွင်း ဝင်ရောက်လာကြောင်း၊ ၎င်းဂျုံများကို မန္တလေးစျေးကွက်အတွင်း ဝယ်ယူမှု ယခင်ကထက် ပိုမိုများပြားလာပြီး အရောင်းအဝယ်ကောင်းလာမှုကြောင့် စျေးကောင်းပြန်ရရှိလာကြောင်း သိရသည်။

"ရှမ်းပြည်နယ်ဘက်ကထွက်တဲ့ အရည်အသွေးကောင်းမွန်တဲ့ဂျုံတွေ မန္တလေးစျေးကွက်နဲ့ တောင်ကြီးမြို့အပြင် အခြားမြို့တွေကပါ မှာယူမှု မြန်ပြီးများလာတယ်။ ရှမ်းပြည်နယ်ဘက်ကထွက်ရှိတဲ့ ဂျုံတွေကို ဝယ်ယူမှု မြန်ပြီးများပြားလာတာကြောင့် ဂျုံအရောင်းအဝယ်ပြန်ကောင်းလာပြီး စျေးကောင်းရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးစျေးကွက်အတွင်း အောက်တိုဘာလ ပထမပတ်က ရှမ်းပြည်နယ်မှ ထွက်ရှိသည့်ဂျုံများ အရောင်းအဝယ်အေးသဖြင့် ပိဿာ ၆၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၇၀၀၀၀ သာပေါက်စျေးရှိကြောင်း၊ ယခုအခါ ရှမ်းပြည်နယ်ဘက်မှ ထွက်ရှိသည့် ဂျုံများကို ဝယ်ယူမှုများလာခြင်းကြောင့် ယနေ့တွင် ဂျုံ ပိဿာ ၆၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀၀ ပေါက်စျေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။ (၁၈၄)

# မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် စိန်ပန်းကုန်းကျေးရွာတွင် ပြည်တွင်းခရီးသွား ဝင်ရောက်လည်ပတ်မှု များပြားလျက်ရှိ

**မန္တလေး အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် စိန်ပန်းကုန်းကျေးရွာတွင် ပြည်တွင်းခရီးသွား ဝင်ရောက်လည်ပတ်မှု များပြားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်း ဦးစီးဌာန ရေဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် ကျေးရွာအခြေပြု ခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့် ကျေးရွာများထဲမှ ခရီးသွားများ စိတ်ဝင်စားမှုရှိသည့် ကျေးရွာမှာ မတ္တရာမြို့နယ်အတွင်းရှိ စိန်ပန်းကုန်းကျေးရွာဖြစ်ကြောင်း၊ စိန်ပန်းကုန်းကျေးရွာ၌ ခရီးသွားများ စိတ်ဝင်စားသည့် မြန်မာ့လက်မှုပညာဖြင့် ဖန်တီးပုံဖော်ထားသောပစ္စည်းများနှင့် အခြားလုပ်ငန်းများရှိကြောင်း၊ ၎င်းကျေးရွာမှ ဧရာဝတီမြစ်အတွင်း စက်လှေစီးပြီး ဧရာဝတီလင်းပိုင်များကို သွားရောက်ကြည့်ရှုကြကြောင်း သိရသည်။

"ကျေးရွာအခြေပြု ခရီးသွားလုပ်ငန်း ဖော်ဆောင်ဖို့အတွက် ၂၀၁၄ ခုနှစ်ကနေစပြီးတော့ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS)နဲ့ ငါးလုပ်ငန်းဦးစီးဌာန၊ ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့ ပူးပေါင်းလုပ်ဆောင်ခဲ့ပါတယ်။ လုပ်ငန်းဖော်ဆောင်ထားတဲ့ကျေးရွာတွေကတော့ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းမှာက ဆင်ကျွန်းကျေးရွာ၊ အေးကျွန်းကျေးရွာ၊ မြေစွန်းကျေးရွာ၊ စိန်ပန်းကုန်းကျေးရွာ၊ စဥ့်ကူးမြို့နယ်အတွင်းကတော့ မြစ်ကမ်းကြီးကျေးရွာ၊ ဆည်သည်ကျေးရွာနဲ့ စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်အတွင်းမှာ ဖော်ဆောင်တာကတော့ရွာသစ်ကျေးရွာ၊ တကောင်းကျေးရွာ၊ ရှိမ်းမကားကျေးရွာတို့ဖြစ်ပါတယ်"ဟု ဦးမောင်မောင်လေးက ပြောပြသည်။

စိန်ပန်းကုန်းကျေးရွာသို့ ဝင်ရောက်လည်ပတ်သည့် ပြည်တွင်းခရီးသွားမှာ စက်တင်ဘာလနောက်ဆုံးပတ်က တစ်ရက်လျှင် ဦးရေ ၇၀ ကျော်သာ ရှိခဲ့သော်လည်း အောက်တိုဘာလဒုတိယပတ်မှစ၍ တစ်ရက်လျှင် ပြည်တွင်းခရီးသွားဦးရေ ၁၅၀ ကျော်ထိရှိလာကြောင်း သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်–၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်–၀၀၁၆၈၊ စာတည်းအဖွဲ့–၀၃၃–၇၂၇၈၁၀၉–၄၅၈၈၉၁၃၀၀၊ကြော်ငြာ–၈၄လမ်းနှင့်၂၉–၃၀လမ်းကြား–၀၂–၄၀၆၆၆၅၁၊ ဖြန့်ချိရေး–၀၂–၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သဲကုန်းမြို့နယ် ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**သဲကုန်း အောက်တိုဘာ ၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စုနွယ်ဝင်း၊ နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးနှင့် ဝန်ထမ်းများက ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူးက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

သဲကုန်းမြို့နယ် ဘူးပြောကျေးရွာ၌ အရှည်ပေ ၅၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ မြေနီလမ်းခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၄ ဒသမ ၄၅၂ သန်းဖြင့် တင်ဒါအောင်မြင်သည့် Zabudipa 2017 ကုမ္ပဏီက ဇွန်လ ဒုတိယပတ်မှလည်းကောင်း၊ သစ်ဆန္ဒမ်းကုန်းကျေးရွာ၌ အရှည်ပေ ၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများက ဩဂုတ်လ တတိယပတ်တွင် လည်းကောင်း ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **သုတ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင်မန္တလေးမြို့နေ ကိုဖြိုးသူရကျော်-မမြတ်မွန်ကျော် မိသားစုက ဒေါ်တင်ပြည့်အားရည်စူး၍ ဆေးပဒေသာသင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ဒေါက်တာ ဦးတင်ဝင်းက လက်ခံရယူစဉ်။

# ကောလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၉၉၃၂၈ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ကောလင်း အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင် ကောလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၉၉၃၂၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၉၉၅၇၄ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၉၉၃၂၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကောလင်းမြို့နယ်မှာ စပါး ၉၉၅၇၄ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိစပါး ၉၉၃၂၈ ဧက စိုက်ပျိုးပြီးစီးပါပြီ။ မိုးစပါးတွေ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ မိုးစပါးစိုက်ပျိုးရာမှာအချိန်မီစိုက်ပျိုးကြဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့၊ စိုက်နည်းစနစ်တွေ မှန်ကန်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိဖို့ ကာကွယ်ရေးနည်းလမ်းတွေကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းပညာများ၊ မိုးစပါးများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားဖြစ်မျိုးများစိုက်ပျိုးကြရန် နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကောလင်းမြို့နယ်တွင် ယခုနှစ် စိုက်ပျိုးထားသော စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီးအထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှု ကင်းထောက်ခြင်း၊ မျိုးကွဲနှုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲခြင်း စသည့်နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# မြစ်သားမြို့နယ် ရှင်ငယ်ပြေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြစ်သား အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုန်းရွာကျေးရွာအုပ်စု ရှင်ငယ်ပြေးကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၇ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ် ဦးစီးမှူး ဒေါ်ကေဇင်လှိုင်းက ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အဆိုပါ စီမံကိန်းရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှု မရှိစေရေး မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများ၊ ကျေးရွာကော်မတီဝင်များက အလေးထား ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခေတ္တမြို့နယ် ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရှင်ငယ်ပြေးကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူ စုစုပေါင်း ၁၃၄ ဦးကို နဝမအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၆၂၅၀၀၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

# တောင်သာမြို့နယ် ဆီမီးကန်တောင်ကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**တောင်သာ အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် ဆီမီးကန်တောင်ကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်း၊ VDP စီမံကိန်းတာဝန်ခံများနှင့်အတူ ဆီမီးကန်တောင်ကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်ပြီးစီးပါကလည်း ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

တောင်သာမြို့နယ် ဆီမီးကန်တောင်ကုန်းကျေးရွာ၌ အရှည် ၆၂၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာလူထုထည့်ဝင်ငွေကျပ် ၅ ဒသမ ၉၇ သန်း စုစုပေါင်း ငွေကျပ် ၂၀ ဒသမ ၉၇ သန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများက စက်တင်ဘာလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပါက ဆီမီးကန်တောင်ကုန်းကျေးရွာရှိ ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ပြောပြ၍ သိရသည်။ **သက်မာ**



# စာရေးသားနည်းအဖွင့်

ချစ်နိုင်(စိတ်ပညာ)

စာရေးသားနည်းအကြောင်း တစ်ချိန်လောက်လာပြီး ဟောပြောပေးပါလို့ မိတ်ဆွေတစ်ယောက်က အကူအညီတောင်းပါတယ်။ စာရေးသူက **"စာရေးသားနည်းစာအုပ်"** ရေးခဲ့ဖူးပါတယ်။ အဲဒါက ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ကဗျာလင်္ကာ၊ စာတမ်း စတဲ့ စာအမျိုးမျိုး၊ ရသစာပေ၊ သုတစာပေရေးဖို့အတွက် အခြေခံသိသင့်သိထိုက်တာလေးတွေကို စုဆောင်းစုစည်းပေးလိုက်တဲ့သဘောပါ။

စာရေးနည်းအတတ်ပညာကို တပ်မတော်စစ်ကျောင်းကြီးတွေမှာ သေသေချာချာအလေးထားပြီး သင်ကြားပို့ချပါတယ်။ စာရေးသင်တန်း၊ အကြပ်ကြီးသင်တန်း၊ အရာခံဗိုလ်သင်တန်း၊ အရာရှိသင်တန်း စတဲ့ လေ့ကျင့်ရေးသင်တန်းအားလုံးလိုလိုမှာ စာရေးနည်းသင်ခန်းစာကို သင်ယူကြရပါတယ်။ စာရေးသူဟာ ဗိုလ်လောင်းသင်တန်း၊ ခွဲမှူးသင်တန်း၊ တပ်တွင်းပညာပေးသင်တန်း၊ ထောက်လှမ်းရေးသင်တန်း၊ ရေးထောက်သင်တန်းမှ ဥစတ၊ နကတ စတဲ့ သင်တန်း ၁၀ မျိုးလောက် တက်ခဲ့ရပါရဲ့။ သင်တန်းတိုင်းမှာ ဦးစီးတာဝန်ဘာသာရပ်ပါပါတယ်။ ဦးစီးတာဝန်စာအုပ်ထဲက အခန်း(၅) စာရေးနည်းသင်ခန်းစာဟာ သင်တန်းတိုင်းမှာ သင်ယူရပါတယ်။ စာသင်ခန်းထဲမှာ စာရေးသူ ၁၀ ကြိမ်ထက်မနည်း ဆရာအမျိုးမျိုးရဲ့ သင်ကြားပို့ချပုံ အဖိအဖော့၊ အလျှော့အတင်း၊ နည်းစနစ်၊ ဟန်ပန်အမျိုးမျိုးနဲ့ စာရေးနည်းကို သင်ကြားပို့ချခံရတာ စစ်သက်တစ်လျှောက်လုံး တပည့်ခံခဲ့ဖူးပါတယ်။

စစ်ဦးစီးတက္ကသိုလ်ကို နှစ်ကြိမ်တက်ခဲ့ရပါတယ်။ တစ်ကြိမ်က ရပ်စောက်ဗထူးမှာ ဥစတ(၄၀) ပါ။ နောက်တစ်ကြိမ်က မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ သူတို့ မလေးစစ်ဦးစီးတက္ကသိုလ်မှာပါ။ အမှတ်စဉ် (၁၄) သင်တန်း၊ ၁၉၉၂ ခုနှစ်။ ဥစတမှာ ဦးစီးတာဝန်ဟာ သင်တန်းချိန် ၁၂၀ လောက်သင်တာပါ။ သင်တန်းကာလကလည်း တစ်နှစ်နီးပါးပါ။ ဗထူး ဥစတမှာ မြန်မာလိုသင်ခဲ့ရပြီး ကွာလာလမ်ပူ မလေးစစ်ဦးစီးတက္ကသိုလ်မှာ အင်္ဂလိပ်လို စာရေးနည်းကို သင်တန်း ၁၁ လလုံးလုံး သင်ယူမှတ်သားခဲ့ရပါတယ်။ နှစ်ထပ်ရှိတော့ မှတ်မိတာပိုစွဲမြဲခဲ့တယ်။

ဥစတသင်တန်းတွေက ဆင်းရပြီး ဥစတ(ကလော)ကို နည်းပြတာဝန် ငါးနှစ်ထမ်းဆောင်ခဲ့ရပါသေးတယ်။ စစ်ဦးစီးတက္ကသိုလ်သင်တန်းအမှတ်စဉ် (၄၁) မှ (၄၅) ထိ တက်ရောက်ခဲ့ကြတဲ့ သင်တန်းသားတွေကို ကျွန်တော် ဦးစီးတာဝန်(၁၁၄) ချိန်ပို့ချ၊ သရုပ်ပြ၊ လက်တွေ့ရေးတဲ့ လေ့ကျင့်ခန်းတွေနဲ့ သင်ကြားခဲ့ရပါတယ်။ သင်တန်းတစ်ခု တစ်နှစ်နီးပါး။ တစ်နှစ်တစ်ကြိမ်ဖွင့်တော့ ငါးနှစ်ကာလမှာ သင်တန်းသားငါးသုတ်နဲ့ ထိတွေ့ခဲ့ရတာပါ။ အဲဒီပုဂ္ဂိုလ်တွေဟာ မော့ကြည့်ရင် ခေါင်းပေါင်း၊ ဦးထုပ် ကျွတ်ကျလောက်အောင် မြင့်မားတဲ့ဟိုးထိပ်ဆုံးရာထူးတာဝန်တွေထိ ရောက်ရှိသွားခဲ့ကြပြီးပါပြီ။ မိမိသင်ကြားပုံကို သူတို့တန်ဖိုးထားလေးစားကြတာ တွေ့ရပါတယ်။

တာဝန်အရ ပြန်ကြားရေးဝန်ကြီးဌာနမှာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်တာဝန်ကို ၁၁ နှစ် ထမ်းဆောင်ခဲ့ရပါတယ်။ မိမိရဲ့ဦးစီးဌာနအပြင် မြန်မာ့အသံ၊ သတင်းစာ၊ စာနယ်ဇင်း စတဲ့ အခြားဌာနနဲ့ လုပ်ငန်းတွေရဲ့ လုပ်ငန်းခွင်အရည်အသွေးမြှင့်မွမ်းမံသင်တန်းတွေမှာ မိမိက စာရေးသားနည်းဘာသာရပ်ကို တာဝန်ယူသင်ကြားရပြန်ပါတယ်။ ၁၉၉၅ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်း ဌာနတွင်း သတင်းစာပညာသင်တန်း၊ စာတည်းစာပြုသင်တန်း၊ သုတေသနသင်တန်း စသည်စသည်။

ဌာနတွင်း ဝန်ထမ်းသင်တန်းတွေသာမက မြန်မာနိုင်ငံ စာရေးဆရာအသင်းက အဲဒီတုန်းက တစ်နှစ်တစ်ကြိမ်ဖွင့်လေ့ရှိတဲ့ အခြေခံစာရေးသားနည်းဆိုတဲ့ တစ်လကြာသင်တန်းတွေကိုလည်း ၁၀ ကြိမ် ပါဝင်သင်ကြားခဲ့ရပါတယ်။ ဒါကတော့ မြန်မာနိုင်ငံ စာရေးဆရာအသင်းရဲ့ စာပေအရည်အသွေးမြှင့်တင်ရေးလုပ်ငန်းစဉ်မှာ ပါဝင်ဆောင်ရွက်ရတဲ့ အသင်းဒုတိယဥက္ကဋ္ဌရဲ့ စေတနာ့ဝန်ထမ်း(ဇော်လန်တီယာ) ထမ်းဆောင်တာပါ။ စာရေးနည်းမှာ စကားပြေ၊ ဆောင်းပါး၊ စာတမ်းရေးသားတဲ့ သင်ခန်းစာတွေပို့ချပါတယ်။

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနက ဖွင့်လှစ်ခဲ့တဲ့ တစ်နှစ်ကြာ စာပေရေးသားပြုစုတည်းဖြတ်ထုတ်လုပ်ခြင်း ဒီပလိုမာသင်တန်းကိုလည်း ခြောက်နှစ်၊ ခြောက်ကြိမ် ပါဝင်ပို့ချသင်ကြားခဲ့ဖူးပါတယ်။ ဆရာကြီး ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)၊ ဒေါက်တာထွန်းတင့်၊ ဒေါက်တာခင်သန်းဝင်း(မမိုးမြေ)၊ ပါမောက္ခ ဒေါက်တာအောင်မြင့်ဦး၊ ပါမောက္ခ ဒေါက်တာငြိမ်းငြိမ်း(ရှင်ငြိမ်းမယ်) စတဲ့ ပညာရှင် ပညာရှိဝါရင့်ပါမောက္ခတွေရဲ့ သင်ကြားပို့ချပုံတွေကိုလည်း ရန်ကုန်တက္ကသိုလ်မြန်မာစာဌာနမှာ ထိတွေ့ခွင့်ရတဲ့ ခြောက်နှစ်ကာလမှာ ပညာဆည်းပူးနိုင်ခဲ့ပါတယ်။ ဘွဲ့လွန်ဒီပလိုမာ အမှတ်စဉ် (၁) မှ (၆)ထိ ခြောက်နှစ်ပို့ချခဲ့ရတဲ့ သင်တန်းလာတက်ခဲ့ကြသူတွေဟာ စာပေလောကမှာ ဆောင်းပါးရှင်တွေ၊ အယ်ဒီတာတွေ၊ သတင်းစာဆရာတွေဖြစ်နေကြပါပြီ။

> ❖ စကားပြေ၊ ဆောင်းပါးရေးသားသူဖြစ်တဲ့အလျောက် မိမိစာရေးသက်တစ်လျှောက်မှာ သတင်းစာပညာသင်တန်း၊ အခြေခံစာရေးနည်းသင်တန်း၊ ရန်ကုန်တက္ကသိုလ် စာပေရေးသားဖန်တီးထုတ်လုပ်မှု ဒီပလိုမာတစ်နှစ်သင်တန်း၊ ဌာနတွင်းမွမ်းမံသင်တန်း စသဖြင့် မိမိသင်ကြားပို့ချဖို့ရာ တာဝန်ယူရပြီဆိုရင် သင်တန်းသားတွေကို ဘာသာရပ်သင်ခန်းစာရဲ့ မြင်ကွင်းကျယ်ကို မိတ်ဆက်ပေးတယ်။ စိတ်ဝင်စားအောင်နည်းမျိုးစုံသုံးပြီး သူတို့အသက်၊ အတွေ့အကြုံ၊ ခံယူပုံနဲ့ဆီလျော်မယ့် ဆွဲဆောင်မှုလုပ်တယ်။ ❖

သင်တန်းတွေမှာ စာပေရေးသားနည်းကို နှစ်ပေါင်းများစွာ အကြိမ်ကြိမ်ပို့ချသင်ပြခဲ့ရတော့ သင်ရန်စီမံချက်နဲ့ နည်းပြမှတ်စုလေးတွေကို စုပေါင်းပြီး **"စာပေရေးသားနည်း(၁)၊ (၂)"** နှစ်အုပ် ထုတ်ဝေနိုင်ခဲ့ပါတယ်။ အကြိမ်ကြိမ်ပုံနှိပ်နေရဆဲပါပဲ။ စာပေဝါသနာရှင်တွေက သဘောကျပုံရပါတယ်။ နှစ်အုပ်ကိုပေါင်းပြီး ပေါင်းချုပ်လုပ်တာလည်း လူကြိုက်များတယ်။ ထပ်ခါထပ်ခါရိုက်ရပါတယ်။

စိတ်ဝင်တစားကြိုးကြိုးစားစား တပည့်ဘဝမှာ သင်ယူလေ့လာခဲ့ပါတယ်။ တာဝန်အရ၊ အခြေအနေအရ စာပေသင်တန်းတွေမှာ စေတနာ့ဝန်ထမ်းစာပေရေးသားနည်းကို မျှဝေပို့ချရတဲ့အခါမှာလည်း ထိရောက်အောင် သင်ကြားပါတယ်။ အချို့ဆရာတွေက သင်ချိန် ၁၀ ချိန်ရရင် ဆရာက ၁၀ ချိန်ဟောပြောတာပဲ။ စေတနာကောင်းကြပါတယ်။ တော်တော်မောရှာတာပေါ့။

စာရေးသူကတော့ အိမ်စာများများ (အလုပ်) ပေးလေ့ရှိတဲ့ ဆရာရဲ့ဘာသာမှာ ပိုပြီးကြိုးစားရလို့ စာပိုတတ်တယ်ဆိုတာ ကျောင်းသားဘဝကတည်းက သဘောပေါက်ခဲ့လို့ မိမိသင်ကြားပို့ချရတဲ့အချိန်မှာလည်း ပို့ချ၊ သရုပ်ပြ၊ သင်တန်းသားလက်တွေ့လေ့ကျင့်ဆိုတဲ့ သုံးပိုင်းမှာ ပညာရေးစိတ်ပညာဘာသာရပ်က သုတေသနရလဒ်အရ အကောင်းဆုံးအချိုး အချိန်ခွဲဝေနည်းမျိုးဖြစ်အောင် ကြိုးစားတယ်။

| စဉ် | သင်ပြနည်း | အချိန်ခွဲဝေပုံအချိုး |
| --- | --- | --- |
| ၁။ | ပို့ချခြင်း | ၁၀ ရာခိုင်နှုန်း |
| ၂။ | သရုပ်ပြခြင်း | ၂၀ ရာခိုင်နှုန်း(ကြိုတင်ပြင်ဆင်ရမည်) |
| ၃။ | လက်တွေ့လေ့ကျင့်လုပ်ဆောင်စေခြင်း | ၇၀ ရာခိုင်နှုန်း |
| ၄။ | စုစုပေါင်း | = ၁၀၀ ရာခိုင်နှုန်း သင်ကြားချိန် |

ဒီနည်းဟာ သင်တန်းသားကို သိရုံ၊ နားလည်သဘောပေါက်ရုံသာမက လက်တွေ့ကိုယ်တိုင် အကြိမ်ကြိမ်ပါဝင်လုပ်ဆောင်ရတဲ့အတွက် ကျွမ်းကျင်တတ်မြောက်မှုကို အမှန်တကယ် ထိထိရောက်ရောက်ဖြစ်ထွန်းစေပါတယ်။ ဗိုလ်လောင်းဘဝမှာ စစ်ရေးပြ၊ လက်နက်ငယ်၊ စစ်နည်းဗျူဟာ ခံစစ်၊ ခွာစစ်၊ ချီစစ်၊ တိုက်စစ်တွေအပြင် ညတိုက်ပွဲ၊ တောတွင်းတိုက်ပွဲ၊ တောင်ပေါ်တိုက်ပွဲ၊ ကွန်မန်ဒိုတိုက်နည်း၊ ချုံခိုတိုက်နည်း စတဲ့စစ်ပညာကို အချိန်တိုကိုးလအတွင်း သင်ယူရာမှာ ဗိုလ်လောင်းတွေကိုယ်တိုင် လက်တွေ့ကွင်းဆင်းသရုပ်ပြကြည့်ပြီး ကိုယ်တိုင် စစ်မြေပြင်လိုလေ့ကျင့်လုပ်ဆောင်ရတာကြောင့် ထိုက်သင့်သလောက် တတ်မြောက်ပါတယ်။ ရဲဘော်သုံးကျိပ်ဂျပန်မှာ သင်ခဲ့ကြတာလည်း အချိန်ကိုးလပဲသင်တာပါပဲ။ ရဲဘော်မှ အကြပ်၊ အကြပ်မှ အရာရှိရွေးချယ်ပြီး မင်္ဂလာဒုံဗိုလ်သင်တန်းကျောင်း (အခု တပ်မတော်ဆေးရုံ၊ အရိုးအထူးကု)မှာ ဗိုလ်လောင်းသင်တန်း ခြောက်လ၊ ကိုးလ သင်ပေးခံရသူတွေဟာ ဝန်ကြီး ဗိုလ်ချုပ် တင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ် သန်းတင်၊ ဝန်ကြီး ဗိုလ်ချုပ် လှထွန်း၊ ဝန်ကြီး ဗိုလ်မှူးကြီး စိန်ထွန်း၊ ဝန်ကြီး ဗိုလ်မှူးကြီး သူရအောင်ဖေ စတဲ့ အသက် ၂၀ ဝန်းကျင်လူငယ်လေးတွေ လေ့ကျင့်ရင်းစစ်တိုက်၊ စစ်တိုက်ရင်း စစ်သင်တန်းအဆင့်ဆင့်မွမ်းမံသင်တန်းတွေတက်ပြီး တပ်မမှူး၊ တိုင်းမှူးတာဝန်ထမ်းဆောင်နိုင်သွားကြတာ မဟုတ်လား။

**စစ်ဆင်ရေးအတွက် လေ့ကျင့်ရေးမပြတ်လုပ်ရ။**

**လေ့ကျင့်ရေးက စစ်ဆင်ရေးနဲ့ဆီလျော်ကိုက်ညီရ။**

စစ်ဆင်ရေးမှာအောင်မြင်ရင် လေ့ကျင့်ရေးကောင်းခဲ့လို့ပဲ။ လေ့ကျင့်ရေးမကောင်းတဲ့ တပ်ရင်းတပ်ဖွဲ့၊ လေ့ကျင့်ရေးညံ့ခဲ့တဲ့ သင်တန်းအပတ်စဉ်ဆိုရင် စစ်မြေပြင်မှာ မှတ်ကျောက်တင်လိုက်တဲ့အခါ အောင်ပွဲရတာ နည်းတာသိသာတယ်။ သင်တန်းမာလေ၊ တပ်ဟာ မာလေလေ၊ စစ်ဆင်ရေးအောင်ပွဲခံရတာ သိသိသာသာ များများရရှိလေပဲမဟုတ်လား။

အရည်အသွေးမြှင့်တင်ရာမှာ တပ်စု၊ တပ်ခွဲ၊ တပ်ရင်း၊ သင်တန်းအမျိုးမျိုးဟာ ခေတ်မီပညာရေးနည်းစနစ်တွေနဲ့ ကိုက်ညီစေရပါမယ်။ အဓိကကတော့ တရုတ်၊ အိန္ဒိယနဲ့ ရုရှား စတဲ့နိုင်ငံတွေကို အရာရှိအဆင့်ဆင့်၊ သင်တန်းအမျိုးမျိုး ထောင်နဲ့ချီပြီး နိုင်ငံခြားသင်တန်းတွေ စေလွှတ်နေပါတယ်။ လေ့ကျင့်ရေးကို အဲဒီလို ဦးစားပေးအလေးထားခဲ့လို့ ကြည်း၊ ရေ၊ လေ ပူးပေါင်းစစ်ရေးလေ့ကျင့်မှုတွေ ပိုလုပ်ကြရတယ်။ တိုက်ရည်ခိုက်ရည်စွမ်းရည်တွေ တိုးတက်ကောင်းမွန်လာခဲ့တယ်။ လေ့ကျင့်ရေးကတော့ အသက်သွေးကြောပါပဲ။

စကားပြေ၊ ဆောင်းပါးရေးသားသူဖြစ်တဲ့အလျောက် မိမိစာရေးသက်တစ်လျှောက်မှာ သတင်းစာပညာသင်တန်း၊ အခြေခံစာရေးနည်းသင်တန်း၊ ရန်ကုန်တက္ကသိုလ် စာပေရေးသားဖန်တီးထုတ်လုပ်မှု ဒီပလိုမာတစ်နှစ်သင်တန်း၊ ဌာနတွင်းမွမ်းမံသင်တန်း စသဖြင့် မိမိသင်ကြားပို့ချဖို့ရာ တာဝန်ယူရပြီဆိုရင် သင်တန်းသားတွေကို ဘာသာရပ်သင်ခန်းစာရဲ့ မြင်ကွင်းကျယ်ကို မိတ်ဆက်ပေးတယ်။ စိတ်ဝင်စားအောင် နည်းမျိုးစုံသုံးပြီး သူတို့အသက်၊ အတွေ့အကြုံ၊ ခံယူပုံနဲ့ဆီလျော်မယ့် ဆွဲဆောင်မှုလုပ်တယ်။ ဒါတွေသိရင် ဘာတွေအကျိုးကျေးဇူးရရှိမှာလဲ။ အသိပေးရတယ်။

ကာကွယ်ရေးဝန်ကြီးဌာန ဦးစီးတာဝန် (၁၉၈၄ ခုနှစ်)၊ ပြည်ထဲရေးဝန်ကြီးဌာန ဦးစီးတာဝန် (၁၉၉၇ ခုနှစ်) အစရှိတဲ့ စာအုပ်စာစောင် တရားဝင်ပြဋ္ဌာန်းချက်တွေနဲ့ မနီးလွန်းမဝေးလွန်းစေဘဲ အခန်း(၅) ရုံးစာရေးနည်းသင်ခန်းစာမှ (၁) စာတမ်း၊ (၂) အတိုချုံးရေးစာ၊ (၃) အကျဉ်းချုပ်စာ၊ (၄) စာပေးစာယူ၊ (၅) အမိန့်နဲ့ညွှန်ကြားချက်၊ (၆) အစည်းအဝေးမှတ်တမ်း၊ (၇) ခရီးသွားမှတ်တမ်း၊ (၈) လုပ်ငန်းမှတ်တမ်း၊ (၉) လုပ်ငန်းသုံးသပ်ချက် စတဲ့နည်းစနစ်တွေကို ကိုးကားပို့ချရပါတယ်။

**အတိုချုံးရေးစာနဲ့ အကျဉ်းချုပ်စာ မတူဘူးလား။**

တူတာလည်းရှိ၊ မတူတဲ့အချက်လည်းရှိတယ်။

**အမိန့်နဲ့ ညွှန်ကြားချက်က မတူဘူးလား။**

မတူပါဘူး။ တူတာလေးတွေလည်း ပါပါတယ်။

ပညာဆိုတဲ့သဘောက အရာရာကို တိတိကျကျ ဝယနဏ သဲသဲကွဲကွဲ ဝေဖန်ဆုံးဖြတ်နိုင်စွမ်းရှိတာပါ။ လွယ်မယောင်ယောင်နဲ့ ခက်ခဲပါတယ်။

တိမ်မယောင်နဲ့ နက်နဲပါတယ်။

ရေးသမျှ စာအမျိုးမျိုးအစားစားစကားပြေရေးသားရာမှာ ကျင့်ဝတ်ကျင့်ထုံးတွေလည်း ရှိပြီးသားပါ။ အဘိဓာန်၊ သဒ္ဒါ၊ ဆန်း၊ အလင်္ကာတွေနဲ့ သူ့အရွယ်၊ သူ့အဆင့်နဲ့ လျော်ညီအောင် မိတ်ဆက်ပေးရပါတယ်။

အခြေခံယေဘုယျသဘောကတော့ ဆောင်ရွက်စဉ် (Procedure) အောက်ပါကိုးချက်ကတော့ မသိမဖြစ် သိရမယ်၊ လိုက်နာကျင့်သုံးရင် အဆင်ပြေမယ်။

၁။ **လေ့လာကြံဆ။** (ရည်ရွယ်ချက်၊ ပစ်မှတ်ပရိသတ်၊ ဘာကြောင့်၊ ဘယ်လို စသဖြင့်)

၂။ **မှတ်သမျှပြန်စဉ်။** ဦးစားပေး ရှေ့နောက်ဇာတ်ညွှန်းခွဲပြီး စနစ်တကျစီစဉ်။

၃။ **မဆိုင်လျှင်ပယ်ပစ်။** တည်းဖြတ်၊ ပြုပြင်၊ သနပ်ခါးလိမ်း၊ ပန်းပန်။

၄။ **တစ်ထက်မပို။** တစ်ကြောင်း၊ တစ်ပိုဒ်၊ တစ်ပုဒ်၊ တစ်အုပ်လုံးဟာ ကျစ်လျစ်သိပ်သည်းရမယ်။ စုစည်းညီညွတ်ပါစေ။

၅။ **ဝါကျတို။** ရေးဟန်ရှင်းလင်းပြေပြစ်ပါစေ။

၆။ **ခေါင်းစဉ်ကိုမကျော်ငြား။** အချက်အလက်ဘေးမထွက်ရ။

၇။ **ဗန်းစကားမသုံး။** တိကျထိရောက်တဲ့ စကားလုံးသုံး။

၈။ **နိဂုံးမှာမသစ်။** နိဂုံးမှာ အကြောင်းအရာသစ်မထည့်ရ၊

၉။ **ပြီးလျှင်စစ်ပါ။** အသံထွက်ဖတ်၊ လက်ထောက်စစ်ပါ၊ နှစ်ခေါက်၊ သုံးခေါက် စစ်ဆေးပါ။

ဒါဟာ အခြေခံကျတဲ့ ရုံးစာရေးသားနည်း၊ လက်လှမ်းမီသလောက် ဗြိတိသျှကြည်းတပ်က (၁၉၃၄ ခုနှစ်ထုတ်ဝေ) STAFF DUTY ဦးစီးတာဝန်၊ စာရေးရာလိုက်နာရမယ့် စာအုပ်ပါအချက်တွေမို့ နှစ်ပေါင်း ၉၀ ကြာခဲ့ပြီဆိုပေမယ့်လည်း မရိုးပါဘူး။ မဟောင်းပါဘူး။ လိုက်နာကျင့်သုံးစရာ ကောင်းနေဆဲပါပဲ။ ကိုယ်ပိုင်ဉာဏ်နဲ့ သုံးသပ်ကြည့်ပေါ့။

မိမိရဲ့ကျေးဇူးရှင် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေဆီက မိမိဆည်းပူးမှတ်သားခဲ့တဲ့ အနှစ်သာရနဲ့ နိဂုံးချုပ်မယ်နော်။ ကျက်ထားရင် မမှားပါဘူး။

**"လေ့လာကြံဆ၊ မှတ်သမျှပြန်စဉ်**

**မဆိုင်လျှင် ပယ်ပစ်**


**တစ်ထက်မပို၊ ဝါကျတို**

**ခေါင်းစဉ်ကို မကျော်ငြား၊ ဗန်းစကားမသုံး**

**နိဂုံးမှာ မသစ်၊ ပြီးလျှင်စစ်ပါ ကောင်းသောစာ"။**

ဆရာလုပ်တာမဟုတ်ပါ။ ချစ်လို့ပြောတာမှတ်ပါ။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။ ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ဘိုကလေးမြို့နယ်မှ ရန်ကုန်မြို့သို့ ပြီးခဲ့သည့်စက်တင်ဘာလအတွင်းက စိုက်ပျိုးရေးကောက်ရိုးမှို ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**ဘိုကလေး အောက်တိုဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်မြို့သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက စိုက်ပျိုးရေးကောက်ရိုးမှို ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဘိုကလေးမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပိုင်ရှင် ဒေါ်မြတ်မွန်က ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်မြို့သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်းက စိုက်ပျိုးရေးကောက်ရိုးမှို ပိဿာချိန် ၄၂၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်ထိ တစ်လတာကာလအတွင်း စိုက်ပျိုးရေးကောက်ရိုးမှို ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"လက်ရှိလဲ ကုန်ပစ္စည်းအမှာတော်တော်များများ ရှိနေတယ်။ ရက်ပတ်နဲ့ တင်ပို့ရောင်းချနေရပါတယ်။ စိုက်ပျိုးသူနည်းလာတာကြောင့် အခု ပွဲရုံကို စိုက်ပျိုးရေးကောက်ရိုးမှိုတွေ အဝင်နည်းနေပါတယ်။ စိုက်ပျိုးရေးကောက်ရိုးမှိုက အပွင့်က ဈေးအရနည်းတယ်။ အဖူးက ဈေးပိုရပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း မှိုပိဿာချိန် ၇၇၀၀၀ ထိ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပြည်တွင်းစားသောက်ဆိုင်တွေ၊ ဟိုတယ်တွေက အသုံးပြုတာများလာလို့ ဝယ်လိုအားလဲ တက်လာနေတာဖြစ်ပါတယ်။ မှိုတွေကို ရန်ကုန်က အများဆုံးမှာယူနေပါတယ်"ဟု ဘိုကလေးမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပိုင်ရှင် ဒေါ်မြတ်မွန်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ထွက်ရှိသည့် စိုက်ပျိုးရေးကောက်ရိုးမှိုများကို ရန်ကုန်မြို့သို့ အများဆုံးတင်ပို့ရောင်းချလျက်ရှိပြီး မှိုများကို ဒေသခံ စိုက်ပျိုးရေးလုပ်ငန်းရှင် တစ်ဦးလျှင် အရှည်ပေ ၃၀ ရှိ ပေါင် ၁၀ ပေါင်မှ ပေါင် ၂၀ ထိစိုက်ပျိုးကြကြောင်း၊ အဆိုပါ စိုက်ပျိုးရေးကောက်ရိုးမှို တစ်ပိဿာလျှင် ငွေကျပ် ၉၀၀၀ ထိ ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း၊**



# ကျွန်းလှမြို့နယ် ရွာသီ(ရှေ့)ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ကျွန်းလှ အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွန်းလှမြို့နယ် ရွာသီကျေးရွာအုပ်စု ရွာသီ(ရှေ့)ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျွန်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိဏ်းမောင်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကျွန်းလှမြို့နယ် ရွာသီကျေးရွာအုပ်စု ရွာသီ(ရှေ့)ကျေးရွာ၌ ရေသန့်စင်စက် (250LPH) တည်ဆောက်ခြင်းနှင့် အလျား ငါးပေ သုံးလက်မ၊ အနံ လေးပေ ခြောက်လက်မနှင့် အမြင့် ၁၅ ပေရှိ ကျေးရွာတွင်း တံတားတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်း၊ လုပ်ငန်းအားလုံးပြီးစီးပါက ကျွန်းလှမြို့နယ် ရွာသီကျေးရွာအုပ်စု ရွာသီ(ရှေ့) ကျေးရွာမှ အိမ်ခြေ ၅၂ အိမ်၊ လူဦးရေ ၂၃၅ ဦး၏ သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် လမ်းပန်းဆက်သွယ်ရေးအတွက် များစွာအကျိုးပြုနိုင်တော့မည်ဖြစ်ကြောင်း ကျွန်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိဏ်းမောင်ထံမှ သိရသည်။

**မင်းမြင့်မိုရ်**

## စည်းလုံးကြပါအနုပညာဖြင့်

\- ကြေးကြိုးသားရေ လေလက်ခုပ်ဟု
သရုပ်အမှန် မြန်မာ့ဟန်ကို
ဌာန်မာန်အပြည့် တိတိကျကျ
လှပကြော့ရှင်း အဆင်းတင့်တယ်
ရင်ဝယ်သိမ်းပိုက် စရိုက်မညှိုး
ဂုဏ်ရည်တိုးအောင် တစ်မျိုးဖော်ထုတ်
ပြသရုပ်နှင့် စိုက်ထုတ်လှံ့လ
ပြုခဲ့ကြသည် မြန်မာ့ရိုးရာအနုပညာ။

\- ဆိုဟန်စည်းဝါး ခေါင်းခါးလက်ခြေ
ညီညွတ်စေလျက် ဤလေးချက်ဖြင့်
ကကွက်ကဟန် သရုပ်မှန်ကို
ထုတ်ပြန်ဖော်ကျူး တို့ကြည်နူးကြ
ဆို က ရေး တီး ဤခရီးဝယ်
ပေါင်းစည်းညီထား တိုင်းရင်းဖွားတို့
မိသားစုစိတ် ပြည့်သိပ်မပြတ်
ရစ်ပတ်နှလုံး မေတ္တာဖုံး၍
သီကုံးတေးသံ ဘဝင်လျှံစေ
မျှဝေခံစား ညီညွတ်အားကို
စံထားဖော်ထုတ်ကြပါစို့။

\- ဂီတပညာ လေ့လာလိုက်စား
စိတ်ခွန်အားဖြင့် တိုင်းကားပြည်ရွာ
စည်ပင်သာအောင် ညီညာစည်းလုံးကြပါစို့။

**ဘိုမျိုး(ရွှေဘို)**

# မင်းဘူးမြို့နယ် သံပုရာကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး အောက်တိုဘာ ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ သံပုရာကိုင်းကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုကိုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၆၉ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သံပုရာကိုင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦးကို ငွေကျပ် ၂၄၄ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၃ ဦးကို ငွေကျပ် ၃၂၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၆၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုကိုထံမှ သိရသည်။

**စင်မာ**

ဖတ်စရာမှတ်စရာ နိုင်ငံတကာဆောင်းပါး

# အစ္စရေးနဲ့ပါလက်စတိုင်းတို့ကြား ဘယ်တော့များမှ ငြိမ်းချမ်းရေးရပါ့မလဲ

ထက်မြတ်



ကမ္ဘာပေါ်မှာရှိတဲ့သူတွေထဲက ကမ္ဘာ့ရန်ဘက်များအဖြစ်သတ်မှတ်ခံထားရသူတွေကိုပြပါဆိုရင် အစ္စရေးနဲ့အာရပ်တို့ကိုသာ လက်ညှိုးထိုးပြရပါလိမ့်မယ်။ အစ္စရေးနဲ့အာရပ်လို့ဆိုရာမှာလည်း အစ္စရေးနဲ့ပါလက်စတိုင်းတို့ကြားက ပဋိပက္ခကသာ အပြင်းထန်ဆုံးဖြစ်မှာပါ။

အခုဆိုရင် အောက်တိုဘာလ ၇ ရက် နံနက်ပိုင်းမှာ ပါလက်စတိုင်းတို့ဘက်က အစ္စရေးထဲကို ဒုံးကျည်အစင်းပေါင်း ၅၀၀၀ ကျော်ပစ်လွှတ်ပြီး ရုတ်ခြည်းတိုက်စစ်ကိုဖွင့်လိုက်ပါတယ်။

ဒါ့အပြင် ပါလက်စတိုင်းတို့က အစ္စရေးနိုင်ငံတောင်ပိုင်း နယ်မြေထဲကိုကျူးကျော်ဝင်ရောက်ပြီး အစ္စရေးရဲ့နယ်စပ်စစ်စခန်းတွေကို ဝင်တိုက်ကာ စစ်သည်များနဲ့အရပ်သားတချို့ကို ဓားစာခံအနေနဲ့ ဖမ်းခေါ်သွားခဲ့ပါတယ်။

အစ္စရေးဆိုတာကလည်း ဘယ်တုန်းကမှ သေးသေးတင်မခံခဲ့တဲ့သူဖြစ်လေတော့ အချိန်တိုအတွင်းမှာပဲ လက်တုံ့ပြန်တိုက်ခိုက်မှုတွေလုပ်လာခဲ့ပါတယ်။

အခုနောက်ဆုံးရသတင်းတွေအရဆိုရင် အစ္စရေးလေတပ်က ပါလက်စတိုင်းတို့ဘက်က ဟားမတ်စ်သွေးကြွတွေရဲ့ ထောက်လှမ်းရေးအကြီးအကဲရုံးကို ဗုံးကြဲတိုက်ခိုက်မှုတွေလုပ်လိုက်တယ်လို့သိရပါတယ်။

လက်ရှိအခြေအနေအထိ ဒီတိုက်ခိုက်မှုထဲမှာ သေဆုံးသူအရေအတွက်က အစ္စရေးဘက်ကဆိုရင် အယောက် ၃၀၀ ကျော်၊ ဟားမတ်တို့ဘက်ကလည်း အယောက် ၃၀၀ ကျော်နဲ့ နှစ်ဖက်ဒဏ်ရာရရှိသူအရေအတွက်ကတော့ ၄၀၀၀ ဝန်းကျင်ရှိပါတယ်။

ဒီအချိန်မှာ လက်ဘနွန်ထဲမှာရှိတဲ့ ဟစ်ဇဘိုလာစစ်သွေးကြွတို့ကလည်း အစ္စရေးတို့သိမ်းပိုက်ထားတဲ့ ဂိုလန်ကုန်းမြင့်ဒေသနဲ့ လက်ဘနွန်-ဆီးရီးယားနယ်စပ်ကြားကနယ်မြေကို အောက်တိုဘာလ ၈ ရက်မှာ ဗုံးကြဲတိုက်ခိုက်မှုတွေလုပ်လာပြန်ပါတယ်။

အဲဒီတိုက်ခိုက်မှုဟာ ဟစ်ဇဘိုလာတို့အနေနဲ့ ဟားမတ်တို့ရဲ့တိုက်ခိုက်မှုကိုထောက်ခံပြီး သူတို့နဲ့တစ်သားတည်းရှိတယ်ဆိုတဲ့အချက်ကို ထုတ်ပြသွားတာပါ။ ဒါပေမဲ့လည်း ဒီလိုတိုက်ခိုက်မှုလုပ်ဖို့အတွက် ကြိုတင်ညှိနှိုင်းထားပြီးဖြစ်လောက်ပါတယ်။

အစ္စရေးတို့ဘက်ကလည်း အဲဒီတိုက်ခိုက်မှုကို လက်တုံ့ပြန်တိုက်ခိုက်ခဲ့ပါတယ်။ လက်နက်ကြီးတွေ၊ ဒရုန်းတွေအသုံးပြုပြီး ဟစ်ဇဘိုလာတို့ဘက်ကို တိုက်ခိုက်ခဲ့တာပါ။

အဲဒီနောက်မှာတော့ ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အဘတ်က ပါလက်စတိုင်း ပြည်သူများရဲ့အသက်အိုးအိမ်ကိုကာကွယ်ဖို့အတွက် အလေးပေးပြောသွားတဲ့အရေးပေါ် အစည်းအဝေးကျင်းပခဲ့ပါတယ်။

တစ်ဖက်မှာလည်း အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟုက အစ္စရေးနိုင်ငံကစစ်ဖြစ်နေပြီဖြစ်ကြောင်းနဲ့ အရန်အင်အားစုများအားလုံး စစ်ဘက်တာဝန်များကိုပြန်လည်ထမ်းဆောင်ကြဖို့ တိုက်တွန်းလိုက်ပါတယ်။

ဟားမတ်တို့ဘက်က အစ္စရေးတောင်ပိုင်းကိုဝင်ရောက်တိုက်ခိုက်ရာမှာ အစ္စရေးစစ်သည်နဲ့အရပ်သားစုစုပေါင်း အယောက် ၁၀၀ ဝန်းကျင်ကို ဓားစာခံအဖြစ်ဖမ်းခေါ်သွားတယ်လို့သိရပါတယ်။ အရာရှိကြီးတချို့လည်းပါတယ်လို့ဆိုကြပါတယ်။ ဒါဟာ အစ္စရေးအတွက်တော့ တကယ့်ကိုစိန်ခေါ်မှုကြီးတစ်ခုပါပဲ။

အစ္စရေးဘက်က ဟားမတ်တို့အပေါ် တုံ့ပြန်မှုမှာတော့ ဗုံးကြဲတိုက်ခိုက်မှုအမြောက်အများကိုပြုလုပ်ခဲ့ပြီး ဒီတိုက်ခိုက်မှုတွေကြောင့် ပါလက်စတိုင်းဘက်က နေအိမ်များ၊ အဆောက်အဦများ ရာနဲ့ချီပျက်စီးဆုံးရှုံးသွားတာတွေ့ရပါတယ်။

ဒါ့အပြင် ပါလက်စတိုင်းတို့အတွက် လိုအပ်တဲ့လျှပ်စစ်မီးကို အစ္စရေးကထောက်ပံ့ပေးထားတာဖြစ်တာကြောင့် အခုလိုစစ်ဖြစ်ချိန်မှာ အစ္စရေးတို့က ပါလက်စတိုင်းဘက်ကို လျှပ်စစ်မီးဖြတ်လိုက်ပါတယ်။

အခုတိုက်ခိုက်မှုဟာ ၂၀၂၁ ခုနှစ် မေလနောက်ပိုင်း အစ္စရေးနဲ့ဟားမတ်တို့ကြား အကြီးကျယ်ဆုံးတိုက်ခိုက်မှုဖြစ်သလို လူသေဆုံးမှုအများဆုံးသော တိုက်ခိုက်မှုလည်းဖြစ်ပါတယ်။

၂၀၂၁ ခုနှစ် မေလတုန်းက နှစ်ဖက်အဖွဲ့တွေကြား တိုက်ပွဲဖြစ်ပွားမှုက ၁၁ ရက်ကြာမြင့်ခဲ့တာပါ။ ဒါပေမဲ့ လူသေဆုံးမှုအနေနဲ့ ဂါဇာကမ်းမြောင်ဒေသက ၂၅၆ ဦးနဲ့ အစ္စရေးဘက်က ၁၃ ဦးသာရှိခဲ့တာဖြစ်ပါတယ်။ အခုတော့ နှစ်ဖက်လူသေဆုံးမှုက ပထမရက်မှာတင် အယောက် ၆၀၀ ကျော်ရှိသွားပါပြီ။

ဟားမတ်တို့အနေနဲ့ အခုလိုမျိုးတိုက်ခိုက်မှုတွေလုပ်နိုင်တာဟာ တော်ရုံတန်ရုံကြိုတင်ပြင်ဆင်မှုနဲ့တော့ လုပ်ဟန်မတူပါဘူး။ နောက်ကွယ်မှာ တခြားအင်အားကြီးထောက်ပံ့မှုတွေလည်းရှိနေနိုင်ပါတယ်။

ဘာကြောင့်လဲဆိုရင် ပထမဆုံးတိုက်ခိုက်မှုမှာတွင် ဒုံးကျည်အစင်းပေါင်း ၅၀၀၀ ကျော်ကိုအသုံးပြုလိုက်တာပါ။ အစ္စရေးဘက်ကတော့ ဟားမတ်တို့အသုံးပြုတာ ဒုံးကျည်အစင်းပေါင်း ၃၀၀၀ ကျော်လို့ပြောပါတယ်။

မည်သို့ပင်ဆိုစေကာမူ ကနဦးတိုက်ခိုက်မှုမှာတင် ဒုံးကျည်အစင်းရေ ထောင်ချီအသုံးပြုနိုင်တယ်ဆိုတာက နည်းနည်းတော့ဖြုံလောက်ပါပေတယ်။

၂၀၂၁ ခုနှစ်တုန်းက အစ္စရေးရဲ့သံကွန်ချာအမည်ရှိ ဒုံးကျည်ကာကွယ်ရေးစနစ်က ကောင်းကောင်းကြီးအလုပ်လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ အခုတော့ဘာကြောင့်အလုပ်မဖြစ်တော့တာလဲဆိုတာကလည်း စဉ်းစားစရာပါ။

ဖြစ်နိုင်စရာရှိတဲ့ အကြောင်းရင်းတစ်ခုကတော့ အစ္စရေးတို့ရဲ့ အားလပ်ရက်နဲ့တိုက်ဆိုင်နေတာပါပဲ။ နောက်တစ်ခုက ၁၉၇၃ ခုနှစ် အောက်တိုဘာလ ၆ ရက်မှာ အစ္စရေးနဲ့အာရပ်အဖွဲ့တို့ကြားဖြစ်ပွားတဲ့ ယွန်ကစ်ပါစစ်ပွဲစတင်မှု နှစ် ၅၀ ပြည့်ပြီး နောက်တစ်နေ့မှာ အခုစစ်ပွဲဖြစ်ပွားတာကိုတွေ့ရပါတယ်။

ဒီနေရာမှာ ပထဝီနိုင်ငံရေးအခြေအနေကိုသုံးသပ်ကြည့်ရင် အစ္စရေးမှာကျောထောက်နောက်ခံအနေနဲ့ အမေရိကန်ရှိသလို အစ္စရေးနိုင်ငံကိုယ်၌လည်း ကြံ့ခိုင်မှုရှိအောင်တည်ဆောက်ထားတာပါ။ တစ်ချိန်တုန်းကဆိုရင် အစ္စရေးရဲ့မော့ဆက်ဆိုတာ ကမ္ဘာမှာနာမည်ကြီးထောက်လှမ်းရေးအဖွဲ့ပါ။

တစ်ဖက်မှာပြန်ကြည့်ရင် ပါလက်စတိုင်းဆိုတာ အာရပ်ကမ္ဘာမှာ ပါဝင်တဲ့ဒေသတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် အာရပ်နိုင်ငံတွေအားလုံးရဲ့ထောက်ခံမှုကိုရရှိထားပါတယ်။ ဆိုရင် အစ္စရေးဟာ အာရပ်တွေကြားမှာရောက်နေတာဖြစ်ပေမယ့် သူ့ကိုယ်သူသန်မာအောင်တည်ဆောက်ပြီး ဟိုကတစ်ချက်ဆိုရင် သူကဆယ်ချက်လောက် လက်တုံ့ပြန်နိုင်တဲ့အနေအထားဖြစ်ပါတယ်။

လက်ရှိနိုင်ငံရေးအခြေအနေတွေအရကြည့်ရင်လည်း အာရပ်နိုင်ငံတော်တော်များများက အစ္စရေးနဲ့သင့်မြတ်ရေးလမ်းကြောင်းကို ဦးတည်လျှောက်လှမ်းနေကြတာပါ။ အဲဒီထဲမှာ တစ်ချိန်ကအစ္စရေးနဲ့စစ်ဖြစ်ရာမှာ ဦးဆောင်ပါဝင်ခဲ့တဲ့ အီဂျစ်အပါအဝင် ဂျော်ဒန်၊ ယူအေအီး၊ ဘာရိန်း၊ ဆူဒန်နဲ့မော်ရိုကိုနိုင်ငံတို့ပါဝင်ပါတယ်။ ဆော်ဒီနဲ့အစ္စရေးဆိုရင်လည်း ငြိမ်းချမ်းရေးသဘောတူညီချက်ရလုနီးပါးဖြစ်ပါတယ်။

ဒါပေမဲ့ ဒီအခြေအနေတွေကို မနှစ်မြို့နိုင်တာက ဟားမတ်အဖွဲ့ပါ။ ဟားမတ်အဖွဲ့ဆိုတာ ပါလက်စတိုင်းတို့အတွက် တပ်မတော်တစ်ရပ်သဖွယ်ဖြစ်နေပါတယ်။ ဒါကြောင့် ဟားမတ်တို့ရဲ့တိုက်ခိုက်မှုက ပါလက်စတိုင်းရဲ့တိုက်ခိုက်မှုလို့လည်းပြောနိုင်ပါတယ်။

ဒီတိုက်ခိုက်မှုဖြစ်ပွားချိန်မှာ ကမ္ဘာ့နိုင်ငံတွေရဲ့တုံ့ပြန်မှုကိုလည်း နည်းနည်းတော့လေ့လာကြည့်သင့်ပါတယ်။ သမ္မတဂျိုးဘိုင်ဒင်ရဲ့ အမေရိကန်အစိုးရကတော့ အစ္စရေးကိုအစွမ်းကုန်ကူညီသွားမယ်လို့ပြောထားတာကိုတွေ့ရပါတယ်။ ဒါကတော့ ဘယ်မှာပဲစစ်ဖြစ်ဖြစ် အမေရိကန်တို့က လက်နက်ရောင်းရဖို့သာအဓိကမဟုတ်လား။

ရုရှားအစိုးရကတော့ နှစ်ဖက်အဖွဲ့တွေအနေနဲ့ ထိန်းထိန်းသိမ်းသိမ်းညှိညှိနှိုင်းနှိုင်းလုပ်ကြဖို့ တိုက်တွန်းထားသလို အစ္စရေးနဲ့ပါလက်စတိုင်းစစ်သွေးကြွအဖွဲ့တို့ကြား ငြိမ်းချမ်းရေးရရှိအောင် နှစ်ပေါင်းများစွာကြားဝင်စေ့စပ်ပေးနေတဲ့ အီဂျစ်အစိုးရကတော့ ဒေသအတွင်းငြိမ်းချမ်းရေးအမြန်ဆုံးရရှိရေးအတွက် ပြင်သစ်အစိုးရနဲ့ဆွေးနွေးမှုတွေလုပ်ဆောင်ပါတယ်။

လက်ရှိအခြေအနေနဲ့ပတ်သက်ပြီး ဘာတွေဖြစ်လာနိုင်မလဲဆိုတာကတော့ ဘယ်သူမှမသိနိုင်သေးပါဘူး။ ဒါပေမဲ့ အခုဖြစ်ပွားတဲ့စစ်ပွဲဟာ လွယ်လွယ်နဲ့အဆုံးသတ်သွားမှာမဟုတ်ဘူးဆိုတာတော့ အသေအချာပါပဲ။

အပေါ်မှာပြောခဲ့သလိုပဲ အခုလိုစစ်ဖြစ်ရခြင်း၊ ဟားမတ်တို့ဘက်က ဒုံးကျည်ထောင်ချီအသုံးပြုနိုင်ခြင်း၊ ဒီလိုတိုက်ခိုက်မယ်ဆိုတာကို နာမည်ကျော်ထောက်လှမ်းရေးအဖွဲ့ကသတင်းမရခြင်း အစရှိတဲ့အခြေအနေတွေရဲ့နောက်ကွယ်မှာ တခြားအင်အားကြီးပါဝင်ပတ်သက်မှုတွေရှိနေနိုင်မှာကတော့ မလွဲဧကန်ဖြစ်ပါတယ်။

နောက်တစ်ချက်က အစ္စရေး-ဟားမတ်စစ်ပွဲဆိုတာ အမေရိကန်နဲ့အီရန်တို့ကြားက ဒါမှမဟုတ် အမေရိကန်နဲ့တခြားတတိယနိုင်ငံတို့ကြားက ကိုယ်စားစစ်ပွဲလည်းဖြစ်နေနိုင်ပါတယ်။ ယူကရိန်းစစ်ပွဲက အမေရိကန်ဦးဆောင်တဲ့ အနောက်အုပ်စုနဲ့ ရုရှားတို့ကြားက ကိုယ်စားစစ်ပွဲဖြစ်သလိုပေါ့။

ဘာကြောင့်လဲဆိုရင် ဘယ်သူကမှတော့စစ်ကိုမဖြစ်ချင်ကြပါဘူး။ ဒါဟာမှန်သောစကားပါ။ ဒါပေမဲ့ စစ်ပွဲမှစစ်ပွဲဖြစ်ချင်နေသူတွေကလည်း သက်သက်ကိုရှိနေပါတယ်။ ဘယ်လိုလူတွေလဲဆိုရင် ဒီစစ်ပွဲကနေအကျိုးအမြတ်ရရှိမယ့်သူတွေပါ။

ဒါကြောင့် အစ္စရေးနဲ့ပါလက်စတိုင်းတို့ကြားမှာ ဘယ်အချိန်မှ ငြိမ်းချမ်းရေးရမှာလဲဆိုတဲ့မေးခွန်းအတွက်ကတော့ ကျွန်တော့်မှာအဖြေမရှိပါဘူး။ သေချာတဲ့တစ်ချက်က နောင်အနှစ် ၂၀ ကြာတဲ့အထိ တစ်နည်းအားဖြင့် မျိုးဆက်တစ်ဆက်စာကာလအထိ နှစ်ဖက်ငြိမ်းချမ်းရေးရဖို့မဖြစ်နိုင်ဘူးဆိုတာပါပဲ။

***Ref: China Daily, Sputnik***

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ရုရှားက S-400 လေယာဉ်ပစ်စနစ်အတွက် မြေပြင်တိုက်ခိုက်ရေး အထူးပြုဒုံးကျည်အမျိုးအစား တီထွင်နေ



ရုရှားနိုင်ငံသည် S-400 လေယာဉ်ပစ်စနစ်အတွက် မြေပြင်တိုက်ခိုက်ရေး အထူးပြုဒုံးကျည်အမျိုးအစားကို တီထွင်ထုတ်လုပ်နေကြောင်း အောက်တိုဘာ ၂ ရက်တွင် ရုရှားနိုင်ငံပိုင် ရုပ်မြင်သံကြားက ထုတ်ပြန်သည့် ဗီဒီယိုဖိုင်တစ်ခုအရ သိရသည်။

ဒုံးကျည်အမျိုးအစားသစ်သည် လက်ရှိ 48N6 လေယာဉ်ပစ်ဒုံးကျည်၏ အဆင့်မြှင့်တင်ထားသောဗားရှင်းဖြစ်ပြီး ပိုမိုကောင်းမွန်သော အကွာအဝေးတိကျမှုနှင့် ပိုမိုကြီးမားသောထိပ်ဖူးကို ပံ့ပိုးပေးနိုင်ရန် တီထွင်ဖန်တီးထားကြောင်း ရုရှားဖက်ဒရေးရှင်းကောင်စီ၏ အတွင်းရေးမှူး Dmitry Medvedev က ပြောကြားခဲ့သည်။

S-400 စနစ်သည် အကွာအဝေးကီလိုမီတာ ၁၅၀ ထိ ဝေဟင်ပစ်မှတ်များကို တိုက်ခိုက်နိုင်သည့် 48N6 ဒုံးကျည်များကို အဓိကအသုံးပြုထားပြီး တိုက်ခိုက်ဖျက်ဆီးနိုင်သောဧရိယာလွှမ်းခြုံမှု ကီလိုမီတာ ၆၀ အကွာအဝေးတွင် ၁၄၃ ကီလိုဂရမ် အလေးချိန်ရှိပေါက်ကွဲမှုမြင့်မားသော High-Explosive Fragmentation Warhead ထိပ်ဖူး တပ်ဆင်အသုံးပြု၍ ပဲ့ထိန်းဒုံးကျည်များကို ကြားဖြတ်ဟန့်တားနိုင်စွမ်းရှိသည်။

ဒုံးကျည်အသစ်သည် အကွာအဝေး ကီလိုမီတာ ၁၅၀ နှင့် ကီလိုဂရမ် ၁၈၀ ရှိသောထိပ်ဖူးတပ် 48N6 ဒုံးကျည်ကို ခေတ်မီအောင် ပြုလုပ်ထားခြင်းဖြစ်သောကြောင့် အဆိုပါဧရိယာများတွင် သိသာထင်ရှားသော တိုးတက်မှုများကို မျှော်မှန်းနိုင်သည်။ ၎င်းသည် ကီလိုမီတာ ၁၅၀ ကျော်လွန်၍ ကျယ်ပြန့်သောအကွာအဝေးနှင့် ကီလိုဂရမ် ၁၈၀ ထက် ပိုမိုအရွယ်အစားကြီးသော ထိပ်ဖူးတပ်ဆင်အသုံးပြုထားသည့်အတွက် အဖျက်စွမ်းအားသိသိသာသာ တိုးမြင့်လာစေမည်ဖြစ်သည်။

ရုရှားအာဏာပိုင်များက မျှဝေထားသော ဗီဒီယိုဖိုင်များတွင် ဖော်ပြထားသည့်အတိုင်း ဒုံးကျည်သစ်ကို Kapustin Yar လေ့ကျင့်ရေးကွင်းတွင် စမ်းသပ်ခဲ့ခြင်းဖြစ်သည်။ ဒုံးကျည်သည် ရေဒီယိုလမ်းညွှန်ထိန်းကျောင်းမှုအသုံးပြုထားကာ ပစ်မှတ်ကို တိုက်ခိုက်ရာတွင် အလွန်တိကျသည်ဟု ရုရှားအရာရှိများက ထုတ်ဖော်ပြောကြားခဲ့သည်။ သို့သော်လည်း ၎င်းသည် တိုးတက်ဖွံ့ဖြိုးထုတ်လုပ်နေဆဲအဆင့်တွင် ရှိနေသေးသည်။

S-400 လက်နက်စနစ်သည် ဘက်စုံအစွမ်းထက် အဆင့်မြင့်လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်ဖြစ်သည်။ မြေပြင်တိုက်ခိုက်မှုစွမ်းရည်ကို ပေါင်းထည့်ခြင်းသည် ၎င်း၏ စစ်ဆင်ရေးတိုက်ပွဲဝင်လက်လှမ်းမီမှုကို သိသာထင်ရှားစွာချဲ့ထွင်နိုင်စေမည်ဖြစ်ပြီး ပိုမိုပြောင်းလွယ်ပြင်လွယ်ရှိစွာ တိုက်ပွဲဝင်နိုင်စွမ်းနှင့် မဟာဗျူဟာမြောက် လက်နက်စနစ်အဆင့် ရောက်ရှိစေခဲ့ခြင်းလည်းဖြစ်သည်။ ၎င်းသည် ရုရှားနိုင်ငံအတွက်သာမက တူရကီနှင့် အိန္ဒိယအပါအဝင် S-400 စနစ်ကို ဝယ်ယူထားသည့် နိုင်ငံများအတွက်ပါ သက်ရောက်မှု ရှိနိုင်သည်။ S-400 လေကြောင်းရန် ကာကွယ်ရေးစနစ်၏ စံပြုတပ်ခွဲတစ်ခွဲသည် ပုံမှန်အားဖြင့် အမိန့်ပေးယာဉ်၊ထောက်လှမ်းမှုနှင့် ခြေရာခံရေဒါ၊ ဒုံးပစ်လောင်ချာယာဉ်များစွာတို့အပြင် အရေးပါသောစနစ်အစိတ်အပိုင်းများစွာဖြင့် ဖွဲ့စည်းထားသည်။

လောင်ချာတစ်စီးလျှင် ဒုံးကျည် လေးစင်းမှ ခြောက်စင်းထိ တပ်ဆင်နိုင်သည်။ S-400 လက်နက်စနစ်သည် လေယာဉ်မှ ပဲ့ထိန်းဒုံးကျည်ထိ ပစ်မှတ်အမျိုးမျိုးကို တိုက်ပွဲဝင်နိုင်ရန် ဒုံးကျည်အမျိုးအစားအမျိုးမျိုးကိုအသုံးပြုပစ်ခတ်နိုင်စွမ်းရှိသည်။

အသုံးအများဆုံး ဒုံးကျည်များထဲတွင် အကွာအဝေး ကီလိုမီတာ ၁၅၀ ထိပစ်မှတ်များကိုထိမှန်နိုင်သည့် 48N6၊ အမြင့်ဆုံးအကွာအဝေးကီလိုမီတာ ၄၀၀ ထိ ပစ်ခတ်နိုင်သော 40N6 နှင့်အကွာအဝေး ကီလိုမီတာ ၁၂၀ အတွင်း တိုက်ပွဲဝင်နိုင်သော 9M96 ဒုံးကျည်အမျိုးအစားများပါဝင်သည်။

ထိုဒုံးကျည်များသည် ပစ်မှတ်အမျိုးအစား အမျိုးမျိုးကို ထိရောက်မှုအမြင့်မားဆုံးဖြစ်စေရန်အတွက် အစိတ်စိတ်အမြွာမြွာ ပေါက်ကွဲဖျက်ဆီးနိုင်သော High-Explosive Fragmentation Warheads ထိပ်ဖူးများအပါအဝင် မတူညီသောထိပ်ဖူးများ တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်သည်။

**Russian S-400 air defense system gets ground attack upgrade ကို ဘာသာပြန်ဆိုထားပါသည်။**

## HAL က အိန္ဒိယလေတပ်သို့ ထိုင်ခုံနှစ်လုံးပါ LCA Tejas အပေါ့စားတိုက်လေယာဉ် လွှဲပြောင်းပေးအပ်

၂၀၂၃ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် Hindustan Aeronautics Limited (HAL)သည် ၎င်း၏ ထိုင်ခုံနှစ်လုံးပါ Tejas Light Combat Aircraft (LCA) အပေါ့စား တိုက်လေယာဉ်တစ်စင်းကို Bengaluru ရှိ အိန္ဒိယလေတပ် Indian Air Force (IAF) သို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း အောက်တိုဘာ ၅ ရက်က www.halldale.com သတင်းဌာနတွင် ရေးသားထားသည်။

အဆိုပါလွှဲပြောင်း၊ လက်ခံအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီး Ajay Bhatt နှင့် လေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Vivek Ram Chaudhari တို့ တက်ရောက်ခဲ့ကြသည်။ အပေါ့စားတိုက်လေယာဉ်ကို လေကြောင်းကဏ္ဍအပါအဝင် ကဏ္ဍအသီးသီးတွင် မှီခိုအားထားရန် ရည်ရွယ်သည့် အိန္ဒိယနိုင်ငံ၏ Atmanirbhar Bharat ပဏာမခြေလှမ်းနှင့်ကိုက်ညီမှုရှိစွာ အကောင်အထည်ဖော်လုပ်ဆောင်ထားခြင်းဖြစ်သည်။

LCA Tejas တိုက်လေယာဉ်သည် HAL ၏ လေယာဉ် သုတေသနနှင့်ဒီဇိုင်းစင်တာ Aircraft Research and Design Center (ARDC) တို့ ပူးပေါင်း၍ Aeronautical Development Agency (ADA)က ဒီဇိုင်းရေးဆွဲထုတ်လုပ်ထားသော ဘက်စုံသုံးအပေါ့စားတိုက်ခိုက်ရေး လေယာဉ်ဖြစ်သည်။ ၎င်းကို ၁၉၈၀ ပြည့်နှစ်တွင် စတင်ဆောင်ရွက်ခဲ့သော Light Combat Aircraft (LCA) ပရိုဂရမ် အောက်မှ တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ LCA Tejas ကို ၂၀၀၁ ခုနှစ်တွင် စတင်ပျံသန်းခဲ့ပြီး Tejas သည် HAL HF-24 Marut ဝုံးကြဲတိုက်လေယာဉ်နောက်ပိုင်း အသံထက်မြန်သော Supersonic စွမ်းဆောင်ရည်ကိုရရှိစေရန် ရည်ရွယ်ချက်ဖြင့် HAL က ထုတ်လုပ်ထားသည့် ဒုတိယမြောက် လေယာဉ်အမျိုးအစားဖြစ်သည်။

Tejas သည် ၂၀၁၁ ခုနှစ်တွင် ကနဦးလုပ်ငန်းလည်ပတ်မှု အသိအမှတ်ပြုလက်မှတ်ရရှိခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် အပြီးသတ် လည်ပတ်မှုအသိအမှတ်ပြုလက်မှတ် ရရှိခဲ့သည်။ လက်ရှိတွင် Tejasလေယာဉ် ထုတ်လုပ်မှုတွင် မော်ဒယ်သုံးမျိုးရှိပြီး Mark 1၊ Mark 1A နှင့် လေ့ကျင့်ရေးဗားရှင်းတို့ဖြစ်ကြသည်။

အိန္ဒိယလေတပ် (IAF)သည် Mark 1 ၃၂ စင်း၊ Mark 1A ၇၃ စင်းနှင့် Mark 1 လေ့ကျင့်ရေးလေယာဉ် ၁၈ စင်းကို မှာယူခဲ့သည်။ Tejas Mark 1 တိုက်လေယာဉ်ရှိ ပြည်တွင်းထုတ်လုပ်မှုအတိုင်းအတာသည် ၅၉ ဒသမ ၇ ရာခိုင်နှုန်းနှင့်ထုတ်လုပ်ရေးလိုင်းတွင် အစားထိုးအသုံးပြုနိုင်သော ယူနစ်အရေအတွက် ၇၅ ဒသမ ၅ ရာခိုင်နှုန်း ပါဝင်သည်။ Tejas Mark 2 ဗားရှင်းကို လက်ရှိတွင် ဆက်လက်တည်ဆောက်နေဆဲဖြစ်ပြီး ၂၀၂၆ ခုနှစ်တွင် အမြောက်အမြားထုတ်လုပ်ရန် အဆင်သင့်ဖြစ်မည်ဟု မျှော်မှန်းထားကြသည်။



LCA Tejas အပေါ့စားတိုက်လေယာဉ်၏ ထိုင်ခုံနှစ်လုံးပါဗားရှင်းတွင် တည်ငြိမ်စွာမောင်းနှင်ပျံသန်းနိုင်မှု၊ ခေတ်မီဖန်သားပြင်ပါ လေယာဉ်မှူးခန်း၊ Quadruplex Fly-by-Wire ပျံသန်းမှုထိန်းချုပ်ရေးစနစ်နှင့် ပေါင်းစပ်ပစ္စည်းများအသုံးပြုခြင်းကဲ့သို့သော အဆင့်မြင့်အင်္ဂါရပ်များ ပါဝင်လာသည်။ အဆိုပါ တိုက်လေယာဉ်သည် လေသူရဲများလေ့ကျင့်၊ သင်တန်းတတ်မြောက်မှုမှသည် စစ်ဆင်ရေးတာဝန်ထမ်းဆောင်နိုင်သည့် လေသူရဲများအဆင့်သို့ ကူးပြောင်းရာတွင် အဆင်ပြေချောမွေ့စေရန် ဒီဇိုင်းထုတ်ထားသည်။

HAL သည် IAF က ထိုင်ခုံနှစ်လုံးပါ LCA အပေါ့စားတိုက်လေယာဉ် ၁၈ စင်းအတွက် အမှာစာများကိုလက်ခံရရှိထားပြီး ၎င်းတို့ထဲမှ ရှစ်စင်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင်ပေးပို့ရန် စီစဉ်ထားကာ ကျန်လေယာဉ်များကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင်ပေးပို့ရန် စီစဉ်ထားသည်။

**Hindustan Aeronautics delivers first two-seater LCA Tejas to Indian Air Force ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**




# မေဂျာလိဂ်ကလပ် ဒီစီယူနိုက်တက်အသင်းက နည်းပြရွန်းနီနှင့်လမ်းခွဲကြောင်း ကြေညာ

**ဝါရှင်တန် အောက်တိုဘာ ၈**

ဒီစီယူနိုက်တက် အသင်းသည် ပြီးခဲ့သည့် အောက်တိုဘာ ၈ ရက်က ကစားခဲ့သည့် မေဂျာလိဂ်အရှေ့ပိုင်းဇုန်ပွဲစဉ်တွင် နယူးယောက်စီးတီးအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သော်လည်း play-off ကစားခွင့်နှင့်လွဲချော်ခဲ့သဖြင့် နည်းပြရွန်းနီနှင့် လမ်းခွဲခဲ့ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

နည်းပြရွန်းနီသည် ဒီစီယူနိုက်တက်အသင်းကို ၂၀၂၂ ခုနှစ် ဇူလိုင် ၁၂ ရက်က တာဝန်ယူကိုင်တွယ်ခဲ့ရာတွင် အသင်းကိုမေဂျာလိဂ်ပြိုင်ပွဲတွင် play-off ကစားခွင့်ရရှိအောင် စွမ်းဆောင်ပေးမည်ဟု ပြောကြားခဲ့သော်လည်း လက်ရှိအရှေ့ပိုင်းဇုန်ပွဲစဉ်များအပြီးတွင် အသင်းအနေဖြင့် ပြိုင်ပွဲစုံ ၃၄ ပွဲတွင် ရမှတ် ၄၀ သာ ရရှိခဲ့သောကြောင့် play-off ကစားခွင့်နှင့် လွဲချော်ခဲ့သဖြင့် အသင်းနှင့် သဘောတူညီချက်အရ နှစ်ဖက်သဘောတူလမ်းခွဲခဲ့ကြောင်း သိရသည်။

နည်းပြရွန်းနီသည် ကစားသမားဘဝက ဒီစီယူနိုက်တက်အသင်း၌ ကစားခဲ့ရာ ဘောလုံးရာသီနှစ်ရာသီတွင် ပြိုင်ပွဲစုံ ၄၈ ပွဲ ပါဝင်ခဲ့ရာ သွင်းဂိုး ၂၃ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၅ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သော်လည်း နည်းပြလောကသို့ ဝင်ရောက်ခဲ့ပြီးနောက် ဒီစီယူနိုက်တက်အသင်းနှင့် ပြန်လည်ပူးပေါင်းချိန်တွင် ရလဒ်ကောင်းရရှိရန် ရုန်းကန်ခဲ့ရကာ အသင်းမှ နုတ်ထွက်ခဲ့ရသည်။

ဒီစီယူနိုက်တက်အသင်း ဘုတ်အဖွဲ့က "နည်းပြရွန်းနီက ကျွန်တော်တို့အသင်းအတွက် များစွာအကျိုးပြုခဲ့သူဖြစ်ပါတယ်။ သူဟာ ကစားသမားဘဝမှာ အသင်းကိုဦးဆောင်ပြီး ဘောလုံးအဆင့်အတန်းတိုးတက်လာအောင် လုပ်ဆောင်နိုင်ခဲ့ပါတယ်။ အဲဒီနောက် သိပ်မကြာခင်မှာ နည်းပြအဖြစ်နဲ့ ပြန်လည်ပူးပေါင်းခဲ့သူဖြစ်ပါတယ်။ သူဟာ အသင်းအတွက် တန်ဖိုးမဖြတ်နိုင်တဲ့သူဖြစ်သလို အသင်းက လေးစားချစ်မြတ်နိုးရတဲ့သူတစ်ယောက်လဲ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : 90Min**
**Trs : ML**



# ရီးရဲလ်မက်ဒရစ်အတွက် သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့သည့် ဘယ်လင်ဟမ် စီရော်နယ်ဒို၏စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့





**မက်ဒရစ် အောက်တိုဘာ ၈**

ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်သည် အိုဆာဆူနာအသင်းနှင့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး လာလီဂါပွဲစဉ်ရှစ်ပွဲတွင် သွင်းဂိုးရှစ်ဂိုးထိ သွင်းယူနိုင်ခဲ့သောကြောင့် တိုက်စစ်မှူးဟောင်း စီရော်နယ်ဒို၏စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး စီရော်နယ်ဒိုသည် ၂၀၀၉ ခုနှစ်က ရီးရဲလ်မက်ဒရစ်အသင်းတွင် ကစားခဲ့သည့်ပထမဆုံးရာသီ၌ အမှတ်ပေးပြိုင်ပွဲရှစ်ပွဲတွင် သွင်းဂိုးခုနစ်ဂိုးထိ သွင်းယူကာ စံချိန်ကောင်းတစ်ခုကို ပိုင်ဆိုင်ခဲ့သော်လည်း ယခုအခါ လူငယ်ကစားသမားဘယ်လင်ဟမ်က အိုဆာဆူနာအသင်းကို လေးဂိုးဂိုးမရှိဖြင့်အနိုင်ရခဲ့သည့်ပွဲစဉ်တွင် သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် သွင်းဂိုး ရှစ်ဂိုးထိ ရှိလာခဲ့သောကြောင့် စီရော်နယ်ဒို၏စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဘယ်လင်ဟမ်သည် ပြိုင်ပွဲစုံ ၁၀ ပွဲတွင် သွင်းဂိုး ၁၀ ဂိုးထိ သွင်းယူနိုင်ခဲ့သောကြောင့် စီရော်နယ်ဒို၏စံချိန်ကို လိုက်မီခဲ့သည်။

နည်းပြ အန်ဆယ်လော့တီက "ဘယ်လင်ဟမ်အနေနဲ့ အခုလိုဂိုးတွေအများကြီး သွင်းနိုင်မယ်လို့ ဘယ်သူမှထင်မထားပါဘူး။ သူဟာ ကွင်းထဲမှာ လက်ရှိနေရာနဲ့ အသားကျမှုမရှိသေးပေမဲ့ တိုက်စစ်ပိုင်းမှာ အခွင့်အရေးတွေ ကိုယ်တိုင်ဖန်တီးပြီး ဂိုးတွေသွင်းယူနေတာဖြစ်ပါတယ်။ ပြိုင်ဘက်တွေအနေနဲ့ အခုလိုမျိုး ဂိုးသွင်းယူနိုင်မယ်ဆိုတာ မမျှော်လင့်ထားသလို လက်ရှိနေရာမှာ အံ့ဝင်မှုမရှိတဲ့ ကစားသမားတွေအနေနဲ့လဲ ဂိုးသွင်းယူနိုင်ဖို့ဆိုတာ ခက်ခဲပါတယ်"ဟု အိုဆာဆူနာအသင်းနှင့်ပွဲစဉ်အပြီးတွင် ပြောကြားခဲ့သည်။

**Ref : Goal.com**
**Trs : ML**

# ဂျူဗင်တပ်အသင်းက ဆန်ချိုကို ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အငှားစာချုပ်ဖြင့်ခေါ်ယူရန်ကြိုးပမ်း

**ရောမ အောက်တိုဘာ ၈**

ဂျူဗင်တပ်အသင်းသည် အသင်းနှင့် အဆင်မပြေမှုများရှိနေသည့် တောင်ပံကစားသမား ဆန်ချိုကို လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အငှားစာချုပ်ဖြင့်ခေါ်ယူရန်ကြိုးပမ်းနေကြောင်း သိရသည်။

လက်ရှိတွင် တောင်ပံကစားသမား ဆန်ချိုသည် တစ်ပတ်လုပ်ခလစာ စတာလင်ပေါင် ၃၅၀၀၀၀ ထိ ရရှိနေသူဖြစ်သော်လည်း ဂျူဗင်တပ်အသင်းက ယခုရရှိနေသည့် လုပ်ခလစာမှတစ်ဝက်ကိုသာ ပေးချေရန် မန်ယူအသင်းနှင့် ဆွေးနွေးမှုများ ပြုလုပ်နေပြီး လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ရာသီဝက် အငှားစာချုပ်ဖြင့် ခေါ်ယူသွားမည်ဖြစ်ကာ စာချုပ်ကုန်ဆုံးပါက စတာလင်ပေါင် သန်း ၆၀ ဖြင့် အပြီးသတ် ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

တောင်ပံကစားသမား ဆန်ချိုသည် ပြီးခဲ့သည့် အာဆင်နယ်အသင်းကို သုံးဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် နည်းပြ တန်ဟတ်၏မူဝါဒကို လူမှုကွန်ရက်စာမျက်နှာတွင် ဝေဖန်မှုပြုလုပ်ခဲ့ရာ နည်းပြနှင့် ဆက်ဆံရေးတင်းမာမှုများရှိခဲ့သဖြင့် အသင်းလူစာရင်းမှချန်လှပ်ခံရပြီး တစ်ဦးတည်းလေ့ကျင့်ခန်း ပြုလုပ်ခဲ့ရသည်။

သို့သော် နည်းပြတန်ဟတ်က ဆန်ချိုအနေဖြင့် ၎င်းကို တရားဝင်တောင်းပန်မှုပြုလုပ်ပါက ပထမအသင်းလူစာရင်းတွင် ပြန်လည်ခေါ်ယူမည်ဟု ပြောကြားခဲ့သော်လည်း ဆန်ချိုက ၎င်းအနေဖြင့် တောင်းပန်စရာမလိုကြောင်း ပြောကြားခဲ့ကာ လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Daily Mail**
**Trs : ML**

# 360 Fight Club V မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ အောင်လံထိန်းနှင့် အောင်လံလုပွဲစဉ်များ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၈**

360 Fight Club V အမည်ရှိ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ အောင်လံထိန်းနှင့်အောင်လံလုပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ သိမ်ဖြူမြန်မာ့ရိုးရာလက်ဝှေ့ရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ ၅၂-၅၄ ကီလိုတန်း အောင်လံထိန်းပွဲစဉ်အဖြစ် မြင့်မြတ်ဟိန်းနှင့် အောင်ကောင်းတို့ထိုးသတ်ခဲ့ရာ ပူးတွဲသရေရလဒ်ဖြင့် လည်းကောင်း၊ ၅၄-၅၇ ကီလိုတန်း အောင်လံထိန်းပွဲစဉ်အဖြစ် နော်နော်နှင့် အောင်ကိုတို့ ထိုးသတ်ခဲ့ရာ နော်နော်က ဒိုင်ပွဲရပ်ဖြင့်လည်းကောင်း၊ စိုးနောင်နောင်နှင့် သန်းလင်းအောင်တို့ ထိုးသတ်ခဲ့ရာ ပူးတွဲသရေရလဒ်ဖြင့်လည်းကောင်း၊ ရိန်နော်နှင့် စောထီးတို့ ထိုးသတ်ခဲ့ရာ စောထီးက အလဲထိုးဖြင့် လည်းကောင်း အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး ၅၇-၆၀ ကီလိုတန်း အောင်လံထိန်းပွဲစဉ်အဖြစ် ရဲကျော်အောင်နှင့် ဈာန်ထွန်းတို့ ထိုးသတ်ခဲ့ရာ ပူးတွဲသရေရလဒ်ဖြင့် လည်းကောင်း၊ ကျားရှိုင်းနှင့်ကဲဒိုးစေးတို့ ထိုးသတ်ခဲ့ရာ ကျားရှိုင်းက အလဲထိုးဖြင့်လည်းကောင်း၊ မင်းခန့်စိုးနှင့် အောင်ခန့်တို့ ထိုးသတ်ခဲ့ရာ မင်းခန့်စိုးက အလဲထိုးဖြင့်လည်းကောင်း၊ ၆၀-၆၃ ကီလိုတန်း အောင်လံထိန်းပွဲစဉ်အဖြစ် ရိန်ကြွယ်နော်နှင့် ကောင်းဆက်နိုင်တို့ ထိုးသတ်ခဲ့ရာ ရိန်ကြွယ်နော်က အလဲထိုးဖြင့်လည်းကောင်း၊ ညီရဲခန့်နှင့် ရဲလင်းဇော်တို့ ထိုးသတ်ခဲ့ရာ ပူးတွဲသရေရလဒ်ဖြင့်လည်းကောင်း၊ ၆၇-၇၀ ကီလိုတန်း အောင်လံထိန်းပွဲစဉ်အဖြစ် ရဲမင်းနှင့် အဒူးတို့ ထိုးသတ်ခဲ့ရာ ရဲမင်းကအလဲထိုးဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။



ထို့နောက် ၅၄-၅၇ ကီလိုတန်း အောင်လံလုပွဲစဉ်အဖြစ် စောကဲဒိုနှင့် အောင်ရဲနိုင်တို့ ထိုးသတ်ခဲ့ရာ စောကဲဒိုက အလဲထိုးဖြင့်လည်းကောင်း၊ ၆၀-၆၃ ဒသမ ၅ ကီလိုတန်းအောင်လံလုပွဲစဉ်အဖြစ် လောကွားဒူးနှင့် ဝေါဒိုထူးတို့ ထိုးသတ်ခဲ့ရာ လောကွားဒူးက ဒိုင်အမှတ်ဖြင့်လည်းကောင်း၊ ၆၇-၇၁ ကီလိုတန်း အောင်လံလုပွဲစဉ်အဖြစ် အာကာဖြိုးနှင့် ဇော်သက်နောင်တို့ ထိုးသတ်ခဲ့ရာ ဇော်သက်နောင်က အလဲထိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြကြောင်း သိရသည်။

**STA**

## အားကစားသတင်း အတိုအထွာများ

- ပရီးမီးယားလိဂ်ပွဲစဉ်(၈)တွင် လူတန်အသင်းကို တစ်ယောက်လျော့ဖြင့်ကစားခဲ့ရသည့် စပါးအသင်းအနေဖြင့် တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့သောကြောင့် အမှတ်ပေးဇယားကို ယာယီဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။
- ရိုးမားအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် နည်းပြမော်ရင်ဟိုက ၎င်းအနေဖြင့် တစ်နေ့နေ့တွင် ဆော်ဒီကလပ်အသင်းတစ်သင်းကို တာဝန်ယူသွားမည်ဖြစ်ကြောင်း အင်တာဗျူးအစီအစဉ်တစ်ခုတွင် ထုတ်ဖော်ပြောကြားခဲ့သည်။
- မန်ယူအသင်းက ခံစစ်ကစားသမား လင်ဒီလော့ဖ်ကို လာမည့် ၂၀၂၅ ခုနှစ်ထိ စာချုပ်သက်တမ်းတိုးရန် စတင်ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

**ML**

### ပရီးမီးယားလိဂ် ပွဲစဉ် (၈) ရလဒ်

| | | | | |
|---|---|---|---|---|
| ဘရိုက်တန် | ၂ | - | ၂ | လီဗာပူး |
| ဝက်စ်ဟမ်း | ၂ | - | ၂ | နယူးကာဆယ် |
| ဝုဗ် | ၁ | - | ၁ | အေဗီလာ |
| အာဆင်နယ် | ၁ | - | ၀ | မန်စီးတီး |

**(၀၄၀)**

# ဘင်္ဂလားဒေ့ရှ်-ဂျပန် ကာကွယ်ရေးဆိုင်ရာဆက်ဆံရေးအလားအလာ

**ဝင်းဇင်(သုတေသန)**



ဂျပန်အစိုးရက တရားဝင်လုံခြုံရေးထောက်ပံ့မှု အစီအစဉ် (OSA)အရ ကာကွယ်ရေးဆိုင်ရာ အကူအညီများပေးအပ်ရန် ရွေးချယ်ထားသည့် လေးနိုင်ငံတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံပါဝင်ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး အီဝါမာကီမီနိုရီက ဩဂုတ်လအတွင်း ထုတ်ပြန်ကြေညာသွားခဲ့သည်။

OSA သည် ဒေသတွင်းပြီးပြည့်စုံသော ကာကွယ်ရေးဗိသုကာတည်ဆောက်နိုင်ရေးအတွက် မိတ်ဖက်နိုင်ငံများကို ချေးငွေထုတ်ပေးခြင်းထက် စစ်လက်နက်ပစ္စည်းများထောက်ပံ့ခြင်း၊ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခြင်းနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုအတွက် အကူအညီပေးအပ်ခြင်းများ လုပ်ဆောင်သွားရန် ရည်မှန်းထားရှိသည်။

ဂျပန်နိုင်ငံအနေဖြင့် ဒေသတွင်း ကာကွယ်ရေးစွမ်းဆောင်ရည်များ မြှင့်တင်ရေးအတွက် OSA ပေးအပ်သွားမည့် နိုင်ငံများစာရင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံအပြင် ဖိလစ်ပိုင်၊ ဖီဂျီနှင့် မလေးရှားနိုင်ငံတို့လည်း ပါဝင်သည်။

ယခုနှစ် ဧပြီလအတွင်း ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ် ရှိတ်ဟာဆီနာသည် ဂျပန်နိုင်ငံသို့ သွားရောက်လည်ပတ်စဉ် နှစ်နိုင်ငံအစိုးရများကြား အပြန်အလှန်ဆက်ဆံရေးကို အဆင့်မြှင့်တင်သွားရန် သဘောတူညီခဲ့ကြသည်။ ၎င်းတို့အနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို ပြီးပြည့်စုံသော မိတ်ဖက်ဆက်ဆံရေးမှသည် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဆင့်သို့ တိုးမြှင့်သွားရန် သဘောတူညီခဲ့သည်။

ဂျပန်နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအပါအဝင် အာရှနိုင်ငံအများစုနှင့် ခိုင်မာသောစီးပွားရေး၊ ဆက်ဆံရေး ထူထောင်ထားရှိသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဂျပန်နိုင်ငံမှ စီးပွားရေးအထောက်အပံ့အများဆုံးရရှိနေသော နိုင်ငံဖြစ်သည်။ ၁၉၇၂ ခုနှစ်ကတည်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဂျပန်နိုင်ငံမှ ဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေးထောက်ပံ့ကူညီမှုအဖြစ် အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံ လက်ခံရရှိထားသည်။ ၎င်းတို့အနက် အမေရိကန်ဒေါ်လာ ၉ ဒသမ ၂ ဘီလီယံကို ပြည်ပနိုင်ငံများ ဖွံ့ဖြိုးတိုးတက်မှုအကူအညီ (ODA)အဖြစ် လက်ခံရရှိထားပြီး အထူးသဖြင့် သတင်းနှင့်ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်မှု၊ ခရီးသွားလုပ်ငန်း၊ ပို့ဆောင်ရေးနှင့် လယ်ယာစိုက်ပျိုးရေးအပါအဝင် ပုဂ္ဂလိကဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေးလုပ်ဆောင်သွားမည်ဖြစ်သည်။

လွန်ခဲ့သော လေးနှစ်က လက်မှတ်ရေးထိုးခဲ့သော အကြိမ် (၄၀) မြောက် ODA သဘောတူညီချက်အရ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံကို ဒါကာလူထု ပို့ဆောင်ရေးအမြန်လမ်း(MRT)နှင့် Matarbari ပင်လယ်နက်ဆိပ်ကမ်းတို့အပါအဝင် စီမံကိန်းငါးခုအတွက် တိုက်ရိုက်အသုံးပြုသွားမည်ဖြစ်သည်။ Matarbari ဆိပ်ကမ်းဆိုင်ရာလုပ်ငန်းသည် အလျင်အမြန် တိုးတက်လျက်ရှိပြီး ၂၀၂၆ ခုနှစ်တွင် လုပ်ငန်းအပြည့်အဝလည်ပတ်ရန် မျှော်မှန်းထားရှိသည်။ တောင်ပိုင်း Chattogram ဒေသတွင်ရှိသည့် အခြားသော အခြေခံအဆောက်အအုံနှင့်စွမ်းအင်စီမံကိန်းများကိုလည်း အပြီးသတ်တော့မည်ဖြစ်သည်။ ထိုအတောအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဂျပန်၏ ထင်ရှားသော ရင်းနှီးမြှုပ်နှံမှုဖြစ်သည့် MRT စီမံကိန်းသည် မြို့တော်၌ ပို့ဆောင်ရေးလုပ်ငန်းအဖြစ် လုပ်ငန်းလည်ပတ်နေပြီဖြစ်သည်။ MRT စတင်လည်ပတ်သည့် အစောပိုင်းကာလများကတည်းက လူစည်ကားရာမြို့တော်၌ ရုံးဆင်း၊ ရုံးတက်ချိန်များတွင် ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာစေနိုင်သည့်အပြင် ယာဉ်ကြောပိတ်ဆို့မှုကိုလည်းလျှော့ချပေးလျက်ရှိသည်။ ထို့ကြောင့် MRT အပြည့်အဝလည်ပတ်သည့်အချိန်တွင် ပြည်သူများ သွားလာရေးအတွက် ပိုမိုလျင်မြန်ချောမွေ့စေမည်ဖြစ်သည်။

ကုန်သွယ်မှုတွင်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် နှစ်စဉ် ဂျပန်နိုင်ငံမှကုန်စည်တင်သွင်းရန် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံသုံးစွဲလျက်ရှိပြီး ဂျပန်နိုင်ငံသို့ ကုန်စည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံရရှိလျက်ရှိသည်။ ဂျပန်နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အသင့်ချုပ်အဝတ်အထည် (RMG) များ အဓိကဝယ်ယူတင်သွင်းလျက်ရှိသည်။ လွန်ခဲ့သော ၁၀ နှစ်ကျော်ကာလအတွင်း ဂျပန်နိုင်ငံသို့ ဘင်္ဂလားဒေ့ရှ်၏ RMG တင်ပို့မှုသည် လေးဆထိမြင့်တက်လာခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်းမှာပင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၉ ဘီလီယံဖိုးတင်ပို့ခဲ့သည်။ နှစ်နိုင်ငံသည် ယခုဘဏ္ဍာနှစ်အတွင်း RMG တင်ပို့မှုမှ ဝင်ငွေသုံးဆထိတိုးမြှင့်ရန် မျှော်မှန်းထားရှိသည်။

ဂျပန်နှင့်ဘင်္ဂလားဒေ့ရှ်တို့ကြား ဆက်ဆံရေး တိုးတက်ကောင်းမွန်နေသည့်တိုင်အောင် အမေရိကန်သည် လွန်ခဲ့သောနှစ်များအတွင်း ဝင်ရောက်စွက်ဖက်ကာ ဒုက္ခပေးမှုများရှိခဲ့သည်။ အမေရိကန်က အဝါမီလိဂ်အစိုးရ အုပ်ချုပ်မှုအောက်တွင် ဘင်္ဂလားဒေ့ရှ်၌ လူ့အခွင့်အရေးချိုးဖောက်မှုများရှိနေကြောင်း ပြစ်တင်ဝေဖန်လျက်ရှိသည်။ ၂၀၂၁ ခုနှစ်တွင် အမေရိကန်သည် ဘင်္ဂလားဒေ့ရှ်မှ လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများကို ဥပဒေပြင်ပ ကျော်လွန်လုပ်ဆောင်သည်ဟုဆိုကာ ပိတ်ဆို့မှုများချမှတ်ခဲ့သည့်အပြင် အမေရိကန်နိုင်ငံအတွင်းသို့ တာဝန်ဖြင့်လာရောက်ခွင့်ကိုလည်း တားမြစ်ခဲ့သည်။ ထို့ပြင် အမေရိကန်သည် ရွေးကောက်ပွဲ၌ မသမာမှုများ လုပ်ဆောင်မှုအတွက် သံသယရှိသော လက်ရှိ တာဝန်ထမ်းဆောင်နေသူများနှင့် ယခင်တာဝန်ရှိသူများ၊ အစိုးရထောက်ခံသူများနှင့်ဆန့်ကျင်ဘက်ပါတီဝင်များ၊ တရားဥပဒေစိုးမိုးရေး အေဂျင်စီများမှ တာဝန်ရှိသူများ၊ တရားရေးနှင့်လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများကို ဗီဇာပိတ်ဆို့ချမှတ်ထားခဲ့သည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဉ်း၍ စိုးရိမ်ပူပန်မိကြောင်း ဧပြီလအတွင်းက ထုတ်ဖော်ပြောကြားခဲ့ပြီး တိုင်းပြည်အတွင်း၌လွတ်လပ်ပြီး တရားမျှတသောရွေးကောက်ပွဲများ ကျင်းပသွားရန် လိုအပ်ကြောင်း အလေးထားပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ဟာဆီနာက အမေရိကန်နိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အုပ်ချုပ်သူအစိုးရပြောင်းလဲရေးအတွက် ကြိုးပမ်းနေကြောင်း၊ ၎င်းတို့အနေဖြင့် ဒီမိုကရေစီဆိတ်သုဉ်းစေရန်နှင့်ဒီမိုကရေစီကျင့်သုံးမှုမရှိသော အစိုးရတစ်ရပ်ကို တင်မြှောက်ရန်ကြိုးပမ်းနေကြောင်း လွှတ်တော်၌ ပြောကြားသွားခဲ့သည်။

အမေရိကန်အနေဖြင့် အဝါမီလိဂ်ပါတီကို အရှိန်မြှင့်ဝေဖန်လျက်ရှိစဉ် အမေရိကန်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် နီးစပ်သောဆက်ဆံရေးရှိသည့် အိန္ဒိယနိုင်ငံသည် ရေငုံနှုတ်ပိတ် နေထိုင်လျက်ရှိသည်။ ထိုအတောအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တရုတ်နိုင်ငံ၏လွှမ်းမိုးမှုနှင့် ရင်းနှီးမြှုပ်နှံမှုများမှာလည်း ဆက်လက်မြင့်တက်လျက်ရှိသည်။

ထိုအကြောင်းတရားများကြောင့် ဂျပန်နိုင်ငံသည် OSA ပေးအပ်မည့် နိုင်ငံများတွင် ဘင်္ဂလားဒေ့ရှ်ကို ထည့်သွင်းခဲ့ခြင်းဖြစ်သည်။ စင်စစ်အားဖြင့် OSA သည် ဘင်္ဂလားဒေ့ရှ်တွင် တရုတ်၏လွှမ်းမိုးမှုမြင့်တက်လာမှုကို ဟန်ချက်ထိန်းညှိရေးအတွက် ဂျပန်နိုင်ငံ၏ ပထဝီနိုင်ငံရေးဆိုင်ရာ အကျိုးစီးပွားများကို သယ်ပိုးနိုင်မည်ဖြစ်သည်။

ဂျပန်နိုင်ငံက OSA ပေးအပ်သွားမည့် ဖိလစ်ပိုင်နှင့်ဖီဂျီနိုင်ငံတို့အနေဖြင့်လည်း တရုတ်၏စစ်ရေးအင်အားကြီးထွားလာမှုကို စိုးရိမ်ပူပန်လျက်ရှိသည်။ သာဓကအနေဖြင့် ဖိလစ်ပိုင်နိုင်ငံသည် တောင်တရုတ်ပင်လယ်တွင် တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် (PLA)၏ ကမ်းခြေစောင့်တပ်ဖွဲ့များနှင့် ထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်ပွားလျက်ရှိသည်။ ဖီဂျီအနေဖြင့်လည်း ပစိဖိတ်ကျွန်းစုများအနီးတွင် တရုတ်နိုင်ငံ၏ စစ်အင်အားကြီးထွားလာမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ပူပန်မှု မြင့်တက်လျက်ရှိသည်။

စစ်ဘက်ဆိုင်ရာ စောင့်ကြည့်ထောက်လှမ်းမှု ပစ္စည်းများ လွှဲပြောင်းပေးအပ်နိုင်ရေး ဂျပန်နိုင်ငံ၏ ကြိုးပမ်းမှုသည် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုထိန်းသိမ်းရာတွင် အထောက်အကူပြုစေမည် ဖြစ်သည်။ ထို့ပြင် ဒေသတွင်းလုံခြုံမှုခိုင်မာသေချာစေရေး Quad ၏ ခိုင်မာသောသန္နိဋ္ဌာန်သည် ဂျပန်နိုင်ငံ၏ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းဖြင့် အမေရိကန်နှင့်ဘင်္ဂလားဒေ့ရှ်တို့ကြား ဆုတ်ယုတ်လာသောဆက်ဆံရေးကို ပြေလျော့စေနိုင်မည်ဖြစ်သည်။ အထူးသဖြင့် အိန္ဒိယသည် ဘင်္ဂလားဒေ့ရှ်ကို မဟာမိတ်အဖြစ် ရွေးချယ်နိုင်မည်ဆိုလျှင် အမေရိကန်နှင့် ဘင်္ဂလားဒေ့ရှ်၏ဆက်ဆံရေး တိုးတက်ကောင်းမွန်လာဖွယ်ရာရှိသည်။

ဂျပန်နှင့်ဘင်္ဂလားဒေ့ရှ်ကြား နက်ရှိုင်းသော ဆက်ဆံရေး တိုးတက်လာခြင်းသည် ဒေသတွင်း အင်အားကြီးနိုင်ငံများက ရပ်တည်ချက်ရွေးချယ်ရန် ဖိအားပေးလာချိန်တွင် ပထဝီနိုင်ငံရေးရာများ၌ ဘင်္ဂလားဒေ့ရှ်၏ ဟန်ချက်ထိန်းညှိနိုင်မှုကြောင့်ပင် ဖြစ်သည်။ အလားတူ ဂျပန်နိုင်ငံအနေဖြင့်လည်း အိန္ဒိယနိုင်ငံကဲ့သို့ပင် အမေရိကန်နှင့် ဘင်္ဂလားဒေ့ရှ် ဆက်ဆံရေး ကောင်းမွန်တိုးတက်ရေးအတွက် အရှိန်မြှင့်တင် ဆောင်ရွက်သွားဖွယ်ရာရှိနေသည်။

ဂျပန်နှင့် ဘင်္ဂလားဒေ့ရှ်တို့သည် ၁၉၇၂ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်က နှစ်နိုင်ငံသံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့ပြီး ဂျပန်နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကထောက်ပံ့ကူညီပေးလျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်ဆက်ဆံရာ၌ ဂျပန်နိုင်ငံ၏ နိုင်ငံရေးရည်မှန်းချက်သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ထောက်ခံမှုရရှိရန်နှင့်၎င်း၏ထုတ်ကုန်များအတွက် ဈေးကွက်ရရှိရန်ပင်ဖြစ်သည်။ လက်ရှိအချိန်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၇၀၀ ကျော်သည် ဂျပန်နိုင်ငံတွင် နေထိုင်လျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်နှင့်ဂျပန်တို့ကြား ဆက်ဆံရေးသည် နက်ရှိုင်းမှုနှင့် အပြန်အလှန်ယုံကြည်မှုမြင့်တက်လျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်၏ နိုင်ငံတကာလေကြောင်းနှင့်ရေကြောင်းဆိပ်ကမ်းများကို ဂျပန်နိုင်ငံက တည်ဆောက်ပေးလျက်ရှိသည်။ အထူးသဖြင့် ဂျပန်နိုင်ငံ၏ဘဏ္ဍာရေးအကူအညီဖြင့် ဘင်္ဂလားဒေ့ရှ်၏ နိုင်ငံတကာလေဆိပ်အဆင့်မြှင့်တင်မှုနှင့် ပထမဆုံးပင်လယ်နက်ဆိပ်ကမ်းဖြစ်သည့် Matarbari တို့ကို တည်ဆောက်လျက်ရှိသည်။ ထို့ပြင် ဂျပန်နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်အတွက် လိုအပ်သောအခြေခံအဆောက်အအုံများ ထပ်မံတည်ဆောက်ပေးသွားရန်လည်း စီစဉ်ထားရှိသည်။

❖ ဘင်္ဂလားဒေ့ရှ်နှင့်ဂျပန်တို့ကြား ဆက်ဆံရေးသည် နက်ရှိုင်းမှုနှင့် အပြန်အလှန်ယုံကြည်မှုမြင့်တက်လျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်၏ နိုင်ငံတကာလေကြောင်းနှင့် ရေကြောင်းဆိပ်ကမ်းများကို ဂျပန်နိုင်ငံက တည်ဆောက်ပေးလျက်ရှိသည်။ အထူးသဖြင့် ဂျပန်နိုင်ငံ၏ဘဏ္ဍာရေးအကူအညီဖြင့် ဘင်္ဂလားဒေ့ရှ်၏ နိုင်ငံတကာလေဆိပ် အဆင့်မြှင့်တင်မှုနှင့် ပထမဆုံးပင်လယ်နက်ဆိပ်ကမ်းဖြစ်သည့် Matarbari တို့ကို တည်ဆောက်လျက်ရှိသည်။ ထို့ပြင် ဂျပန်နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်အတွက် လိုအပ်သောအခြေခံအဆောက်အအုံများ ထပ်မံတည်ဆောက်ပေးသွားရန်လည်း စီစဉ်ထားရှိသည်။ ❖

လက်ရှိအချိန်တွင် ဘင်္ဂလားဒေ့ရှ်နှင့်ဂျပန်တို့ကြား စစ်ဘက်ဆိုင်ရာနယ်ပယ်တွင်လည်း ဆက်ဆံရေးတိုးတက်လျက်ရှိသည်။ ဂျပန်နှင့် ဘင်္ဂလားဒေ့ရှ်တို့သည် အာရှ-ပစိဖိတ်ဒေသနှင့် ၎င်းတို့၏လုံခြုံရေးအတွက် ကိုယ်ပိုင်အစီအစဉ်များရှိနေပြီး ဂျပန်နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို စစ်လက်နက်ပစ္စည်းနှင့်အခြားသောစစ်ဘက်ဆိုင်ရာပစ္စည်းများ ရောင်းချပေးသွားရန် ကမ်းလှမ်းထားရှိသည်။ ထို့ကြောင့် ဂျပန်နှင့် ဘင်္ဂလားဒေ့ရှ်တို့ကြား ကာကွယ်ရေးဆိုင်ရာ ဆက်ဆံရေးသည် ပိုမိုတိုးတက်လာဖွယ်ရာရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

- **Japan Deepens Defense Ties With Bangladesh by The Diplomat.**

# Sasana Beikman, platform of SoonU Ponnyashin Pagoda to be completed in October


The Sasana Beikman under construction and the platform being extended at the SoonU Ponnyashin Pagoda on Sagaing Hill.

**Sagaing October 8**

Construction of Sasana Beikman and extension of the platform of SoonU Ponnyashin Pagoda on Sagaing Hill of Sagaing Region will be completed in October this year, according to the pagoda board of trustees.

The Ponnyashin Sasana Beikman for stay of pilgrims was built on 9 September 2022 and it will be completed by cent per cent on 29 October, the full moon of Thadingyut, said member of the pagoda board of trustee U Ko Lay.

He added, "Extended building and the platform are purposed for pilgrims. The Beikman will comprise the hostels. The Sasana Beikman building is of four storey. The extended platform of the pagoda is 149 feet long and 63 feet wide.

Religious associations in Sagaing offer alms to SoonU Ponnyashin Pagoda on Full moon of Waso.

Moreover, SoonU Ponnyashin Pagoda, one of the prominent tourist destinations in Sagaing Region, attracts travellers in the tourism season.

ASH

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# K210 million loaned to farmers through JICA (two-step loan) for buying agricultural machinery

**Mandalay October 8**

This financial year, K210 million of loans was disbursed to farmers through JICA (two-step loan) for purchase of agricultural machinery, said U Soe Ko Ko Win, Mandalay Region Manager of Myanmar Agricultural Development Bank.

The bank has issued loans to three farmers from townships of Mandalay Region from August in cooperation with JICA for purchasing tractors, combine harvesters and other machinery in order to transform manual to the mechanized farming. The bank plans to issue more loans to farmers from remaining townships.

"We help local farmers transform manual to mechanized farming in the region. The bank will issue loans to seven townships with soft interest rate. We allow K7 million in maximum to each farmer. So far, we have disbursed loans to farmers from two townships for purchase of a combine harvester and two tractors," he added.


Farm work being carried out with the use of tractors.

Thanks to agricultural machinery, farmers can make farming tasks in a short time and cultivate crops in time. Moreover, use of these machinery can save waste in farming tasks and ease shortage of farming labour.

The bank will issue loans to farmers from Singu, Singaing, Kyaukse, Wundwin, Myittha, Yamethin and Pyawbwe townships.

185

# More than 16,000 acres of long staple cotton cultivated in Minbu District

**Minbu October 8**

More than 16,000 acres of croplands have been placed under long staple cotton to yield 700 viss of cotton wool per acre of target production in 2023-24 monsoon season in Minbu District of Magway Region, said Head of Minbu District Agriculture Department U Hla Moe.

Long staple cotton was cultivated in Minbu, Pwintbyu, Salin, Ngaphe and Sedoktara townships of Minbu District.

"Local farmers in Minbu Township grew 1,879 acres of long staple cotton, Pwintbyu Township 1,248 acres, Salin Township 12,515 acres, Ngaphe Township 900 acres and Sedoktara Township 50 acres, totalling 16,592 acres," said U Hla Moe.

Minbu District cultivated 16,592 acres of long staple cotton till 30 September 2023 against the target of 18,713 acres with the aim of securing the high yield of cotton wool this monsoon.

The District Agriculture Department distributed quality seeds of paddy, groundnut, sunflower, pigeon pea, green gram and long staple cotton to local farmers for having high per-are yield of crops in @023 monsoon as well as agricultural techniques to the local farmers, according to the district department.

Po Htet (Minbu)

# Sun-dried salt fetches K74,000 per 100 viss in Labutta Township

**Labutta October 8**


Local traders purchase sundried salt at K74,000 per 100 viss, said Daw Yi Yi Thant, salt trading business owner in Labutta Township of Ayeyawady Region.

Price of sundried salt in Labutta Township was set at K52,000 per 10 viss in August and September this year. From 1 October to date, such kind of salt fetches K74,000 per 100 viss. As prices of sundried salt are higher, local salt farmers and traders get good benefits.

"This year, sundried salt gets good prices in the market. As now is time to make fish-paste and dried fish, prices of salt rise. At present, local salt farmers keep inventory salt only. High prices of salt help life of salt farmers improve. Such salt is being distributed to Yangon market as well as to other areas of Ayeyawady Region," said Daw Yi Yi Thant.

Salt farmers and businesspersons systematically produce sundried salt in Labutta Township and send it to Yangon market. In Labutta Township, local people are engaged in some 10 acres of salt farms each. Domestically produced salt is used in dried fish, fish paste and fish sauce industries.

Kyaw Kyaw Lin


Salt being dried in the sun.

# Myanmar representatives join Asia-Pacific Real Estate Convention and FIABCI-Thai seminar in Bangkok



Asia-Pacific Real Estate Convention and FIABCI-Thai seminar in progress.

**Yangon October 8**

More than 110 members of the Myanmar Real Estate Services Association (MRESA) attended the Asia-Pacific Real Estate Convention and FIABCI-Thai seminar for the first time in Bangkok of Thailand, said U Khin Maung Than, chairman of the association.

The event will take place in Bangkok of Thailand on 5 and 6 October and Myanmar representatives were invited to the seminar for the first time.

"The France-based international real estate federation initiates the FIABCI events. The FIABCI established in 1951 organized the Asia-Pacific Real Estate Convention & FIABCI-Thai seminar. This is the first participation of Myanmar. The developers, real estate agents, legal professionals, and contractors from over 70 countries attend the event and they will also read out the papers. The seminar will offer international standard real estate services and deliver the law, ethnic and techniques for the field of properties," added U Khin Maung Than.

Myanmar Real Estate Services Association makes efforts to work with international real estate organizations so as to offer international standard services.

ASH

# 14,146 acres of rain-fed crops planted in Labutta in this year's rain crop planting season

**Labutta October 8**

A total of 14,146 acres of rain-fed crops have been fully planted in this year's rain crop planting season in Labutta Township, Labutta District, Ayeyawady Region, said U Myo Aung, head of Labutta Township's Agriculture Department.

The rain-fed crops that have been planted are 6,700 acres of vegetables, 1,145 acres of cassava, 126 acres of sugarcane, 99 acres of pigeon peas, 1,046 acres of corn and 6,076 acres of bananas.

"More than one acre of rain-fed pepper has been planted. Because the price of pepper is good, we are going to plant more winter peppers next winter. It is convenient to plant rain-fed pepper this year because the Department of Agriculture provided the necessary technology. For this year, we have a plan to plant winter peppers as the prices of the peppers that were planted are good. We



Crop plantation.

plants more peppers in the winter," said U Hla Tun, a farmer from Labutta Township.

KKL

# K55.78 billion disbursed as agricultural cost to local farmers to grow monsoon crops

**Mandalay October 8**

Mandalay Region Myanmar Agricultural Development Bank stated that it has issued K55.78 billion as agricultural cost to local farmers for cultivation of monsoon crops in Mandalay Region this year.

Mandalay Region branch of the bank started disbursement of loans to local farmers in the third week of May this year for cultivation of monsoon crops. The loans covered farmers from 23 townships for paddy and other crops. At present, 87,463 farmers have received loans for cultivation of crops on 481,705 acres in 23 townships, said Region bank manager U Soe Ko Ko Win.

"It is loans for monsoon crops including paddy and other crops. It was issued to farmers from 23 townships till the end of September. Interest rate is very soft at 5 per cent. Mainly, the loan covers farmers engaging in cultivation of monsoon crops. Yearly, we disburse loans to farmers for monsoon, cold season and early monsoon crops. The farmers growing paddy can get K150,000 per acre and other crops K100,000 per acre," he explained.

The bank issues loans for 481,705 acres of paddy and other crops in 23 townships of Mandalay Region for cultivation of crops in 2023. These townships are Chanayethazan, Amarapura, Patheingyi, PyinOoLwin, Madaya, Singu, Thabeikkyin, Kyaukse, Singaing, TadaU, Myittha, Meiktila, Wundwin, Mahlaing, Thazi, Myingyan, Taungtha, Natogyi, Ngazun, Yamethin, Pyawbwe, NyaungU and Kyaukpadaung townships.

185

# Israel faces 'long, difficult war' after Hamas attack from Gaza

**Jerusalem October 8**

Israel's military has warned that Hamas militants from Gaza are still fighting inside Israel after they infiltrated southern communities and left a reported 300 people dead.

Prime Minister Benjamin Netanyahu has told Israelis they are going into a "long and difficult war".

Hundreds of gunmen burst into southern Israel, killing soldiers and civilians, and taking into Gaza what the army said was a "significant number" of hostages.

Israel has responded with air strikes.

These have continued on Sunday morning, with the Israeli Air Force saying it was targeting "operational infrastructure" in Gaza.

The Israeli military also carried out artillery strikes in southern Lebanon after mortars were fired from there towards Israeli positions in the disputed Mount Dov/Shebaa Farms area.

Lebanon's militant Hezbollah movement claimed it had carried out the attack "in solidarity with the Palestinian resistance".

More than 300 people have been killed by Israeli strikes in Gaza since Palestinian militants infiltrated Israel from Gaza on Saturday morning, according to Palestinian health officials.

Gazans received Israeli text messages overnight telling them to leave their homes and move to city centres or take refuge in shelters.

BBC

# Afghanistan earthquake: Hundreds dead in powerful quake

**Kabul October 8**

Hundreds of people are feared dead after a powerful earthquake hit western Afghanistan, near the Iranian border.

The death toll is expected to rise as information comes in from rural areas, with one Taliban government department suggesting it could be more than 2,000.

The 6.3 magnitude quake devastated at least 12 villages near the city of Herat on Saturday.

There were powerful aftershocks. Survivors described their terror as buildings collapsed around them.


Rescue teams worked through the night trying to find survivors trapped beneath the rubble.

Thousands of people have been injured. In a country with sorely inadequate medical facilities, hospitals are struggling to treat the injured. The UN and other organisations have begun to rush in emergency supplies.

The earthquake struck about 40km (25 miles) northwest of Herat at around 11:00 local time (06:30 GMT) on Saturday.

The worst affected communities are remote and consist of mud structures. "In the very first shake all the houses collapsed," Herat resident Bashir Ahmad, whose family lives in the one of the villages, told AFP news agency.

BBC



Many of the villages hit by the quake consist of little more than mud houses.

# အလုပ်သုံးမျိုးနဲ့လူသားများ

ကိုယဉ်ချစ်(မန္တလေး)

လူ၊ နတ်စတဲ့သတ္တဝါတွေပါဝင်နေတဲ့သတ္တလောက၊ ပြုပြင်စီရင်တတ်တဲ့သင်္ခါရလောက၊ တောတောင် ရေမြေသမုဒ္ဒရာစတာတွေပါဝင်တဲ့ ဩကာသလောက ဆိုတဲ့လောကကြီးသုံးပါးမှ သတ္တလောကထဲကလူဆိုတဲ့ သတ္တဝါတွေဟာ တခြားသက်ရှိသတ္တဝါတွေထက် အသိဉာဏ်အရှိဆုံးနဲ့ အသိဉာဏ်ကို အသုံးချတတ်ဆုံးသတ္တဝါတွေဖြစ်ပါတယ်။ အခြားသက်ရှိသတ္တဝါတွေကတော့ အိပ်မယ်၊ စားမယ်၊ မေထုန်မှီဝဲမယ်ဆိုတဲ့ အသိတွေနဲ့ပဲ အသက်ရှင်ရပ်တည်နေကြတယ်။ လူဆိုတဲ့သတ္တဝါတွေကတော့ လူ့ဘဝမှာ အသက်ရှင်ရပ်တည်နိုင်ဖို့၊ အသက်ရှည်ဖို့၊ စားဝတ်နေရေး၊ ကျန်းမာရေး စတဲ့ အရေးကိစ္စတွေမှာ အဆင်ပြေဖို့၊ ချမ်းသာဖို့အတွက် အသိဉာဏ်တွေကို အခြားသက်ရှိသတ္တဝါတွေထက် ပိုပြီးအသုံးချတတ်ကြပါတယ်။

အဲဒီလိုအသုံးချကြတဲ့အခါ လူတိုင်းဟာ အလုပ်သုံးမျိုးကို မဖြစ်မနေလုပ်ကိုင်ကြပါတယ်။ အဲဒီအလုပ်သုံးမျိုးကတော့ ကာယကံ၊ ဝစီကံ၊ မနောကံ ဆိုတဲ့အလုပ်တွေပါပဲ။ ကိုယ်တိုင်ရွေးချယ်မှုရယ်၊ ပတ်ဝန်းကျင်ရယ်၊ ဖြစ်ပျက်နေတဲ့အခြေအနေတွေပေါင်းပြီး အလုပ်တစ်ခုကိုလုပ်လိုက်ရင် အလုပ်တစ်ခုကတော့ပြီးသွားတယ်။ ပြီးသွားတဲ့အလုပ်တွေက အကောင်းအဆိုးဆိုတဲ့ အကျိုးအပြစ်တွေနဲ့ ပြီးမြောက်သွားပါတယ်။ ဘယ်သူမပြုမိမိမှုဆိုစကားလို ကောင်းတာတွေပြုမိရင် ကောင်းတဲ့အကျိုးတွေ ခံစားရသလို မကောင်းတာတွေလုပ်မိရင် မကောင်းတဲ့အပြစ်တွေ ခံစားရတော့တာပါပဲ။ ဒါကြောင့် နေ့စဉ်တွေးတောကြံစည်၊ ပြောဆို၊ လုပ်ကိုင်နေတာတွေမှန်သမျှ ကောင်းကျိုးတွေခံစားနိုင်ကြဖို့ ကောင်းတဲ့အလုပ်တွေရွေးချယ်လုပ်ကိုင်ကြဖို့လိုပါတယ်။

**စိတ်အတွေးအကြံ(မနောကံ)**

ကာယကံ၊ ဝစီကံ၊ မနောကံလို့ဆိုပေမဲ့ မနောကံဆိုတဲ့ စိတ်အတွေးအကြံက အရင်ဆုံးကြံစည်တွေးတောမှုနဲ့စတင်ပါတယ်။ အလုပ်တစ်ခုလုပ်တော့မယ်ဆိုရင် ဘာပြောမယ်၊ ဘယ်လိုပြောမယ်၊ ဘာလုပ်မယ်၊ ဘယ်လိုလုပ်မယ်ဆိုတဲ့ အတွေးအကြံက အရင်ဆုံးစတင်ပါတယ်။ အပင်တစ်ပင်စိုက်ပျိုးမယ်ဆိုရင် မျိုးစေ့ကောင်းမှ အရည်အသွေးကောင်းတဲ့ အသီးအနှံတွေရသလို ကိုယ်လုပ်တဲ့အလုပ်တွေကောင်းမွန်ဖို့ စပြီးတွေးကြံလိုက်တဲ့စိတ်အတွေးအကြံက အရေးကြီးပါတယ်။ စိတ်က တွေးတောကြံစည်လိုက်တာတွေကို အခြေခံပြီး နှုတ်မှုဝစီကံတွေနဲ့ပြောတယ်၊ ကာယကံမြောက်အလုပ်တွေကိုလုပ်တယ်။ ဒါဟာ လူသားတိုင်း မလွဲမသွေလုပ်ကိုင်နေတဲ့ အလုပ်တွေပဲဖြစ်ပါတယ်။ တစ်နည်းပြောရရင် ကိုယ်လုပ်မဲ့အလုပ်တွေကို စိတ်က စီမံချက်ရေးဆွဲပေးလိုက်တာပါပဲ။ စိတ်ကဦးဆောင်တယ်လို့လဲဆိုကြပါတယ်။

စိတ်ချမ်းသာလိုက်တာ၊ စိတ်ဆင်းရဲလိုက်တာ၊ စိတ်ထဲအေးချမ်းသွားတာပဲ၊ စိတ်ပူလိုက်ရတာ၊ စိတ်ကောင်းရှိသူ၊ စိတ်ထားမကောင်းသူဆိုတဲ့ စိတ်ပိုင်းဆိုင်ရာအကြောင်းတရားတွေကိုလဲ လူတွေကပဲ ပြုမူဖန်တီးကြပါတယ်။ နှုတ်ကပြောလိုက်တာတွေ၊ ကာယကံမြောက် လုပ်လိုက်တာတွေက ကောင်းတာဖြစ်ဖြစ်၊ ဆိုးတာဖြစ်ဖြစ် စိတ်ကအရင်ဆုံးအခြေခံလာတာပါ။ စိတ်အတွေးအကြံတွေ ရင်းနှီးစိုက်ထုတ်လိုက်သလောက် ကောင်းကျိုးဆိုးကျိုးဆိုတာတွေဖြစ်လာတာပါပဲ။

စိတ်အလျဉ်ဆိုတာ အင်မတန်မြန်ဆန်ပါတယ်။ အလင်းရောင်ရဲ့ပြေးနှုန်းဟာ မြန်လွန်းလို့ပြေးနေတယ်လို့တောင်မထင်ကြရဘူး။ စိတ်အလျဉ်က အဲဒီအလင်းရဲ့ ပြေးနှုန်းထက်အဆပေါင်းများစွာ လျင်မြန်တယ်လို့ဆိုပါတယ်။ သွားချင်တဲ့နေရာတစ်ခုဆီကိုသွားဖို့စီစဉ်ရင် လူ၊ ငွေကြေး၊ အချိန်ဆိုတာတွေကို ရင်းနှီးပြီးမှ သွားလို့ရပေမဲ့ သွားချင်တဲ့နေရာတစ်ခုကို စိတ်နဲ့သွားကြည့်လိုက်တဲ့အခါ စက္ကန့်ပိုင်းအတွင်းမှာ ရောက်သွားပါတယ်။ ဒါကြောင့် စိတ်ကို အထိန်းအကွပ်မလုပ်နိုင်ရင်တော့ ဟိုမရောက်ဒီမရောက်နဲ့ ဘဝရဲ့ ရည်မှန်းချက်ခရီးကို လည်ထွက်သွားတတ်ပါတယ်။

စိတ်ရဲ့သဘောသဘာဝဟာ အင်မတန်ကျယ်ပြန့်ပါတယ်။ စိတ်တစ်ခု ယုတ် ၉၀ လို့ဆိုပါတယ်။ ကာမစိတ်က ၅၄ ပါး၊ ရူပစိတ်က ၁၅ ပါး၊ အရူပစိတ်က ၁၂ ပါးနဲ့ လောကုတ္တရာစိတ်က ရှစ်ပါး စုစုပေါင်း ၈၉ ပါးရှိပါတယ်။ ကမ္ဘာသူကမ္ဘာသား သတ္တဝါတွေရှိသမျှတို့ရဲ့သန္တာန်မှာ ဆိုင်ရာဆိုင်ရာဖြစ်တဲ့စိတ်အစုတွေကို တစ်ခုမကျန်ရေတွက်လိုက်ရင် ၈၉ ပါးရှိပါတယ်။ ၉၀ ပြည့်ဖို့တစ်ခု ယုတ်လျော့နေတာကြောင့် စိတ်တစ်ခုယုတ် ၉၀ လို့ဆိုလိုတာဖြစ်ပါတယ်။ ဒီလောက်ကျယ်ပြန့်တဲ့စိတ်ကိုထိန်းချုပ်နိုင်ဖို့ဆိုတာ မလွယ်ကူပါဘူး။ လူတစ်ယောက်ရဲ့စိတ်က ဖြစ်ပေါ်လာတဲ့အတွေးအကြံ၊ တွေးခေါ်မြော်မြင်မှု၊ အတွေးအမြင်ဆိုတာတွေဟာ အစပိုင်းမှာတော့ မြူမှုန်လေးလောက်ပါပဲ။ စိတ်ရဲ့ တွန်းအားတွေကြောင့် ထုထည်ကြီးမားတဲ့ အစိုင်အခဲကြီးတစ်ခုလိုဖြစ်လာပါတယ်။ ဒါကြောင့် မသင့်တော်တဲ့၊ မကောင်းတဲ့စိတ် အတွေးအကြံတွေကို ငယ်စဉ်ကတည်းက ဖယ်ထုတ်ပစ်နိုင်ရင် အကောင်းဆုံးဖြစ်ပါတယ်။

**နှုတ်မှုအပြောအဆို(ဝစီကံ)**

စကားဆိုတာ အနက်အဓိပ္ပာယ်ရှိသောနှုတ်မြွက်သံ။ ပြောဆိုချက်လို့ မြန်မာအဘိဓာန်မှာ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ နှုတ်ကဖွင့်ဟပြောဆိုလိုက်တဲ့ စကားတစ်ခွန်းဟာ အကောင်းဆုံးတွေဖြစ်သွားနိုင်သလို အဆိုးဆုံးအခြေအနေဆီကိုလဲ ရောက်သွားနိုင်ပါတယ်။ စကားတစ်ခွန်းကြောင့် ချစ်ခြင်း မုန်းခြင်းတွေဖြစ်ပေါ်လာပြီး တည်ငြိမ်အေးချမ်းသာယာတဲ့ လူ့ဘောင်ကို တည်ဆောက်နိုင်သလို ကမ္ဘာစစ်ကြီးတွေလို ဆိုးရွားတဲ့အခြေအနေကိုလဲ ရောက်ရှိသွားနိုင်ပါတယ်။

ဒါကြောင့် နှုတ်မှုအပြောအဆိုနဲ့ ဆက်ဆံကြရာမှာ အလေးထားပြောဆိုကြရပါမယ်။ သာမန်လူတွေထက် ခေါင်းဆောင်တွေ၊ အကြီးအကဲတွေ၊ အရေးပါတဲ့ပုဂ္ဂိုလ်တွေဟာ စကားပြောရာမှာ ဆိုခဲစေမြဲစေဆိုသလို စကားတစ်ခွန်းဆိုတစ်ခွန်း ရှေ့နောက်ချင့်ချိန်ပြောဆိုတတ်ကြပါတယ်။ တန်ဖိုးမဲ့တဲ့စကားတွေ ခဏခဏပြောမိရင် ပြောသူရဲ့ဂုဏ်သိက္ခာကျဆင်းသွားပြီး လူမှုဆက်ဆံရေးနယ်ပယ်မှာ အထင်သေးတဲ့ထိ ဖြစ်သွားတတ်ပါတယ်။

မြန်မာ့လူ့ဘောင်မှာတော့ စကားပြောဆိုတာနဲ့ ပတ်သက်ပြီး ပညာရှိတွေက သွန်သင်ဆုံးမသတိပေးခဲ့ကြပါတယ်။ စကားခြောက်ခွန်း၊ လူ့ဦထွန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းတည်ဆိုတဲ့ဆုံးမစကားကိုမှတ်သားဖူးပါတယ်။ စကားခြောက်ခွန်းဆိုတာက (၁) ဟုတ်လည်းဟုတ်မှန်၊ အကျိုးရှိ၊ သူနာလို၊ (၂) ဟုတ်လည်းဟုတ်မှန်၊ အကျိုးရှိ၊ သူမနာလို၊ (၃) ဟုတ်လည်းဟုတ်မှန်၊ အကျိုးမရှိ၊ သူနာလို၊ (၄) ဟုတ်လည်းဟုတ်မှန်၊ အကျိုးမရှိ၊ သူမနာလို၊ (၅) ဟုတ်လည်းမဟုတ်၊ အကျိုးမရှိ၊ သူနာလို၊ (၆) ဟုတ်လည်းမဟုတ်၊ အကျိုးမရှိ၊ သူမနာလိုတဲ့စကားတွေဖြစ်ပါတယ်။ ဒီစကားကြီး ခြောက်ခွန်းထဲက အမှတ်စဉ် (၃) ကနေ (၆) ထိကို ပယ်ပြီး (၁) နဲ့ (၂) ကို ကျင့်ကြံပြောဆိုရမှာဖြစ်ပါတယ်။

မှားယွင်းပြောဆိုမိတဲ့အတွက် ဆိုးကျိုးသက်ရောက်ခဲ့တဲ့ရာဇဝင်သမိုင်းဖြစ်ရပ်တစ်ခုရှိခဲ့ပါတယ်။ ပုဂံမင်းဆက်မှာ အလောင်းစည်သူမင်းကြီးဟာ ဘုန်းကံကြီးမားတဲ့ဘုရင်တစ်ပါးဖြစ်ပါတယ်။ သူဟာ မကြာခဏ တိုင်းခန်းလှည့်လည်တာကြောင့် ကုန်းကြောင်းခရီးနဲ့ တရုတ်ပြည်ကိုရောက်ခဲ့သလို ပုသိမ်သင်္ဘောဆိပ်ကနေပြီး ရေကြောင်းခရီးနဲ့ ရခိုင်ကမ်းရိုးတန်း၊ မလေးကျွန်းဆွယ်၊ သီဟိုဠ်ကျွန်း၊ အိန္ဒိယကမ်းရိုးတန်းနဲ့ဇမ္ဗူဒီပါကျွန်းဦးတွေဆီကိုပါ ရောက်ခဲ့ပါတယ်။ အဲဒီလိုသွားလာခဲ့လို့ ပင်လယ်ကမ်းရိုးတန်းတွေ၊ သမုဒ္ဒရာအတွင်းက ထူးဆန်းတဲ့မြင်ကွင်းတွေကို ရှုစားခဲ့ရပါတယ်။ တစ်ခါတော့ အလောင်းစည်သူမင်းကြီးကတွေးမိတယ်။ ငါဟာ ဘုန်းကံကြီးတဲ့မင်းဖြစ်လို့ မာန်အောင်ကျွန်း၊ သီဟိုဠ်ကျွန်း၊ မလ္လယုကျွန်းတွေကိုရောက်ခဲ့လို့ အထူးအဆန်းတွေကို မြင်တွေ့ခွင့်ရခဲ့တယ်။ ငါ့ဘိုးဘေးတွေက ငါလိုဘုန်းတန်ခိုးကြီးကြမှာမဟုတ်ဘူး။ ဒါကြောင့် အထူးအဆန်းတွေမြင်တွေ့မသွားရတာလို့တွေးမိရင်း နှုတ်ကပါထုတ်ဖော်ပြောလိုက်မိတယ်။

ဘိုးဘေးတွေကို မနောကံကော ဝစီကံနဲ့ပါ ပြစ်မှားလိုက်တဲ့အတွက် အလောင်းစည်သူမင်းကြီးဟာ မျက်စိနှစ်ဖက်ကွယ်သွားခဲ့ပါတယ်။

ဒုစရိုက် ၁၀ ပါးမှာပါဝင်တဲ့ ဝစီဒုစရိုက်လေးပါးမှာ မဟုတ်မမှန်တဲ့အရာကို ဟုတ်မှန်တဲ့အနေနဲ့ပြောတဲ့ မုသာဝါဒ။ ကုန်းတိုက်တာ၊ ချစ်ခင်သူနှစ်ဦးကိုရန်တိုက်ပေးတာ၊ သင့်တင့်ညီညွတ်နေတဲ့မိတ်ဆွေအချင်းချင်း မသင့်မတင့်ဖြစ်အောင် စိတ်ဝမ်းကွဲအောင်ပြောတဲ့ ပိသုဏာဝါစာ၊ ကြမ်းကြမ်းတမ်းတမ်းဆဲရေးတိုင်းထွာပြောဆိုတဲ့ဖရုသဝါစာ၊ ကိုယ်ကောသူတစ်ပါးပါ အကျိုးမရှိတဲ့စကားပြောဆိုတဲ့ သမ္ဖပ္ပလာပတွေဟာ တစ်ဖက်သားကို အကျိုးယုတ်စေတဲ့အတွက် ရှောင်ကြဉ်ပြောဆိုကြဖို့လိုပါတယ်။

လူမှုဆက်ဆံရေးနယ်ပယ်မှာ စကားအပြောအဆိုဟာအရေးကြီးပါတယ်။ စကားပြောသူရဲ့အရည်အချင်း၊ တန်ဖိုးတွေကို သူပြောတဲ့စကားတွေထဲက ဖော်ပြနေတတ်ပါတယ်။

မစဉ်းစားမဆင်ခြင်ဘဲ ပြောလိုက်တဲ့စကားတစ်ခွန်းဟာမချိန်ရွယ်ဘဲ ပစ်လွှတ်လိုက်တဲ့ မြားတစ်စင်းလို ဦးတည်ပစ်မှတ်ကိုမထိမှန်နိုင်ဘူးဆိုတာ သတိပြုရပါမယ်။ ဒါကြောင့် မပြောခင်ကစဉ်းစားပြော၊ ပြောနေတုန်းလဲစဉ်းစားပြော၊ ပြောပြီးရင်လဲပြန်စဉ်းစားဖို့ အကြံပြုချင်ပါတယ်။

**ကိုယ်ဖြင့်ပြုလုပ်မှု(ကာယကံ)**

ကောင်းတဲ့အလုပ်တွေကို လုပ်ကိုင်ကြသူတွေဟာ အနိမ့်ဆုံး ကာယသုစရိုက်-ကာယကံသုံးပါးကိုအလေးထားလိုက်နာကြပါတယ်။ သူ့အသက်ကိုမသတ်ဘူး။ သူတစ်ပါးမပေးတဲ့ပစ္စည်းကိုမခိုးဘူး။ ကာမဂုဏ်မှာ ယုတ်ယုတ်မာမာမပြုကျင့်ဘူး။ ဒီသုံးချက်စလုံးကို ရှောင်ကြဉ်တယ်။ ဒါကြောင့် မကောင်းမှုတွေက ကင်းစင်နေတယ်။ အကြောင်းအချက်ကတော့ သုံးချက်တည်းပေမဲ့ တကယ်လိုက်နာကျင့်ကြံနိုင်ကြဖို့ကြခက်ခဲတတ်ပါတယ်။ ဒါပေမဲ့ တကယ်လုပ်ရင် ကောင်းကျိုးတကယ်ခံစားရတတ်ပါတယ်။

အလုပ်ထဲကို တကယ်အာရုံနှစ်မြှုပ်လုပ်တဲ့သူတွေဟာ အလုပ်လုပ်နေရင်း ပြဿနာတွေ၊ အခက်အခဲတွေ၊ စိတ်ညစ်စရာတွေနဲ့ကြုံတွေ့ကြရင် စိတ်ဓာတ်ကျသွားတတ်ပါတယ်။ ဒီလိုကြုံတွေ့လာရင်စိတ်ဓာတ်မကျပါနဲ့၊ မညည်းညူပါနဲ့၊ ပတ်ဝန်းကျင်ကိုလဲ အပြစ်မတင်ပါနဲ့၊ ဖြစ်လာတဲ့ပြဿနာရဲ့ အရင်းအမြစ်ကို ရှာပြီးရင်ဆိုင်ဖြေရှင်းလိုက်ပါ။ အဲဒါဟာ ကာယကံရှင်ရဲ့အရည်အချင်းပါပဲ။

တချို့အလုပ်တွေက အများနဲ့ပူးပေါင်းလုပ်ကြရတာဖြစ်လို့ စိတ်သွားတိုင်းကိုယ်မပါဖြစ်တတ်ပါတယ်။ တစ်ခါတစ်ရံ သူများစိတ်နဲ့ကိုယ့်ခန္ဓာကိုယ်နဲ့ လုပ်နေရတာမျိုးတွေလဲ ကြုံတတ်ပါတယ်။ ကိုယ်ကစေတနာထားလုပ်ပေမဲ့ စေတနာကိုနားမလည်သူတွေနဲ့ တွေ့ကြုံရတဲ့အခါ အင်မတန်စိတ်ဓာတ်ကျစရာကောင်းပါတယ်။ ပုဂ္ဂလိကခံစားချက်ကြောင့် လုပ်ငန်းခွင်ကို ထိခိုက်တာမျိုးမဖြစ်သင့်ပါ။ အကြွေစေ့မှာခေါင်းနဲ့ပန်းနှစ်ဖက်ရှိတယ်။ ခေါင်းဘက်မှာကြည့်တဲ့သူက ခေါင်းလို့ပဲပြောမယ်။ ပန်းဘက်မှာရှိနေသူကလဲ ပန်းလို့ပြောမှာပါပဲ။ ကိုယ့်ဘက်ကမြင်ရတဲ့ မြင်ကွင်းအပြင် သူ့ဘက်ကိုလဲ ပြောင်းကြည့်လိုက်ပါ။ ဒါဆိုရင် နားလည်မှုတွေရပြီး အဖြေမှန်ကိုပါ ရှာတွေ့နိုင်ပါလိမ့်မယ်။

လူတိုင်းက ဘဝတစ်ခုရပ်တည်ရှင်သန်ရဖို့ အလုပ်လုပ်နေကြသူတွေချည်းပါ။ ဘယ်အလုပ်ကိုပဲ လုပ်လုပ် အသေးအဖွဲ့ပါကွာဆိုပြီး မထီမဲ့မြင် မလုပ်စေချင်ပါ။ တစ်ခါတစ်ရံမှာ မထီမဲ့မြင်လုပ်လိုက်တဲ့ အသေးအဖွဲ့လေးက ပြဿနာအကြီးကြီးဖြစ်သွားတတ်ပါတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံ ဆိုတဲ့အလုပ်သုံးမျိုးနဲ့ နေ့စဉ်နေ့တိုင်း အလုပ်တွေလုပ်နေကြသူတွေဟာ လုပ်သမျှအလုပ်တွေတိုင်းမှာ အခြေခံအကျဆုံးဖြစ်တဲ့ စိတ်ကစပြီး တွေးတောတယ်၊ ကြံစည်တယ်၊ စဉ်းစားတယ်။ ဝစီကံအပြင် ကာယကံမြောက်အလုပ်တွေကို လုပ်ကြတယ်။ အလုပ်တိုင်း ကောင်းတဲ့အလုပ်ဖြစ်ဖို့ အခြေခံကစလာတဲ့စိတ်ကို မတိမ်းစောင်းအောင်၊ တည့်မတ်မှန်ကန်အောင် တွေးတောကြံစည်စဉ်းစားဖို့က အရေးကြီးဆုံးပါပဲ။

ကောင်းတဲ့အလုပ်တွေလုပ်ပြီး ကောင်းကျိုးတွေခံစားနိုင်ဖို့ စိတ်ထားကောင်းကောင်းထား၊ နှုတ်ကပြောတဲ့အပြောတွေကို သတိနဲ့ဆင်ခြင်ပြော၊ ပြောသင့်တာတွေကိုသာပြော၊ ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့နဲ့ပြော၊ လုပ်ကိုင်နေသမျှအလုပ်တွေတိုင်းမှာ မလုပ်ခင်ကစဉ်းစား၊ လုပ်နေတုန်းလဲစဉ်းစား၊ လုပ်ပြီးသွားရင်လဲ ကိုယ်လုပ်တဲ့အလုပ်ရဲ့ အမှန်အမှားကို ပြန်စဉ်းစား၊ ပြင်စရာရှိရင်ပြင်လိုက်ပေါ့။ အလုပ်သုံးပါးစလုံး ညီညွတ်မျှတ မှန်ကန်ကောင်းမွန်နေရင် အလုပ်သုံးမျိုးနဲ့လူသားတွေအားလုံး ပျော်ရွှင်ချမ်းမြေ့နိုင်ကြမှာဖြစ်ပါတယ်လို့ ရေးသားလိုက်ရပါတယ်။

❖ လူတိုင်းက ဘဝတစ်ခုရပ်တည်ရှင်သန်ရဖို့ အလုပ်လုပ်နေကြသူတွေချည်းပါ။ ဘယ်အလုပ်ကိုပဲလုပ်လုပ် အသေးအဖွဲ့ပါကွာဆိုပြီး မထီမဲ့မြင်မလုပ်စေချင်ပါ။ တစ်ခါတစ်ရံမှာ မထီမဲ့မြင်လုပ်လိုက်တဲ့ အသေးအဖွဲ့လေးက ပြဿနာအကြီးကြီးဖြစ်သွားတတ်ပါတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံ ဆိုတဲ့အလုပ်သုံးမျိုးနဲ့ နေ့စဉ်နေ့တိုင်း အလုပ်တွေလုပ်နေကြသူတွေဟာ လုပ်သမျှအလုပ်တွေတိုင်းမှာ အခြေခံအကျဆုံးဖြစ်တဲ့စိတ်ကစပြီး တွေးတောတယ်၊ ကြံစည်တယ်၊ စဉ်းစားတယ်။ ❖

# စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၉၈၁ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ကြက်သွန်နီစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၉၈၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၉၁၅ ဧကကို ယခုနှစ် ဇွန်လက စတင်လျာထားစိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၉၈၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်စစ်ကိုင်းခရိုင်မှာ မိုးကြက်သွန်နီ ၁၉၁၅ ဧကလျာထားစိုက်ပျိုးခဲ့ရာ ၁၉၈၁ ဧကစိုက်ပျိုးပြီးပါပြီ။ ကြက်သွန်နီစိုက်ပျိုးမှုကတော့ တစ်နှစ်ထက် တစ်နှစ်တိုးချဲ့လာတာကို တွေ့ရပါတယ်။ ကြက်သွန်နီဈေးကောင်းရဖို့လဲ ချိတ်ဆက်ပေးနေတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

စစ်ကိုင်းခရိုင်တွင် မြို့နယ်အလိုက် ကြက်သွန်နီစိုက်ပျိုးပြီးစီးမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၁၅၉၄ ဧကနှင့် မြင်းမူမြို့နယ်တွင် ၃၈၇ ဧက စုစုပေါင်း ၁၉၈၁ ဧက ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၁၅၉၄ ဧကနှင့် မြင်းမူမြို့နယ်တွင် ၃၂၁ ဧက စုစုပေါင်း ၁၉၁၅ ဧကဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနက ကြက်သွန်နီစိုက်တောင်သူများ ကြက်သွန်နီဈေးကောင်းရစေရန် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကြာရှည်စွာထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီဖြစ်စေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ဟိုပန်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြေသားလမ်းနှင့် ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ဟိုပန် အောက်တိုဘာ ၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့နယ် ကျေးရွာနှစ်ရွာတွင် မြေသားလမ်းနှင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ရီရီဦးနှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၆၈ ဒသမ ၇၅ သန်းဖြင့် ဆောင်ရွက်သည့် ပန်ကောက်(ကချင်)ကျေးရွာတွင် မြေသားလမ်းဖောက်လုပ်နေမှုကိုလည်းကောင်း၊ ပြည်ထောင်စု မူလခွင့်ပြုရန်ပုံငွေကျပ် သန်း ၄၀ ဖြင့်ဆောင်ရွက်သည့် ကောင်းဆန်းကျေးရွာတွင် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း စစ်ဆေးကြပြီး ဒုတိယညွှန်ကြားရေးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။



ဟိုပန်ခရိုင် ဟိုပန်မြို့နယ် ပန်ကောက်(ကချင်) ကျေးရွာ၌ အရှည် တစ်မိုင်နှစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ မြေသားလမ်းကို ဟိုပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုနှစ် ဇူလိုင်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၂ ရာခိုင်နှုန်း၊ ကောင်းဆန်းကျေးရွာ၌ အရှည် နှစ်မိုင် စိမ့်စမ်းရေသွယ်ယူခြင်း၊ ရေတားတမံ၊ ဂါလန် ၃၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းများကို အဆိုပါဦးစီးဌာနက ယခုနှစ် ဇူလိုင်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၆၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**

# သံတောင်ကြီးမြို့နယ် မယ်ဇလီကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သံတောင်ကြီး အောက်တိုဘာ ၈**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မယ်ဇလီကုန်းကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မယ်ဇလီကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းသတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၄၈ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၇၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ဘိုဘို**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၈-၁၀-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဗေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ရွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၁၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၁၉၉၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၀၉၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်းအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)





၂၀ ရှေ့ဖုံးမှအဆက်

ရထားလမ်းရေကျော်တက်မှုကြာမြင့်နိုင်မည့်အခြေအနေကြောင့် မြန်မာ့မီးရထားတာဝန်ရှိသူများက ပျဉ်ပုံကြီးဘူတာတွင်ရှိနေသော အမှတ်(၄)အစုန် လူစီးအမြန်ရထားမှ ခရီးသည် ၃၀၀ ခန့်ကို နေ့လယ်စာထမင်းဘူးများ၊ သောက်ရေ၊ သုံးရေများ စီစဉ်ဆောင်ရွက်ပေးသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးအစိုးရ၏ စီစဉ်ကြီးကြပ်မှုဖြင့် မွန်းလွဲ ၂ နာရီတွင် အဆိုပါရထားပေါ်၌ရှိနေသော ရန်ကုန်သို့ သွားရောက်မည့် ခရီးသည် ၂၂၅ ဦးကို မော်တော်ယာဉ် ငါးစီးဖြင့် ပျဉ်ပုံကြီးမှ ရန်ကုန်ဘူတာကြီးထိ ဆက်လက်ရွှေ့ပြောင်းပို့ဆောင်ပေးလျက်ရှိသည်။

ထို့အတူ အမှတ်(၈၂)အစုန် အမြန်ရထားတွဲဆိုင်းကို ကလိဘူတာသို့ရွှေ့ပြောင်းပြီးနောက် ခရီးသည် ၅၇၀ ကို မော်တော်ယာဉ် ၁၀ စီးဖြင့် ရန်ကုန်ဘူတာကြီးသို့ ရွှေ့ပြောင်းပို့ဆောင်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရထားလမ်းရေကျော်တက်မှုအခြေအနေအရ ရထားများဖြတ်သန်းသွားလာနိုင်ခြင်းမရှိသောကြောင့် မြန်မာ့မီးရထားအနေဖြင့် ယနေ့ညနေပိုင်းတွင် ရန်ကုန်နှင့် မန္တလေးတို့မှစတင်ထွက်ခွာမည့် အစုန်၊အဆန် အမြန်ရထားလေးစီးတို့၏ ခရီးစဉ်များကို ဖျက်သိမ်းလိုက်ရကြောင်း သိရသည်။

ဆက်လက်၍ မြန်မာ့မီးရထားဝန်ထမ်းများအနေဖြင့် ဖောင်တော်သီဘူတာရှိ ကျောက်ကြီးများကို ရေဖုံးလွှမ်းနေသည့် လမ်းပိုင်းအတွင်းသို့ချယူ၍ ရထားလမ်းကြံ့ခိုင်မှုရှိရေး စီစဉ်ဆောင်ရွက်လျက်ရှိပြီး ရေကျော်တက်နေသည့် ရထားလမ်းပိုင်းအတွင်း ရေပြန်လည်ကျဆင်းသွားချိန်တွင် လမ်း၏ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမွမ်းမံပြင်ဆင်၍ ရထားခရီးစဉ်များပုံမှန်ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ခန္တီးမြို့နယ် ကင်းတော်ကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် ကင်းတော်ကျေးရွာရှိ ဒေသခံပြည်သူများကို ယနေ့တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၂၃ ဦးကို သွေးတိုးရောဂါ၊ ဖျားနာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ နှလုံးရောဂါ၊ အရိုးအကြောရောဂါ၊အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာရောဂါ၊ အသည်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို ခန္တီးတပ်နယ်မှတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**အနောက်မြောက်တိုင်း**
**စစ်ဌာနချုပ်**
**နယ်လှည့်ဆေးကုသရေးအဖွဲ့က**
**ဒေသခံပြည်သူများကို**
**ကျန်းမာရေး**
**စောင့်ရှောက်မှုလုပ်ငန်းများ**
**ဆောင်ရွက်ပေးစဉ်။**



# အာရှအားကစားပြိုင်ပွဲပြီးဆုံးချိန်၌ မြန်မာနိုင်ငံက အဆင့် (၂၇)နှင့် အာဆီယံဇုန်တွင် အဆင့်(၇)နေရာတွင်ရပ်တည်ခဲ့

**ရန်ကုန် အောက်တိုဘာ ၈**

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသည် ယနေ့တွင်ပြီးဆုံးခဲ့ပြီး မြန်မာနိုင်ငံသည် ပြိုင်ပွဲအဆင့်(၂၇) နှင့် အာဆီယံဒေသတွင်းနိုင်ငံများတွင် အဆင့်(၇)နေရာတွင် ရပ်တည်ခဲ့ကြောင်း သိရသည်။

အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံသည် ဘောလုံးအားကစား၊ လှေလှော်အားကစားနှင့် ပိုက်ကျော်ခြင်းအားကစားနှင့် ဝူရှူးပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ဆုကို ပိုက်ကျော်ခြင်းအားကစားနည်းကလည်းကောင်း၊ ကြေးတံဆိပ်နှစ်ခုကို လှေလှော်အားကစားနည်းကလည်းကောင်း ရယူပေးနိုင်ခဲ့သည်။

အခြားအားကစားနည်းများဖြစ်သည့် ဘောလုံးပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီးဘောလုံးအသင်းများအနေဖြင့် အုပ်စုအဆင့်များကို ကျော်ဖြတ်နိုင်ခဲ့သော်လည်း ရှုံးထွက်အဆင့်တွင်ရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခွာခဲ့ရသကဲ့သို့ ဝူရှူးအားကစားနည်းတွင်လည်း ဆုများနှင့်လွဲချော်ခဲ့ရသည်။

(၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲပြီးဆုံးချိန်၌ အာဆီယံဇုန်နိုင်ငံများတွင် ထိုင်းနိုင်ငံက ရွှေ ၁၂ ခု၊ ငွေ ၁၄ ခုနှင့် ကြေး ၃၂ ခုဖြင့် အာဆီယံအဆင့်(၁)နေရာတွင် ရပ်တည်ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံက ရွှေ ခုနစ်ခု၊ ငွေ ၁၁ခု၊ ကြေး ၁၈ ခုဖြင့် အဆင့်(၂)၊မလေးရှားနိုင်ငံက ရွှေ ခြောက်ခု၊ ငွေ ရှစ်ခု၊ ကြေး ၁၈ ခုဖြင့် အဆင့်(၃)၊ ဖိလစ်ပိုင်နိုင်ငံက ရွှေ သုံးခု၊ ငွေ ခြောက်ခု၊ ကြေး ခုနစ်ခုဖြင့် အဆင့်(၄)၊ စင်ကာပူနိုင်ငံက ရွှေ သုံးခု၊ ငွေ ခြောက်ခု၊ ကြေးခုနစ်ခုဖြင့် အဆင့်(၅) ဗီယက်နမ်နိုင်ငံက ရွှေသုံးခု၊ ငွေ ငါးခု၊ ကြေး ၁၉ ခုဖြင့် အဆင့်(၆)၊ မြန်မာနိုင်ငံက ရွှေ တစ်ခု၊ ကြေးနှစ်ခုဖြင့် အဆင့်(၇)၊ အခြားနိုင်ငံများက ရွှေတံဆိပ်ရရှိခြင်းမရှိခဲ့ဘဲ ဘရူနိုင်းနိုင်ငံက ငွေ တစ်ခု၊ ကြေးတစ်ခုဖြင့် အဆင့်(၈)၊ လာအိုနိုင်ငံက ကြေး သုံးခုဖြင့် အဆင့်(၉)၊ ကမ္ဘောဒီးယားနိုင်ငံ ကြေးတစ်ခုဖြင့် အဆင့်(၁၀)နှင့်တီမောလက်စ်တေနိုင်ငံက ဆုတံဆိပ်တစ်ခုမှမရရှိခဲ့ကြောင်း သိရသည်။ STA

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့်လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများအသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့ လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင်ပြည်သူများအနေဖြင့် မိမိတို့အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့သို့ ကွင်းဆင်းဆေးကုသမှုများဆောင်ရွက်ပြီး ကာကွယ်ဆေးအကြိမ်ပြည့်မရရှိသေးသော အသက်တစ်နှစ်မှ ငါးနှစ်အရွယ် ကလေးငယ်များကို Catch-up နည်းလမ်းဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေး

**နေပြည်တော် အောက်တိုဘာ ၈**

ကျန်းမာရေးဝန်ကြီးဌာနသည် အထူးကုဘာသာရပ်ဆိုင်ရာကုသမှုများကို နိုင်ငံသားများအားလုံး လက်လှမ်းမီရရှိနိုင်ရေးအတွက် ပြည်သူများအနေဖြင့် သက်ဆိုင်ရာပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများနှင့် တွေ့ဆုံ၍ လိုအပ်သောကုသမှုများရရှိနိုင်စေရန် ရန်ကုန်နှင့်မန္တလေးမှ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့များဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကွင်းဆင်းကုသမှုအစီအစဉ်များ ဆောင်ရွက်လျက်ရှိသည်။



၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်နှင့် ယနေ့တို့တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)၊ မျက်စိရောဂါအထူးကုဆေးရုံကြီးနှင့် နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီးတို့မှ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့သို့သွားရောက်၍ ကျိုင်းတုံမြို့မှ အထူးကုဆရာဝန်ကြီးများနှင့်အတူ ဒေသခံပြည်သူများကို ဆေးကုသမှုများ ဆောင်ရွက်ပေးသည်။

ဆေးကုသရေးအဖွဲ့သည် နှလုံးရောဂါဆိုင်ရာလူနာ ၂၀၄ ဦး၊ ဦးနှောက်နှင့်အာရုံကြောရောဂါဆိုင်ရာလူနာ ၁၃၄ ဦး၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ဆိုင်ရာလူနာ ၃၁ ဦး၊ အသည်းရောဂါဆိုင်ရာလူနာ ၅၃ ဦး၊ သွေးရောဂါဆိုင်ရာလူနာ ၂၉ ဦး၊ ဆီးချိုနှင့် ဟော်မုန်းဆိုင်ရာလူနာဦးရေ ၁၁၀၊ အရိုးအကြောအဆစ်ရောဂါဆိုင်ရာ လူနာဦးရေ ၂၆၀၊ အရေပြားရောဂါလူနာ ၉၃ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်းရောဂါလူနာ ၉၆ ဦး၊ အထွေထွေရောဂါလူနာ ၁၀၆ ဦး၊ မျက်စိရောဂါလူနာ ၂၀၇ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါဆိုင်ရာ လူနာ ၈၁ ဦး၊ အရိုးရောဂါလူနာ ၆၃ ဦး၊ အထွေထွေခွဲစိတ်ရောဂါလူနာ ၁၅ ဦး၊ ကလေးရောဂါလူနာ ၁၄ ဦး၊ သားဖွားမီးယပ်လူနာ ၁၀ ဦး၊ သွားနှင့်ခံတွင်းလူနာ လေးဦး၊ စိတ်ကျန်းမာလူနာ သုံးဦး စုစုပေါင်းဒေသခံပြည်သူ ၁၅၁၃ ဦး တို့ကိုကြည့်ရှုကုသမှုပေးနိုင်ခဲ့ပြီး လာရောက်ပြသသောလူနာများတွင် ကျိုင်းတုံမြို့ သာမက တာချီလိတ်၊ မိုင်းဆတ်၊ မိုင်းယောင်း စသည့်မြို့နယ်ပေါင်း ၁၂ မြို့နယ်မှ မြို့ပေါ်နှင့် ကျေးလက်နေပြည်သူများပါဝင်ကြသည်။

ထို့အတူ နှလုံးပုံရိပ်ဖော်စက်ဖြင့်ကြည့်ရှုခြင်း (Echocardiography) ၇၈ ဦး၊ အစာအိမ်အူလမ်းကြောင်းမှန်ပြောင်းကြည့်ရှုခြင်း (OGD scope) ၁၈ ဦး၊ အူမကြီးမှန်ပြောင်းကြည့်ရှုခြင်း(Colonoscopy) နှစ်ဦး၊ သွေးရောဂါလူနာများကို ရိုးတွင်းခြင်ဆီစစ်ဆေးခြင်း ငါးဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းဆိုင်ရာ Scope ကြည့်ရှုခြင်း ၄၇ ဦး၊ ကွန်ပျူတာဓာတ်မှန်ဖြင့် စစ်ဆေးခြင်း(CT scan) ၁၈ ဦး၊ ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း ၇၈ ဦး၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း ဦးရေ ၁၉၀၊ Ultrasound ရိုက်ကူးခြင်း ၇၉ ဦး၊ နှလုံးစက်ဖြင့်စစ်ဆေးခြင်း(ECG) ၂၅၂ ဦး၊ သွေးချိုဓာတ်(HbA1C)တိုင်းတာခြင်း ၃၉ ဦးတို့ကိုလည်း စမ်းသပ်စစ်ဆေးကုသပေးနိုင်ခဲ့ပြီး မျက်စိရောဂါဆိုင်ရာ ခွဲစိတ်ကုသမှု ဦးရေ ၂၀၊ ဦးခေါင်းပြင်ပသွေးယိုစီးခြင်းကို ခွဲစိတ်ကုသခြင်း (Burr hole surgery) တစ်ဦးတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့ပြင် နှလုံးရောဂါဆိုင်ရာလူနာ လေးဦး၊ ဦးနှောက်နှင့်အာရုံကြောခွဲစိတ်လူနာ နှစ်ဦး၊ ဦးနှောက်နှင့်အာရုံကြောရောဂါလူနာ တစ်ဦး၊ အရိုးအကြောအဆစ်ရောဂါဆိုင်ရာ လူနာ တစ်ဦးအပါအဝင် လူနာ ၁၅ ဦးတို့ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)ရန်ကုန်သို့ လိုအပ်သောစမ်းသပ်ကုသမှုများ ဆက်လက်ခံယူနိုင်စေရေး လွှဲပြောင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

ပြည်နယ်အစိုးရအဖွဲ့ခွဲမှ တာဝန်ရှိသူများသည် အောက်တိုဘာ ၇ ရက် နံနက်ပိုင်းတွင် ပြည်သူ့ဆေးရုံကြီး ကျိုင်းတုံမြို့သို့ လာရောက်ပြသကုသမှုခံယူကြသော လူနာများကို ကြည့်ရှုအားပေး၍ စားသောက်ဖွယ်ရာများလှူဒါန်းပြီး အထူးကုဆရာဝန်ကြီးများကို တွေ့ဆုံနှုတ်ဆက်၍ ကျေးဇူးတင်စကားပြောကြားသည်။

ဆေးကုသမှု ဆောင်ရွက်ပေးခဲ့သော အောက်တိုဘာ ၇ ရက်နှင့် ယနေ့တို့တွင် ပြည်နယ်အစိုးရအဖွဲ့ခွဲ၊ အလှူရှင်၊ စေတနာရှင်များ၏ကူညီပံ့ပိုးမှုဖြင့် လူနာများကို နေ့လယ်စာ၊ အစားအသောက်များနှင့် မျက်စိခွဲစိတ်ပြီးလူနာများကို မျက်မှန်များလှူဒါန်းကြသည်။

အထူးကု ဆေးကုသရေးအဖွဲ့များသည် ၂၀၂၃ ခုနှစ်အတွင်း ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ သုံးကြိမ်နှင့် ပုသိမ်မြို့၊ တောင်ကြီးမြို့၊ မကွေးမြို့၊ ပြည်မြို့၊ မိတ္ထီလာမြို့၊ မြိတ်မြို့၊ မော်လမြိုင်မြို့၊ မြစ်ကြီးနားမြို့နှင့် ဟသ်ာတမြို့တို့သို့ သွားရောက်၍ ဆေးကုသမှုများဆောင်ရွက်ပြီးဖြစ်ကာ ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များသို့လည်း ဆက်လက်သွားရောက်ဆောင်ရွက်မည်ဖြစ်သည်။

ထို့ပြင် အောက်တိုဘာ ၇ ရက်နှင့် ယနေ့တို့တွင် ကျိုင်းတုံအထွေထွေရောဂါကုဆေးရုံကြီး ကာကွယ်ဆေးထိုးစုရပ်၌ ရှမ်းပြည်နယ်(ကျိုင်းတုံ) ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ ဦးဆောင်မှုဖြင့် ပြည်နယ်တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းနှင့် ကျိုင်းတုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအဖွဲ့တို့မှ အသက် တစ်နှစ်မှ ငါးနှစ်အတွင်း ကာကွယ်ဆေးလုံးဝမရရှိသေးသည့် ကလေးများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် မရရှိသေးသည့်ကလေးများ စုစုပေါင်း ၈၆ ဦး၊ အသက် တစ်နှစ်အောက် ပုံမှန်ကာကွယ်ဆေးထိုးနှံရမည့် ကလေးများ စုစုပေါင်း ၁၇ ဦး စုစုပေါင်း ကလေး ၁၀၃ ဦးတို့ကို အသက်အရွယ်အလိုက် လိုအပ်သောကာကွယ်ဆေးများဖြစ်သည့် ပိုလီယိုအစက်ချကာကွယ်ဆေး (bOPV)၊ ပိုလီယိုကာကွယ်ဆေး ထိုးဆေး (IPV)၊ ဝက်သက်ဂျိုက်သိုးရောဂါကာကွယ်ဆေး(MR)၊ ငါးမျိုးစပ်ကာကွယ်ဆေး (Penta)များ ထိုးနှံ၊ တိုက်ကျွေးပေးခဲ့ရာ ပြည်နယ်အစိုးရအဖွဲ့ခွဲမှ တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များကို ပံ့ပိုးပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပဲခူးမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများကို လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်





**တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ရေဘေးသင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**

**နေပြည်တော် အောက်တိုဘာ ၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်၌ အောက်တိုဘာ ၇ ရက်နှင့် ယနေ့တို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ပဲခူးမြစ်ရေသည် စိုးရိမ်ရေအမှတ် စင်တီမီတာ ၈၈၀ အထက် ၆၈ စင်တီမီတာ (နှစ်ပေခန့်)အထိ မြင့်တက်မှုကြောင့် ပဲခူးမြို့ပေါ်ရှိ ရပ်ကွက်ရှစ်ခုနှင့် ကျေးရွာနှစ်ခုတို့တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည့်နေရာများသို့ ယနေ့တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက သွားရောက်၍ ရေဘေးသင့်ပြည်သူများကို ယာယီကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းကူညီပေးပြီး လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်နေမှုများကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် ပဲခူးတပ်နယ်မှတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ထမင်းဘူးများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ရေဘေးသင့်ပြည်သူများကို ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**



# ဆော့လော်မြို့နယ် လောက်ခုတ်ကျေးရွာတွင် စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေး

**ဆော့လော် အောက်တိုဘာ ၈**

ကချင်ပြည်နယ် ချီဖွေခရိုင် ဆော့လော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လောက်ခုတ်ကျေးရွာတွင် စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ယနေ့တွင်တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချီဖွေခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကိုကိုအောင်၊ ဆော့လော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဝါထွန်းနှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင်ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကျပ်၂၆ ဒသမ ၇သန်းဖြင့် ဆော့လော်မြို့နယ် လောက်ခုတ်ကျေးရွာ စိမ့်စမ်းရေသွယ်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို စစ်ဆေးကြပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများကို သတ်မှတ်စံချိန် စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး အတွက် လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများကိုမှာကြားကာ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။



ချီဖွေခရိုင် ဆော့လော်မြို့နယ် လောက်ခုတ်ကျေးရွာ စိမ့်စမ်းရေပိုက်လိုင်းသွယ်ယူခြင်း အရှည် တစ်မိုင်၊ အလျား ရှစ်ပေ၊ အနံ ငါးပေ၊ အမြင့် လေးပေရှိ ရေစုကန်တည်ဆောက်ခြင်း၊ အလျား၂၅ပေ၊ အနံ သုံးပေ၊ အမြင့် ငါးပေရှိရေတားတမံတည်ဆောက်ခြင်းလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ယခုနှစ်ဩဂုတ်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင်လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စိမ့်စမ်းရေသွယ်ယူခြင်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက သန့်ရှင်းသော သောက်သုံးရေကို ရာသီမရွေးရရှိသုံးစွဲနိုင်မည်ဖြစ်ရာ ကျေးရွာနေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**ကျော်စောဦး(မောရုမ်းမြေ)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၁၀-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၄၅ | ၁၉၉၅ | ၁၉၉၀ | ၁၉၅၅ | ၁၉၉၀ | ၂၀၁၅ | ၂၀၀၀ | ၁၉၈၀ | ၂၀၇၅ | ၂၀၉၅ | ၁၉၈၅ | ၁၉၉၅ | ၂၀၃၀ | ၂၀၃၀ | ၂၀၃၅ | ၂၂၆၅ | ၃၂၀၀ |
| 95 Ron | ၂၀၄၅ | ၂၀၉၅ | ၂၀၉၀ | ၂၀၅၅ | ၂၀၉၀ | ၂၁၁၅ | ၂၁၀၀ | ၂၀၈၀ | ၂၁၇၅ | ၂၁၉၀ | ၂၀၈၅ | ၂၁၀၀ | ၂၁၃၀ | ၂၁၃၀ | ၂၁၃၅ | ၂၃၆၀ | ၃၃၀၀ |
| HSD (500 ppm) | ၂၂၂၅ | ၂၂၇၀ | ၂၂၆၅ | ၂၂၃၀ | ၂၂၇၀ | ၂၂၉၅ | ၂၂၉၀ | ၂၂၅၅ | ၂၃၇၅ | ၂၃၇၀ | ၂၂၆၅ | ၂၂၇၀ | ၂၃၀၀ | ၂၃၀၀ | ၂၃၀၀ | ၂၅၄၀ | ၃၃၀၀ |
| HSD (50 ppm) | ၂၂၆၅ | ၂၃၀၀ | ၂၃၀၀ | ၂၂၇၀ | ၂၃၀၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၉၅ | ၂၄၁၅ | ၂၄၁၀ | ၂၃၀၅ | ၂၃၁၅ | ၂၃၅၀ | ၂၃၅၀ | ၂၃၅၀ | ၂၅၈၀ | ၃၃၆၀ |
| HSD (10 ppm) | ၂၂၆၅ | ၂၃၀၀ | ၂၃၀၀ | ၂၂၇၀ | ၂၃၀၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၉၅ | ၂၄၁၅ | ၂၄၁၀ | ၂၃၀၅ | ၂၃၁၅ | ၂၃၅၀ | ၂၃၅၀ | ၂၃၅၀ | ၂၅၈၀ | ၃၃၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၄၄ | ၁၉၁၅ |
| 95 Ron | ၁၉၄၀ | ၂၀၁၃ |
| HSD (500 ppm) | ၂၁၁၄ | ၂၁၈၅ |
| HSD (50 ppm) | ၂၁၅၃ | ၂၂၂၅ |
| HSD (10 ppm) | ၂၁၅၃ | ၂၂၂၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ နည်းပညာတက္ကသိုလ်(မော်ဘီ)သို့သွားရောက်စစ်ဆေး



**ရန်ကုန် အောက်တိုဘာ ၈**

နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် ကောင်းစွာအထောက်အကူပြုနိုင်မည့် အရည်အသွေးပြည့်ဝသော နည်းပညာရှင်များ အစဉ်မွေးထုတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ ယင်းသို့ဆောင်ရွက်ရာတွင် ဗလငါးတန်နှင့်ပြည့်စုံပြီး ပြည်သူ့အကျိုးသယ်ပိုးမည့် လူငယ်များ ပျိုးထောင်ပေးရေး အလေးထားဆောင်ရွက်ရန်၊ MSMEs လုပ်ငန်းများဖွံ့ဖြိုးရေး နည်းပညာများပံ့ပိုးပေးနိုင်ရေး ဆောင်ရွက်ရန်၊ စပါးခွံလောင်စာသုံး Gasifier အပါအဝင် ပြန်ပြည့်မြဲစွမ်းအင်နှင့် လျှပ်စစ်သုံးယာဉ်ဆိုင်ရာ သုတေသနများကို ဆောင်ရွက်ရန်၊ပြည်တွင်း၊ပြည်ပ တက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ကာ University Ranking မြင့်မားလာစေရေး ဆောင်ရွက်ကြရန် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ယမန်နေ့ ညနေပိုင်းတွင် နည်းပညာတက္ကသိုလ်(မော်ဘီ)ကို သွားရောက်စစ်ဆေးစဉ်တာဝန်ရှိသူများကို ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကျောင်းသားများ စာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှုအားပေးပြီး စာကြည့်တိုက်၊ 20 kW Solar Hybrid System တပ်ဆင်နေမှုနှင့် သုံးထပ် စာသင်ဆောင်သစ်တို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပင်မဆောင်မြေညီထပ်၌ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံပြီး ပြည်သူများကို အမှန်တကယ် အလုပ်အကျွေးပြုသည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်စေရေး စိတ်ဓာတ်၊ ခံယူချက်နှင့် ယုံကြည်ချက်များ မှန်ကန်မြင့်မားစေရန်နှင့် လုပ်ငန်းများ အရည်အသွေးစံနှုန်းများအတိုင်း အမှန်တကယ်တိုးတက်မှုရှိစေရေး အစဉ်အလေးပေး ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပင်စည်ထိုးပိုးကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများတွင် ကော်ဖီစိုက်တောင်သူများ၊ ကော်ဖီခြံပိုင်ရှင်များနှင့် ခြံတာဝန်ခံများ ပူးပေါင်းပါဝင်ကာ စနစ်တကျလိုက်နာဆောင်ရွက်ခြင်းဖြင့် ကွင်းဆက်ပြတ်ကာကွယ်နှိမ်နင်းသွားနိုင်မည်ဖြစ်

**မန္တလေး အောက်တိုဘာ ၈**

ပြင်ဦးလွင်ခရိုင် ကော်ဖီစိုက်ခင်းများတွင် ကျရောက်နေသည့် ပင်စည်ထိုးပိုး ကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများ၌ ကော်ဖီစိုက်တောင်သူများ၊ ကော်ဖီခြံပိုင်ရှင်များနှင့် ခြံတာဝန်ခံများ အားလုံးပူးပေါင်းပါဝင်ကာ စနစ်တကျ လိုက်နာဆောင်ရွက်ခြင်းဖြင့် ကွင်းဆက်ပြတ် ကာကွယ်နှိမ်နင်းသွားနိုင်မည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲတာဝန်ခံထံက သိရသည်။

"ကော်ဖီစိုက်တောင်သူတွေ၊ ခြံပိုင်ရှင်တွေ၊ ခြံတာဝန်ခံတွေအနေနဲ့ ကြိုတင်ကာကွယ်နှိမ်နင်းခြင်းနဲ့ ပင်စည်ထိုးပိုးကျရောက်တဲ့ မိမိတို့ရဲ့ခြံတွေကို ကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းတွေမှာ သီးနှံကာကွယ်ရေးဌာနခွဲက ချမှတ်ထားတဲ့နည်းလမ်းတွေအတိုင်း စနစ်တကျလိုက်ပါ ပူးပေါင်းဆောင်ရွက်ကြမှသာ ကော်ဖီပင်စည်ထိုးပိုးကို ကွင်းဆက်ပြတ် ကာကွယ်နှိမ်နင်းသွားနိုင်မှာပါ"ဟု မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းသီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်သင်းသင်းထက်က ပြောပြသည်။

ပြောင်းလဲလာသည့် ရာသီဥတုနှင့် အပူချိန်မြင့်တက်လာမှုကြောင့် ကော်ဖီစိုက်ခင်းများတွင် ပင်စည်ထိုးပိုးအဖြူ ကျရောက်မှုပိုမိုများပြားလာသည့်အတွက် ၂၀၂၁ခုနှစ်ကစတင်ပြီး ၂၀၂၃ ခုနှစ်ထိ ပိုးကျရောက်သည့် ဒေသများတွင် စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ ရုံးချုပ်၊ တိုင်း၊ ခရိုင်အဆင့်တို့မှ တာဝန်ရှိသူများ၊ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ ကော်ဖီရာသီနှံဌာနခွဲမှ ကော်ဖီသုတေသနနှင့် ကော်ဖီခြံတာဝန်ခံများ ဦးဆောင်၍ ကွင်းဆင်းကင်းထောက်ခြင်း၊ ပင်စည်ထိုးပိုးကာကွယ်နှိမ်နင်းနည်းလုပ်ငန်းများနှင့်ပတ်သက်၍ သင်တန်း၊ ဆွေးနွေးပွဲ၊ ကွင်းသရုပ်ပြပွဲ၊ နည်းပညာပေး လက်ကမ်းစာစောင် ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ယခုချိန်အထိ ကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

လက်ရှိတွင် ကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများကို ရုံးချုပ်၊ တိုင်း၊ ခရိုင်အဆင့် စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ ဝန်ထမ်းများ၊ မြေစာရင်းဦးစီးဌာန၊ သစ်တောဦးစီးဌာနနှင့် ကော်ဖီရာသီသီးနှံဌာနခွဲက ခြံတာဝန်ခံများ ပူးပေါင်းပါဝင်သော စစ်ဆေးရေး ၁၁ ဖွဲ့ဖြင့်




ကော်ဖီခြံပေါင်း ၇၅၁ ခြံ၊ စိုက်ဧကပေါင်း ၁၀၆၁၀၄ဒသမ၂ ဧကကို ကွင်းဆင်းစစ်ဆေးခြင်း၊ နည်းပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ပိုးကျဧကပေါင်း ၂၈၉ ဒသမ ၆၅ ဧက၊ ပျက်စီးဧကပေါင်း ၁၂၉ ဒသမ ၄ ဧကရှိကြောင်းသိရသည်။

ပိုးကျသည့် ကော်ဖီစိုက်ခင်းများ ကွင်းဆက်ပြတ် ကာကွယ်နှိမ်နင်းနိုင်ရေးအတွက် မိမိခြံအတွင်းသို့ ပင်စည်ထိုးပိုး ကျရောက်မှု ရှိ မရှိ ကင်းထောက်စစ်ဆေးရန်၊ ပိုးတွေ့ပါက ညွှန်ကြားထားသည့် ကာကွယ်နှိမ်နင်းနည်းများအတိုင်း ကာကွယ်နှိမ်နင်းရန်၊ ပိုးကျရောက်ခဲ့သော ကိုင်းဖြတ်များကို မီးရှို့ဖျက်ဆီးရန်၊ ထင်းအဖြစ်လုံးဝမသုံးစွဲရန်၊ အောက်တိုဘာလနှင့် နိုဝင်ဘာလတွင် အကောင်ကြီးများ ပြန်ထွက်သည့်ကာလဖြစ်သဖြင့် ဖီရိုမုန်းထောင်ချောက်ဖြင့်ဖမ်းဆီးနှိမ်နင်းရန်၊ မိမိခြံမှလည်းကောင်း၊ အခြားခြံမှလည်းကောင်း ပင်စည်ထိုးပိုး ပြန့်ပွားခြင်းမရှိနိုင်ရန် အရိပ်ရအပင်များကို ကောင်းစွာ ပြုစုစောင့်ရှောက်ရန်တို့ကို ဆောင်ရွက်နိုင်မှသာလျှင် ပင်စည်ထိုးပိုး ကွင်းဆက်ပြတ်သည်ထိ နှိမ်နင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။ **မိုးကျော်**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းတစ်ပိဿာ ငွေကျပ် ၄၃၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်း ဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၉ ရက်မှ အောက်တိုဘာ ၁၅ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၄၃၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## အောက်တိုဘာ ၈ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိ

**နေပြည်တော် အောက်တိုဘာ ၈**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၇ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၂၆၄၉ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိကြောင်း သိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ သုည ရာခိုင်နှုန်းဖြစ်သည်။ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့်သေဆုံးသူမရှိပါ။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာသတင်းအချက်အလက်များကိုကျန်းမာရေးဝန်ကြီးဌာန၏အင်တာနက်စာမျက်နှာmoh.gov.mmတွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# အိမ်ခြံဝင်းအတွင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်းဆိုင်ရာ ဆွေးနွေးပွဲခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၈**

တောင်သူနည်းပညာ ဆွေးနွေးပွဲ (Farmers' Technical Forum)အစီအစဉ် (၁၀)ကြိမ်မြောက်အဖြစ် အိမ်ခြံဝင်းအတွင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးခြင်းဆိုင်ရာ ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့က ရေဆင်းစိုက်ပျိုးရေးသုတေသန ဦးစီးဌာန၌ ကျင်းပသည်။



ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ စိုက်ပျိုးရေးပညာရှင်များ၊ သုတေသီများနှင့် ပျဉ်းမနားမြို့နယ် နှင့် ဇေယျာသီရိမြို့နယ်တို့မှ ဒေသခံ တောင်သူလယ်သမားများနှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက တောင်သူမိသားစုများ၏ ဝင်ငွေကျန်းမာရေး၊ လူမှုရေးနှင့် ပညာရေးဘက်စုံဖွံ့ဖြိုးလာမှသာ လယ်ယာကဏ္ဍဖွံ့ဖြိုးမှုအရွေ့တစ်ခုကို သိသာစွာပြောင်းလဲတိုးတက်စေမည်ဖြစ်ကြောင်း၊ အိမ်ခြံဝင်းဥယျာဉ်စိုက်ပျိုးခြင်းသည် ယနေ့ဖြစ်ပေါ်နေသည့် ရာသီဥတုပြောင်းလဲမှု ကမ္ဘာ့လူမှုစီးပွားရေးမတည်ငြိမ်မှုဒဏ်များကိုခံနိုင်ရည်ရှိစေမည့် အစီအမံဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ ပညာရှင်များက အိမ်ခြံဝင်းအတွင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်းနှင့် ပတ်သက်၍ ဗဟုသုတများကို ဟောပြောဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက အိမ်ခြံဥယျာဉ်စိုက်ပျိုးခြင်းဆိုသည်မှာ တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်သည့် အော်ဂဲနစ်စိုက်ပျိုးထုတ်လုပ်မှု အစဖြစ်ခြင်းကြောင့် အိမ်ခြံဥယျာဉ် စိုက်ပျိုးခြင်းမှသည် အောင်မြင်သည့် Organic စိုက်ပျိုးရေးဆီ လျှောက်လှမ်းနိုင်မည်ဖြစ်ကြောင်းဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် တောင်သူများ၏ မေးမြန်းမှုအပေါ် သက်ဆိုင်ရာပညာရှင်များနှင့်သုတေသီများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တရားမဝင် စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၈**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ခြောက်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် ASAHI, QUANTUM, VARTA Automotive Battery အခု ၅၈၀ အပါအဝင်ကုန်ပစ္စည်း ၂၄ မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၉၅၇၄၇၃၀၀)ကိုလည်းကောင်း၊ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် လျှပ်စစ်ရေနွေးအိုး ၈၆၁ ခု(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၈၈၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကို လည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးနှင့် သထုံမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် နှစ်စီးပေါ်မှ Prawn Hornet စားအုန်းဆီ ၄၆၆၂ လီတာ(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသော Yutong Express တစ်စီး၊ Toyota Dyna တစ်စီးနှင့် Toyota Hilux တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၂၅၈၅၃၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် စစ်ကိုင်းမြို့ မြို့အဝင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda CRV မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အောက်တိုဘာ ၇ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မူဆယ်ခရိုင် တရားမဝင်ကုန်ပစ္စည်းများ တားဆီးထိန်းချုပ်ရေးအဖွဲ့က မူဆယ်မြို့ အမှတ်(၁၁) ကောင်းမှုတံ့ရပ်ကွက်ရှိ ဂိုဒေါင်အနီး၌ရပ်တန့်ထားသော မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ခုတင် အလုံး ၉၀၊ Yunan Madapad Pickled Chilli ၇၀ ခု အပါအဝင်ကုန်ပစ္စည်း ၃၀ မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၄၅၁၀၀၀)နှင့်အဆိုပါပစ္စည်းများတင်ဆောင်ထားသည့် Dong-feng Tractor Head နှစ်စီးနှင့်နောက်တွဲယာဉ် နှစ်တွဲ(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၀၀၀၀၀၀၀) စုစုပေါင်း(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၉၄၅၁၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၇ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ဘားအံမြို့ ကျားကလေး-ဇာသပြင်-မော်လမြိုင် ကားလမ်းမပေါ်တွင် ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ မော်လမြိုင်မြို့သို့မောင်းနှင်လာသော မော်တော်ယာဉ် သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Nestle Milo ဘူး ၃၈၄၀၊ Ruby Prown စားဆီ လီတာ ၂၃၄၀၊ M-150 အချိုရည် ပုလင်း ၁၀၀၀၀(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၂၇၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace မော်တော်ယာဉ် သုံးစီး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၂၇၅၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အောက်တိုဘာ ၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က မန္တလေးမြို့ ၆၇ လမ်း၊ ၁၄၅ လမ်းနှင့် ၁၄၆ လမ်းကြားရှိ ရန်လင်းအောင်ကားဂိတ် ဂိုဒေါင်နှင့် ကားဂိတ်၌ ရပ်တန့်ထားသည့် မော်တော်ယာဉ် တစ်စီးတို့ကို စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ (ချက်ဆီ) ဂါလန် ၃၇၈၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၄၀၂၀၀၀၀)နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်ထားသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅၀၀၀၀၀၀) စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၀၂၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီးအကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၇ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မောင်တောမြို့နယ် ဇင်ပိုင်ညာ နှင့် ကျီးကန်းပြင်အကြား လောင်းလှေ လေးစီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကွမ်းသီးခြောက်အိတ် ၁၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၄၀၀၀၀၀)နှင့် သစ်သားလောင်းလှေ လေးစီး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၀၀၀၀၀) စုစုပေါင်း(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၄၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် ဖမ်းဆီးရမိမှု အမှုတွဲ ၂၅ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၇၂၃၁၃၀၀ ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**









0w Kv M @

# အမှားထဲက သင်ခန်းစာ

ကျွန်းစဉ်မြေစောခတ်




## (၁)

ပေသုန်ကျွန်းသည် မြေပုံမြို့နယ်၏ တောင်ဘက်စွန်း နောင်တောင်ကြီးပင်လယ်ကမ်းခြေတွင်ရှိ၏။ ဖြူလွှသည့် သဲဖြူလမ်း၊ စိမ်းမြသည့်အုန်းပင်တန်းတို့ဖြင့် လှပသာယာလွန်းသည်။ ကျောက်ဖြူမြို့နယ်နှင့် မြေပုံမြို့နယ်ကို နောင်တော်ကြီးပင်လယ်ဖြင့် ပိုင်းခြားသတ်မှတ်ထား၏။ ကမ်းခြေရှိ ကျောက်တောင်ကျောက်စု တောင်ပုလုတို့ကလည်း လှပသည့်ကမ်းခြေအလှကို ပိုပြီးအားဖြည့်ပေးသလို ရှိချေသည်။ မြို့ပြနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါက အထင်ကရ အပန်းဖြေစခန်းတစ်ခုပင် ဖြစ်လာနိုင်ပေသည်။

ရွာသားများမှာ ပင်လယ်ပြင်ငါးဖမ်းခြင်းလုပ်ငန်းဖြင့် အသက်မွေးကြသည်။ ပေသုန်ကျွန်း၏တောင်စဉ်တောင်တန်းများတွင် တောဝက်နှင့်ချေတို့ပေါလှသည်။ ရွာနှင့်သိပ်နီးကပ်သော တောင်များတွင်ပင် တောဝက်များ၊ ချေများ လှည့်လည်ကျက်စားကြသည်။ ရွာသားများမှာ ပိုက်နားချိန်တွင် တောင်စွယ်တောတန်းများ၌ ပျော်ပျော်ပါးပါး အမဲလိုက်လေ့ရှိတတ်ကြသည်။ အရွယ်ရောက်လာသော ယောကျ်ားတိုင်းလိုလို အမဲလိုက်ပြီး ဟင်းစားရှာတတ်ကြသည်။ သို့သော် သာလှတစ်ယောက်မှာကား ကျေးရွာတွင် ပိုက်ဆံရှိသည်ဟု သတ်မှတ်ထားသော မိသားစုဘဝထဲတွင် ကြီးပြင်းလာသူဖြစ်ပေရာ မိဘတို့မှာအချစ်ပိုပြီး သူများကဲ့သို့ အမဲလိုက်ခွင့်မရပေ။ ပေသုန်ရွာသားပင်ဖြစ်သော်လည်း အလုပ်ကြမ်းမလုပ်ရ၊ ပိုက်မလိုက်ရ၊ အမဲမလိုက်ရ။ တဒင်္ဂတွေ့မြင်ရသူများအနေဖြင့် သူ၏ ဥပဓိရုပ်ကို ကြည့်ပြီးတော့ ပေသုန်ရွာသားဟု မှတ်ယူရမှာပင် ခက်နေပေလိမ့်မည်။

## (၂)

ပေသုန်ရွာတွင် ရွာအလယ်၌ မောင်းတလင်းဟု သတ်မှတ်ထားသောနေရာရှိသည်။ အရိပ်ရအပင်များဖြင့် အုပ်ဆိုင်းနေပေ၏။ ရွာသူအပျိုမတို့ ဆန်မောင်းများနင်းပြီး စုဝေးဆန်ဖွပ်ကြသောနေရာပင်ဖြစ်သည်။

"ကဲ ဒီနေ့ အမဲလိုက်သွားကြမယ်ဟေ့။ ဘယ်သူတွေ လိုက်ကြမလဲ"

"ဟုတ်တယ်ဟေ့၊ သွားကြမယ်၊ သွားကြမယ်။ အခုဒီနားက တောင်မှာ ချေတွေရောက်နေတယ်။ ချေဟောက်သံတွေ ရွာထဲကတောင် ကြားနေရတယ်"

အောင်ကျော်၏အဆိုကို ကံပေါ်ကပါ ထပ်ကူပေးလိုက်ခြင်းဖြစ်သည်။

"တို့လဲ လိုက်မယ်ဟေ့။ သြဘာတို့အိမ်ကပိုက်နဲ့ ချက်ဖောင်းတို့အိမ်က ပိုက်တွေ ယူကြမယ်လေ"

"လှထွန်းတို့ အောင်ဘာလေတို့ မလိုက်ကြဘူးလား"

"လိုက်မှာပေါ့ကွာ။ အမဲဆိုလိုက်ချင်လွန်းလို့ ရင်ထဲကတောင် လိုက် လိုက် လိုက်နဲ့ မြည်နေသေး"

"ခွေးကတော့ အောင်ထွန်းတို့ခွေးနဲ့ ဖြူလှတို့အိမ်က ခွေးနှစ်ကောင်ဆိုရင် လုံလောက်ပါပြီ။ နှစ်ကောင်ဆိုတော့ တစ်ကောင်နဲ့တစ်ကောင် အားကိုးရတာပေါ့"

"လူဘယ်နှယောက်လိုက်မလဲဟေ့"

"အားလုံး ၁၅ ယောက်လောက်ဆို လုံလောက်ပါတယ်ဟ"

"ဟေ့ ဒီတစ်ခေါက် ငါပါလိုက်မယ်"

"အမယ် သာလှ မင်းလား အမဲလိုက်မှာ"

"ရပါတယ်ကွာ၊ ငါလဲ ယောကျ်ားပဲ။ ဘာဖြစ်လဲ မင်းတို့ထက်တောင် အားရှိအုံးမယ် သိလား"

"ဟေ့ကောင် သာလှ မင်းအားရှိတာက အကြောင်းမဟုတ်ဘူး။ မင်းအိမ်ကသိရင် တို့ကိုဆူနေအုံးမယ်။ မင်း မလိုက်ပါနဲ့ကွာ"

"အောင်ကျော် မင်း ငါ့ကို မတားနဲ့ကွာ။ မင်းတို့လုပ်တတ်ရင် ငါလဲ လုပ်တတ်ပါတယ်"

"ဒီကောင်နဲ့ခက်ပါတယ်ကွာ။ ဟေ့ကောင် သာလှ မင်းမလိုက်နဲ့"

"လိုက်မယ်ကွာ မင်းတို့ဘယ်လိုပဲတားတား ငါကတော့ လိုက်မှာပဲ"

## (၃)

သာလှမှာ သူများကဲ့သို့ အလုပ်ကောင်းကောင်း မလုပ်ဘဲ အိမ်မှာပဲ မိန်းကလေးလို နေလာရပေရာ လူပျိုဖြစ်လာချိန်တွင် ကိုယ့်ကိုယ်ကိုယ် ရှက်လာမိသည်။ သူများကဲ့သို့ ပိုက်ထွက်၊ အမဲလိုက် လုပ်ချင်လာသည်။ သူချစ်ဦးသူ မခင်ဖြူအနေဖြင့်လည်း သူ့ကို အထင်ကြီးစေလိုသည့် ဆန္ဒများလည်း ပေါ်ပေါက်လျက်ရှိသည်။

သာလှမှာ ချစ်ဦးသူ အထင်ကြီးအောင် အစွမ်းပြလိုစိတ်က ပြင်းပြလျက်ရှိသည်။ သာလှသည် မောင်းထောင်းနေသော ချစ်ဦးသူ မခင်ဖြူကို တစ်ချက်လှမ်းကြည့်လိုက်ရာ လိုက်သွားဆိုသည့်သဘော မေးထိုးပြလိုက်ရာ ပိုပြီးအားပြည့်သွားသည်။ သာလှ၏နှလုံးသားတွင် အမဲလိုက်သွားလိုမှုဆန္ဒက ရာနှုန်းပြည့်နေရာယူသွားပေပြီ။

ပေသုန်ရွာ မောင်းတလင်းကွင်းတွင် အမဲလိုက်ရန် စည်းရုံးလှုံ့ဆော်၊ လူစု၊ ပစ္စည်းစုကိစ္စများနှင့် ခေါ်ကြ၊ အော်ကြ၊ ပြောကြဆိုကြနှင့် အုတ်အော်သောင်းတင်းရှိချေ၏။ ယောကျ်ားပျိုလေးများမှာ မိန်းမပျိုလေးများ ရှေ့တွင်မို့လည်း ပိုပြီးတက်ကြွနေကြသည်။ သတ္တိပြချင်နေကြသည်။ မိန်းမပျိုလေးများကလည်း ဆန်မောင်းနင်းရာကနေ ဖြုံးဖြုံး ဖြုံးဖြုံး မျက်စလေးများပစ်ပြနေကြရာ ယောကျ်ားသားများအဖို့ ခွန်အားကို ဖြည့်ပေးလိုက်သလို ဖြစ်နေပေတော့သည်။

"ကဲ ကဲ လာ လာ သွားကြမယ် သွားကြမယ်"

ကာလသားတစ်သိုက်မှာ ပိုက်ထမ်းသူထမ်း၊ ခွေးခေါ်သူခေါ် နှင့် ရွာမြောက်ဘက်ရှိ ခမောင်းတောတောင်သို့ ဦးတည်သွားနေကြပေပြီ။ ခမောင်းတောတောင်မှာ ရွာနှင့်ခပ်လှမ်းလှမ်းတွင်ရှိပြီး သစ်ပင်ကြီးများဖြင့် အုပ်ဆိုင်းနေသကဲ့သို့ အောက်ခြေတွင် ဖုန်းဆိုးထူထပ်သည်။

အမဲလိုက်ရာတွင် ပိုက်ကြီး၏အထက်ပိုကြိုးနှင့် အောက်ပိုကြိုးကို ခပ်လျော့လျော့ချည်ပြီး တန်းရ၏။ ပိုက်ပိုကြိုးနှစ်ခုကြားတွင် ပိုက်ဝမ်းဗိုက်ခေါင်းကြီးလို ဖြစ်နေစေရန် သစ်သားချောင်းလေးများဖြင့် အဆင်ပြေသလို ထောက်ပေးထားရသည်။ အမဲကောင် ကြောက်လန့်တကြားပြေးလာပြီး အရှိန်ဖြင့်ဝင်တိုးလိုက်သည်နှင့် ပိုက်ထောက်တိုင်များပြုတ်ပြီး အမဲကောင်ကို ထွေးလုံးရစ်ပတ်နေစေရန်ပင် ဖြစ်ပေသည်။

ဤသို့ အမဲကောင်နှင့်ပိုက်တို့ ထွေးလုံးရစ်ပတ်နေချိန်တွင် ဝက်ဆိုလျှင် လက်နားစောင့်က ဝက်၏နှလုံးသည်းပွတ်ရှိသည့် ရင်အုံနေရာကို စေ့စေ့ကြည့်ပြီး လှံဖြင့်ပြေးထိုးရသည်။ ထိုးပြီးသည်နှင့် လှံကိုပြန်မနုတ်ရပေ။ အမိအရဖိထိုးကာ ဝက်ကြီးပက်လက်လန်ကျသွားသည်ထိ ကိုယ်ကိုဘယ်ညာလှည့်ကာ တောင့်ခံထားရပေသည်။ လှံကိုင်သူမှာ သတ္တိရှိရန်လိုအပ်လှသလို ခွန်အားရှိရန်လည်း လိုအပ်လှပေသည်။ သာမန်အရည်အချင်းနှင့်မရပေ။ အကယ်၍ ပစ်မှတ်ကိုမထိဘဲ ဝက်ကြီးက ရုန်းအားကန်အား သိပ်ကောင်းနေလျှင် လှံထိုးသူမှာ အသက်အန္တရာယ်ရှိနိုင်ပေသည်။

## (၄)

အမဲလိုက်ခြင်းလုပ်ငန်းသည် လွယ်ကူသောအလုပ်ကား မဟုတ်ပေ။ အတွေ့အကြုံရှိမှု၊ သတ္တိရှိမှု၊ ခွန်အားရှိမှု၊ စည်းလုံးညီညွတ်မှုတို့ လိုအပ်လှပေသည်။ ချေလိုက်ရာတွင်ကား ဝက်လိုက်သလောက် ပြဿနာမရှိပေ။ အမဲကောင် ပိုက်သို့ လာတိုးသည်နှင့် လက်နားစောင့်က အသင့်ကိုင်ဆောင်ထားသောတုတ်ဖြင့် အမဲကောင်၏ဦးခေါင်းကို ဆင့်ကာဆင့်ကာ ရိုက်လိုက်ရုံသာရှိသည်။ သို့သော် 'ချေစွယ်လှုပ်လှုပ် လေသုတ်သုတ်'ဆိုသလို ချေစွယ်နှင့် ထိမိလျှင်ကား မလွယ်ပေ။ အန္တရာယ်များလှပေသည်။

အမဲကောင် ပိုက်အတွင်းသို့ ဝင်လာရေးအတွက် ဆောင်ရွက်ရသည်မှာလည်း လွယ်ကူသောအလုပ်တော့ မဟုတ်ပေ။ အမဲကောင်ရှိသည်ဟု ထင်မှတ်ရသော တောင်၏အစိတ်အပိုင်း သို့မဟုတ် တော၏အစိတ်အပိုင်း တစ်ခုခုကို အမဲလိုက်ခွေးများလွှတ်ပြီး စမ်းသပ်ကြရ၏။ အမဲလိုက်ခွေးက အမဲကောင်အနံ့ရလျှင် ဟောင်တော့သည်။ အမဲနံ့ရလျှင် ခွေးတို့၏ သဘာဝအတိုင်း အဆက်မပြတ်ဟောင်ပြီး အမဲကောင်ကို အနံ့ခံရှာခြင်းပင်ဖြစ်ပေသည်။ ဤအချိန်တွင် ပိုက်ထောင်ထားရာဘက်သို့ အမဲကောင်ပြေးစေခြင်းငှာ အမဲလိုက်သမားများက ကိုယ့်တာကိုယ် လုံအောင်ပြုပြီး တဟေးဟေးဖြင့် ဩသံပေးကာခြောက်လှန့်အော်ဟစ် တောတိုးသွားကြရသည်။ အသွားနှုန်းတစ်တန်းတည်းဖြစ်အောင် တစ်ယောက်အသံ တစ်ယောက်နားထောင်ပြီး တစ်တန်းတည်းရွေ့လျားစေပြီး တောတိုးကြရသည်။ ခွေးများကလည်း ရှေ့ပြေးအနေဖြင့် အမဲကောင်နောက်က အနံ့ခံကာ တဂိန်ဂိန်အော်မြည်ရင်း ပိုက်ဘက်သို့ပြေးပြီး တွန်းနေပေသည်။ အမဲလိုက်နေချိန်တွင် ခွေးသံများနှင့် အမဲလိုက်သူတို့၏ ဩသံပေးမှုများမှာ တစ်တောလုံးတစ်တောင်လုံး ဆူညံနေပေတော့သည်။ ကြောက်ခမန်းလိလိပင်။ တောရိုင်းသတ္တဝါအမဲကောင်များမှာ ဟိန်းထွက်နေသောအသံများကြောင့် နှလုံးသွေးပျက်မတတ် ခံစားကြရပေလိမ့်မည်။ ပိုက်အနီးသို့ အမဲကောင်ရောက်ချိန်တွင် ပိုက်၏ဝမ်းဗိုက်ပစ်မှတ်သို့မဝင်ဘဲ လက်ဝဲ၊ လက်ယာ တောင်ပံနှစ်ဖက်က လျှိုထွက်မည့်အနေအထားမျိုးဖြစ်လာပါက ဝဲယာအစွန်နှစ်ဖက်တွင် စောင့်နေကြသော ခေါင်းခေါက်ထိုးသူ နှစ်ယောက်က အသံနက်ကြီးဖြင့် အော်ဟစ်ပြီး အသင့်ကိုင်ထားသောခဲလုံးဖြင့် အားကုန်လွှဲပြီး ခြောက်လှန့်လှမ်းပစ်လိုက်ရပေသည်။ လက်ဝဲဘက်က လျှိုထွက်မည့်အနေအထားမျိုးဖြစ်လာလျှင် လက်ဝဲဘက်တွင် တာဝန်ယူထားသော ခေါင်းခေါက်ထိုးက ခဲလုံးဖြင့် လှမ်းပစ်ရသည်။ လက်ယာဘက်ကဆိုလျှင်လည်း လက်ယာဘက် ခေါင်းခေါက်ထိုးက လှမ်းပစ်ရသည်။

ဤသို့ ခဲလုံးဖြင့်ပစ်လိုက်ချိန်တွင် အမဲကောင်မှာ မမျှော်လင့်သောအဖြစ်ကြောင့် လန့်ဖျပ်ကာ ပြန်ပြေးတော့သည်။ ဤအချိန်တွင် အမဲကောင်မှာ နောက်က ဩသံပေးပြီး လိုက်လာကြသော ခွေးများ၊ လူများကြောင့် နောက်သို့ပြန်လှည့်၍လည်း လုံးဝမဖြစ်နိုင်တော့ပေ။ ဤအခြေအနေတွင် အမဲကောင်မှာ ပိုက်လယ်လမ်းကြောင်းကို ဝင်တိုးရုံမှတစ်ပါး အခြားလမ်းမရှိပြီ။ ဝင်တိုးမိသည်နှင့်တစ်ပြိုင်နက် ပိုက်ထောက်များပြုတ်ပြီး အမဲကောင်ကို ပိုက်ကြီးက ဖုံးအုပ်လွှမ်းခြုံထားပြီးသား ဖြစ်နေပေရာ ပိုက်လယ်လက်နားစောင့်များက အမဲကောင်ကို တုတ်ဖြင့်ဝင်တွယ်ရုံသာ ရှိတော့သည်။

## (၅)

"သာလှ မင်း ဟိုဘက်တောင်ခြေကသွားပြီး ဩသံပေးပြီး သွားအော်စမ်းကွာ"

"မလုပ်ပါနဲ့ သြဘာရာ၊ မင်း ခေါင်းခေါက်ထိုးက နေရင် ငါ လက်နားစောင့်က နေမယ်ကွာ"

"ဟေ့ကောင် သာလှ မင်းတစ်ခါမှလဲ အမဲလိုက်ဖူးတာမဟုတ်။ လက်နားစောင့်ကနေလို့ ဘယ်ဖြစ်မလဲ"

"ရပါတယ် အောင်ကျော်ရာ၊ မင်းနဲ့ငါနဲ့ ငယ်ငယ်ကတည်းက အတူတူနေလာခဲ့ကြတာပဲ။ ပိုက်လက်နားစောင့်လဲ မင်းနဲ့ငါ အတူတူပေါ့ကွာ"

"မင်းနဲ့ တယ်ခက်ပါလားကွာ၊ ဒါ ကလေးကစားတာ မဟုတ်ဘူး။ အမဲလိုက်နေတာကွ။ အဆင်မသင့်ရင် သေတတ်တယ် သိလား"

"ချေ လိုက်တာပဲ သြဘာရာ၊ လှံမသုံးရဘူး မဟုတ်လား။ တုတ်နဲ့ရိုက်မှာကိုများ ချေ ဦးခေါင်းကို စေ့စေ့ကြည့်ရိုက်မဲ့ဟာကို ငါလဲ တတ်ပါတယ်ကွာ"

"မင်းကို ခေါ်ခဲ့တာတောင် ရွာနားမှာမို့ ခေါ်ခဲ့တာ။ အရေးဆို ခေါ်တောင်မခေါ်ဘူး။ မင်းအိမ်က နောက်ကြောင်းအေးတာ မဟုတ်ဘူး"

"ရပါတယ်ကွာ။ ကဲ မင်းတို့ ကိုယ့်အလုပ်ကိုယ် လုပ်ကြ။ ငါကတော့ လက်နားစောင့်မှာပဲ"

သာလှက ဇွတ်ပြောနေပေရာ အောင်ကျော်တို့ လူတစ်သိုက်မှာ သာလှအား လက်နားစောင့်ပဲ ခိုင်းလိုက်ရတော့သည်။ သာလှမှာ အမဲလိုက်ခြင်းလုပ်ငန်း၏

စာမျက်နှာ ၂၅ သို့

# ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၅၇၀၈ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ဘုတလင် အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၅၇၀၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ဧက ၅၆၉၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၇၀၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဘုတလင်မြို့နယ်မှာ မိုးနေကြာဧက ၅၆၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဧက ၅၇၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ နေကြာစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းတဲ့မျိုးတွေစိုက်ပျိုးဖို့နေကြာတိုးချဲ့စိုက်ပျိုးဖို့အတွက်လုပ်ဆောင်လျက်ရှိပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက နေကြာစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် ဇွန်လမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ နေကြာ ဧက ၅၆၉၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ် ဘုတလင်မြို့နယ်တွင် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းများနှင့်နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်တင်ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# တန်ဖိုးရှိလူသား မြတ်စိတ်ထား

\- စိတ်နှလုံးဖြူ လူအများရယ်က
ရိုးသား၍ လောကမှာ၊
အလှဆင် စရိုက်ကျင့်တို့
တင့်တယ်လှစွာ၊
ရန့်မွှေးလို့ ပန်းပမာ
လန်းဝေဖြာ ဂုဏ်ရှိန်တိုး၊
ပတ်ဝန်းကျင် သန့်ရှင်းပြုလို့
ကောင်းမှုကိုပျိုး။

\- ချစ်ချစ်ခင် မြတ်တနိုးနဲ့
လူ့တန်ဖိုး ထိန်းသိမ်းရန်၊
ရိုးသားဂုဏ် မြင့်မြတ်လှတော့
တုပကောင်း၊
ရိုးရိုးကျင့် မြင့်မြင့်ကြံ
လူတို့သဏ္ဍာန် အမြဲတမ်း၊
အဖြူထည် မေတ္တာစစ်နဲ့
ထုဆစ်လျှောက်လှမ်း။

\- ကိုယ်နှုတ်မှ မညစ်နွမ်းနဲ့
အလှဆင်မြန်း လူသားတွေ၊
သီလလုံ သမာဓိနှင့်
ရှိကြပါစေ၊
ရိုးသားမှု ရွှေးရှုမသွေ
ကျင့်သုံးလေ မြတ်စိတ်ထား၊
အဖိုးတန်
အမျိုးမှန် ချင့်ချိန်ကြည့်မှ
(အို. . . ကွယ်)
မြတ်ဘိလူသား။

**ကလေးလေး(ဟသ်ာတ)**

➤စာမျက်နှာ ၂၄ မှအဆက်

အဆင့်အမြင့်ဆုံးသောနေရာတွင် တာဝန်ယူလိုက်ရသည်မို့ ကိုယ့်ကိုယ်ကိုယ် ကျေနပ်မိသည်။ သာလှမှာ အမဲရိုက်တုတ်ကို တဆဆ လုပ်ကြည့်ကာ ဟန်ကျသလိုလို တွေ့နေမိလေသည်။ အတူတူ တာဝန်ယူနေရသော လက်နားစောင့် အောင်ကျော်ကို ခပ်ပြုံးပြုံးလုပ်ပြီး တစ်ချက်ကြည့်လိုက်ရာ အောင်ကျော်က မျက်မှောင်ကုတ်ပြီး ပြန်ကြည့်သည်။

"သာလှ မင်း သတိနဲ့တော့လုပ်နော်"

"ရပါတယ်ကွာ၊ ဒါလေးများ ဘာဆန်းလို့လဲ ခက်တာမှတ်လို့ လာရင် ကျုံးထည့်လိုက်မှာပေါ့"

အောင်ကျော်မှာ မည်သို့မျှမပြောတော့ချေ။ ကိုယ့်နေရာနှင့်ကိုယ် သစ်ပင်ကွယ်က နေရာယူနေလိုက်ကြ၏။ မကြာပါချေ။ ခွေးဟောင်သံတွေ တောလုံးညံလာသလို ငြာသံပေးသူများအသံကလည်း ခမောင်းတောတောင် တစ်တောင်လုံး ဆူညံလာနေပြီ။ ငြာသံပေးကာ အော်ဟစ်သံများမှာ တဖြည်းဖြည်းပိုက်နားသို့နီးကပ်လာပြီး လက်နားစောင့် သာလှနှင့် အောင်ကျော်တို့မှာ အသိနှင့်သတိကိုထိပ်ပေါ်တင်ပြီး စောင့်ကြည့်နေလိုက်ကြ၏။ လက်ဝဲ၊ လက်ယာ ပိုက်စွန်နှစ်သွယ်တွင် တာဝန်ယူနေကြသော ခေါင်းခေါက်ထိုး ဩဘာနှင့် အောင်ဘာလေတို့မှာလည်း ခဲလုံးများ အသင့်ကိုင်ပြီး သစ်ပင်ကြီးများနောက်ကွယ်က ပုန်းလျှိုးနေရာယူထားကြသည်။

"ဂိန် ဂိန် ဂိန်"

"ဟေး ဟေး ဟေး"

"ဂိန် ဂိန် ဂိန်"

"ဟေး ဟေး ဟေး"

ခွေးသံနှင့် ငြာသံပေးသံများမှာ ပိုက်နားသို့ ပို၍ပို၍ နီးကပ်လာသည်။ အောင်ကျော် သာလှကို တစ်ချက်လှမ်းကြည့်လိုက်သည်။ သာလှက ဘာမှမဖြစ်ဘူးရတယ်။ အေးအေးဆေးဆေးပဲဆိုသည့်သဘော ပြုံးပြလိုက်သည်။ အမဲရိုက်တုတ်ကိုလည်း တဆဆလုပ်ပြလိုက်၏၊

"ဟေး. . . လာလေရဲ့။

ဩဘာထံမှ ခေါင်းခေါက်ထိုးပြီး ပစ်လွှတ်လိုက်သောအသံသည် လက်နားစောင့် သာလှနှင့် အောင်ကျော်တို့အား သတိအနေအထားသို့ ပိုမိုရောက်ရှိသွားစေပြီး တိုက်ပွဲဝင်ရန် တပ်လှန့်သံလည်းဖြစ်ပေသည်။ အမဲကောင်ကို ရိုက်သတ်ရန် သာလှ၏စိတ်အရှိန်သည် အမြင့်ဆုံးအနေအထားသို့ ရောက်သွားစေ၏။

"ဝှီး ဖုန်း ဖုန်း ဖုန်း"

လက်နားစောင့် အောင်ကျော်က စတင်လှုပ်ရှားလိုက်သည်။ ချေကောင် ဝင်တိုးမှုကြောင့် ပိုက်ထောက်များပြုတ်ပြီး ပိုက်နှင့်လုံးထွေးနေသည့် ချေကောင်ကြီးသည် အောင်ကျော်၏ တုတ်ချောင်းအောက်တွင် ဆန့်ငင်ဆန့်ငင် အသက်ငင်နေချေပြီ။

"ဝှီး ဖုန်း ဖုန်း ဖုန်း"

လက်နားစောင့် သာလှ၏ တုတ်ချက်ကလည်း မလွယ်။ အဆက်မပြတ် ဆင့်ကာဆင့်ကာ ရိုက်ချလိုက်တော့သည်။

"အား"

"ဟေ့ ဟေ့ သာလှ"

ပိုက်ခေါက်ထိုး ဩဘာသည် အပြေးရောက်လာပြီး သာလှ၏ လက်နှစ်ဖက်ကို ဖမ်းချုပ်ထားလိုက်သည်။

"ဟေး သာလှ၊ မင်းသတိထား၊ မင်းမှားနေပြီ၊ မှားနေပြီ"

သာလှမှာ အားကောင်းမောင်းသန်မို့ ဩဘာ တော်ရုံနှင့်ဖမ်းချုပ်မရ၊ အမဲကောင်ကို ရိုက်မည်ဆိုတာမျိုးချည်း အတင်းရုန်းသည်။

"အောင်ဘာလေရေ လာပါအုံးဟ၊ ဒီမှာ သာလှ တောစီးနေပြီ မရတော့ဘူး"

ဩဘာ သတိပေးလိုက်မှ အောင်ဘာလေ ပြေးဝင်လာပြီး သာလှကို အတင်းဖမ်းချုပ်ထားလိုက်မှ သာလှ ရုန်းအားကန်အား ရပ်သွားတော့သည်။

(၆)

"ဟင် ငါ ဘာလုပ်လိုက်တာလဲ"

"မင်း အောင်ကျော်ကို ရိုက်ထည့်နေတာလေ"

ဩဘာ၏အသံကို ကြားလိုက်မှ သာလှမှာ သတိရသွားဟန်ရှိပြီး လက်မှ ချေရိုက်တုတ်လည်း လွတ်ကျသွားတော့၏။ ပိုက်တန်းကြီး၏ ဟိုဘက်မှာတော့ ချေကောင်ကြီး။ သည်ဘက်မှာတော့ လက်နားစောင့် အောင်ကျော်၊ သွေးသံများ တရဲရဲနှင့် ပြိုင်တူလဲနေကြပေသည်။

"ဘယ်လိုဖြစ်ကြတာလဲ"

"မြင်တဲ့အတိုင်းပဲကွာ။ သာလှ တောရသွားတာလေ။ အတွေ့အကြုံကမရှိတော့ စိတ်တွေမွှန်ပြီး အောင်ကျော်ကို ချေလို့မြင်ပြီး ရိုက်လိုက်တာပေါ့ကွာ"

"ဒါကြောင့်ပြောတာပေါ့။ အတွေ့အကြုံမရှိတဲ့သူ ဒီနေရာနဲ့ မအပ်စပ်ဘူးဆိုတာလေ"

သာလှမှာကား မိမိအဖြစ်အပျက်အတွက် ယူကျုံးမရဖြစ်နေခဲ့ပေပြီ။ ငါ လိုက်လာမိခဲ့သည်မှာ မှားလေစွဟု နောင်တကြီးစွာ ဖြစ်နေခဲ့ပြီ။ စိတ်ထိခိုက်ခြင်းကြီးစွာဖြင့် ခေါင်းကိုဖြည်းလေးစွာ ခါယမ်းလိုက်သည်။ ကိုယ့်ကြောင့် ကိုယ့်သူငယ်ချင်းတစ်ယောက် ဒဏ်ရာဗရပွနှင့် ဖြစ်သွားပါပေါ့လားဆိုသည့်အသိက သာလှကို ကောင်းကောင်းသတိပေးလိုက်လေပြီ။

ငြာသံပေးပြီး အော်ဟစ်တောတိုးနေကြသူများလည်း ပိုက်နားသို့ အသီးသီးရောက်လာကြသည်။ အခြေအနေမှန်ကို သိလိုက်ကြရသောအခါ အားလုံး စိတ်မကောင်းဖြစ်ကြရသည်။ ကိုယ်နှင့်မတန်တာ သွားလုပ်တယ်ဆိုသည့်သဘောနှင့် အထင်သေးမျက်ဝန်းအစုံစုံတို့က သာလှအပေါ် စုပြုံကျရောက်နေကြ၏။

"ကဲ ကဲ တို့ ဒီလိုနေလို့မဖြစ်ဘူး။ အောင်ကျော်ကို ရွာပြန်သယ်ရမယ်"

အမဲလိုက်သမားများမှာ တာဝန်ကိုယ်စီယူပြီး အောင်ကျော်ကို ရွာသို့ ဝိုင်းဝန်းသယ်ယူသွားကြသည်။ သာလှ ကိုယ်တိုင်ပင် အောင်ကျော်ကို ကျောပိုးပြီး တောင်ပေါ်မှ တောင်အောက်သို့ရောက်အောင် သယ်ယူခဲ့သည်။ အောင်ကျော်၏ ဦးခေါင်းဒဏ်ရာမှ သွေးများသည် သာလှ၏ ကိုယ်ပေါ်သို့ တစ်စက်စက်စီးကျနေပေသည်။ အောင်ကျော်၏ ဦးခေါင်းတွင် ဒဏ်ရာရရှိခဲ့သလို သာလှ၏နှလုံးအိမ်တွင်လည်း အမာရွတ်တစ်ခု ထင်ကျန်နေခဲ့ပေပြီ။

အမဲလိုက်ခြင်းမှရရှိသည့် အဖြစ်အပျက်ကို သင်ခန်းစာယူပြီး သာလှမှာ နောက်နောင်တွင်လည်း အမဲလိုက်ခြင်းအမှုကို တစ်သက်လုံးမပြုတော့ချေ။ တစ်ချက်အမှားသည် တစ်သက်လုံးအတွက် တရားရစရာ သင်ခန်းစာ ပေးသွားခဲ့လေပြီ။

# ရေနံချောင်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေး

**ရေနံချောင်း အောက်တိုဘာ ၈**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျမ်းကိုင်ကျွန်းကျေးရွာအုပ်စု ဒဏ်ကုန်းဟောင်းကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကြောင့် နေကြာအပါအဝင် အခြားဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူများ လိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များဝယ်ယူသုံးစွဲနိုင်စေရန်အတွက် ချေးငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်း၊ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များက ဒဏ်ကုန်းဟောင်းကျေးရွာရှိ နေကြာအပါအဝင် အခြားဆီထွက်သီးနှံ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၁၀၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေ ထုတ်ချေးခြင်း အခမ်းအနားသို့ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၊ ဒဏ်ကုန်းဟောင်းကျေးရွာမှ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **နွဲ့ယဉ်**

# ဆုံးဖြတ်သင့်ပြား၊ အရှက်နှင့် အကြောက်တရား

စိန်ဌေးလှိုင်(ဟိုပုံးမြေ)

မြန်မာ့ယဉ်ကျေးမှုနယ်ပယ်မှာ ဟီရိဆိုတဲ့ အရှက်တရားနဲ့ ဩတ္တပ္ပဆိုတဲ့အကြောက်တရားဆိုပြီးနှစ်မျိုး ရှိပါတယ်။ ပိဋကစာပေမှာတော့ အရှက်တရားကို ဟီရိလို့ခေါ်ဆိုပြီး အကြောက်တရားကို ဩတ္တပ္ပလို့ ခေါ်ဆိုပါတယ်။ မကောင်းမှုအလုပ်တွေနဲ့ပတ်ဝန်းကျင် လူ့အသိုင်းအဝိုင်းက အပြစ်လို့သတ်မှတ်ထားတဲ့ အကြောင်းအရာတွေမပြုလုပ်ချင်တာကို အရှက်တရားလို့ခေါ်ဆိုပြီး ဒီအလုပ်တွေမလုပ်ဝံ့တာကို အကြောက်တရားလို့ခေါ်ဆိုပါတယ်။ သူတစ်ပါးကဲ့ရဲ့ခံရတာ၊ အများနဲ့ဆန့်ကျင်ဘက်ဖြစ်နေတာတို့ကိုလဲ အရှက်တရားလို့ခေါ်ဆိုနိုင်ပါတယ်။ လူသေအလောင်းကို မကိုင်ချင်တာ၊ တစ္ဆေ၊ သရဲရှိတဲ့နေရာဆိုပြီးမသွားချင်တာ၊ သေဆုံးမှုကိုမလိုချင်တာ စတာတွေဟာလဲ အကြောက်တရားတွေဖြစ်ကြပါတယ်။ မိမိကိုယ်တွင်း စိတ်ဖြစ်စဉ်တွေကို အရှက်တရားလို့ခေါ်ဆိုပြီး ပြင်ပဖြစ်စဉ်တွေကို အကြောက်တရားလို့သတ်မှတ်ကြပါတယ်။ လူသားတွေမှာ အရှက်နဲ့အကြောက်တရားဆိုတာရှိကြစမြဲဖြစ်ပြီး လောကမှာ ထိန်းသိမ်းရမဲ့တရားတွေဖြစ်လို့ လောကပါလတရားနှစ်ပါးလို့လဲခေါ်ဆိုကြပါတယ်။

မိမိသန္တာန်မှာ အရှက်တရားတွေကို ထိန်းသိမ်းတဲ့အနေနဲ့လုပ်ဆောင်ရမဲ့နည်းလမ်းတွေမှာ မျိုးရိုး၊ အရွယ်၊ သတ္တိ၊ အသိဉာဏ်တို့ကို စဉ်းစားတွေးခေါ်ပြီး လုပ်ဆောင်ရပါ့မယ်။ ဘိုးဘွားမိဘတို့ရဲ့ မျိုးရိုးဂုဏ်သိက္ခာကို မစောင့်ထိန်းဘဲလူမှုကျင့်ဝတ်တွေကို မချိုးဖောက်ရပါ။ မကောင်းမှုတွေကို ငယ်ရွယ်စဉ်မသိခင်ကပြုလုပ်ခဲ့ပေမဲ့ သိတဲ့အရွယ်ရလာတဲ့အခါ ဆက်လက်မလုပ်ဆောင်သင့်ပါ။ မကောင်းမှုလုပ်တယ်ဆိုတာ လူမိုက်တွေသာလုပ်တာဖြစ်ပြီး မိမိလိုရဲရင့်တဲ့လူတစ်ယောက်ဟာမလုပ်သင့်ဘူးလို့လဲ စိတ်မှာတွေးရပါ့မယ်။ မကောင်းမှုတွေကို အသိဉာဏ်နည်းပါးတဲ့သူတွေသာ လုပ်ကြတာဖြစ်ပြီး မိမိလိုအသိဉာဏ်ရှိတဲ့သူဟာ မလုပ်ဘူးလို့လဲ စိတ်မှာမှတ်သားထားရပါ့မယ်။ ဒါ့ပြင်ကာယိ ခြေပျက်ယွင်းတာကိုလဲ အရှက်လို့ခေါ်ကြပါတယ်။ အထူးသဖြင့် အမျိုးသမီးတွေကို ရည်ညွှန်းတာဖြစ်ပါတယ်။ မိမိလူမျိုးရဲ့ဘာသာ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းတို့ကို အရှက်တရားနဲ့ ကာကွယ်စောင့်ထိန်းရပါ့မယ်။ မြန်မာအမျိုးသမီးတွေဟာ အရှက်တရားကြီးကြပြီး ယဉ်ကျေးတဲ့အမူအရာကို ပြုမူတတ်ကြပါတယ်။ မြန်မာအမျိုးသမီးတစ်ယောက်ရဲ့ အရှက်တရားထိန်းသိမ်းပုံလေးကို ဗဟုသုတအနေနဲ့ တင်ပြပါရစေ။ တစ်ခါက ပုဂံကိုရောက်ရှိတဲ့ နိုင်ငံခြားသားခရီးသွားတစ်ယောက်ဟာ ဧရာဝတီမြစ်ကမ်းရဲ့ ဗူးဘုရားမှာ ထိုင်နေပါတယ်။ အဲဒီအချိန်မှာမိန်းမပျိုလေးတစ်ယောက်ဟာ မြစ်ထဲကိုရေချိုးဆင်းလာပါတယ်။ သူရဲ့အင်္ကျီချွတ်ပုံမှာ ပါလာတဲ့ဖျင်တဘက်လေးကို ပခုံးပေါ်မှာ ဘယ်ညာတင်ပြီး အကာအကွယ်ယူလိုက်ပါတယ်။ ဘေးဘယ်ညာကိုလဲ ကြည့်လိုက်ပါသေးတယ်။ ဖြည်းညင်းစွာနဲ့ အင်္ကျီကိုချွတ်ပြီး ထဘီကိုရင်ရှားဝတ်လိုက်ကာ မြစ်အတွင်းသို့ ဆင်းသွားပါတော့တယ်။ ဒီအနေအထားကိုတွေ့မြင်သွားတဲ့ နိုင်ငံခြားသားဟာ အင်မတန်အံ့ဩသွားခဲ့ပါတယ်။ သူတို့နိုင်ငံက မိန်းမပျိုတွေ မြစ်ထဲမှာ ရေချိုးရင် အခုလိုပြုလုပ်မှာမဟုတ်ကြောင်းနဲ့ မြန်မာအမျိုးသမီးတွေဟာ အရှက်တရားကို အလွန်အင်မတန်ထိန်းသိမ်းကြကြောင်း ချီးကျူးသွားခဲ့ပါတယ်။

အရှက်တရားရအောင်လုပ်တာ၊ အရှက်ခွဲတာတွေဟာ မကောင်းတဲ့လုပ်ရပ်တွေသာ ဖြစ်ကြပါတယ်။ တကယ့်အဖြစ်အပျက် သာဓကရှိခဲ့ဖူးပါတယ်။ ပုဂံပြည်မှာနရသီဟပတေ့ဘုရင်ဟာ မိဖုရားစောလုံကို ရေမွှန်းအောင်ပက်ခိုင်းလိုက်တယ်။ ကျီစားတာပါပဲ။ ဒါပေမဲ့ စောလုံမှာ အရှက်ရစေတာကြောင့် ဘုရင်ကြီးအပေါ်စိတ်ဆိုးကာ ဒီအဖြစ်အပျက်ကို စိတ်ထဲမှာတေးထားခဲ့ပါတယ်။ စောလုံဟာ ဘုရင်ရဲ့စားတော်ပွဲမှာ အဆိပ်ထည့်ခဲ့ပါတယ်။ ဘုရင်ဟာ အဆိပ်ခတ်တာကို သိသွားတာကြောင့် စောလုံကိုကွပ်မျက်စေခဲ့တယ်။ ဘုရင်ခမျာမှာလဲ မိဖုရားကို စွဲလမ်းတဲ့စိတ်ကြောင့် ကွယ်လွန်ခဲ့ရတယ်။ ဒါ့ကြောင့် အရှက်တရားနဲ့ လက်စားချေအငြိုးထားတဲ့စိတ်တွေဟာ ကြောက်စရာကောင်းလှပါတယ်။ ဒါ့ပြင် အရှက်တရားနှင့်ပတ်သက်ပြီး ဥပမာတစ်ခုကိုလဲ ဖော်ပြလိုပါသေးတယ်။

မြို့တစ်မြို့မှာ ရေကြီးစဉ်အခါက လူငယ်တွေဟာ ကယ်ဆယ်ရေးလုပ်ငန်းတွေကို လုပ်ကိုင်ကြတယ်။ မြို့သူ၊ မြို့သားတွေကို ကယ်တင်ဖို့တံတားတစ်ခုတည်ဆောက်ထားပါတယ်။ လူငယ်တစ်ယောက်ဟာ တံတားအပေါ်ကနေ လက်ကိုအောက် တွဲလောင်းချ

**❖ မကောင်းမှုကိုတစ်ခါလုပ်သည်ဖြစ်စေ၊ နှစ်ခါလုပ်သည်ဖြစ်စေ မကောင်းတာကတော့ အတူတူပဲဖြစ်ပါတယ်။ လောကကြီးမှာ အရှက်၊ အကြောက်တရားတို့ကင်းမဲ့သွားရင် မကောင်းမှုတွေ ပိုမိုများပြားလာမှာဖြစ်ပြီး လူမှုရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုတို့မှာလဲ နိမ့်ကျလာမှာဖြစ်ပါတယ်။ ဒါ့ပြင် အရှက်နဲ့အကြောက်တရားတို့ဟာ မကောင်းမှုတွေကို မပြုလုပ်မိအောင် ထိန်းချုပ်ထားပါတယ်။ ရှေးမြန်မာတို့က သားစဉ်မြေးဆက်ထိ အရှက်၊ အကြောက်တရားတို့ကို လက်ဆင့်ကမ်းခဲ့တာဟာ အမျိုးသားစရိုက်လက္ခဏာတစ်ရပ်လို့တောင် ဆိုနိုင်ပါတယ်။ ❖**

ပြီး စောင့်ဆိုင်းနေပါတယ်။ သူ့ရဲ့ခြေထောက်ကို အခြားတစ်ယောက်က ကိုင်ထားပါတယ်။ ရေမျောလာတဲ့လူက ဖောက်ထိုးနေတဲ့သူရဲ့လက်ကိုဆွဲလိုက်ရင် အပေါ်ကို ရောက်မှာဖြစ်ပါတယ်။ အဲဒီအချိန်မှာ ရေမျောလာတဲ့ မိန်းကလေးတစ်ယောက်ဟာ လူငယ်ရဲ့လက်ကို မိမိရရဖမ်းကိုင်လိုက်ပါတယ်။ ကယ်တင်နေတဲ့လူငယ်က "ညီမ၊ ကိုင်ထား၊ ကိုင်ထား၊ မလွတ်စေနဲ့"လို့ ပြောသလို အခြားသူတွေကလဲ ဆူညံစွာနဲ့အားပေးနေကြပါတယ်။ ဒါပေမဲ့ တံတားအပေါ်ကိုရောက်ခါနီးမှာ ဒီမိန်းကလေးဟာ ဆွဲထားတဲ့လက်ကို တမင်တကာ ဖြုတ်ချလိုက်ပါတော့တယ်။ မိန်းကလေးမှာ ရေစီးထဲ မျောပါသွားပြီး နှစ်ရက်လောက်ကြာတဲ့အခါမှ ခါးအောက်ပိုင်းအဝတ်မပါတဲ့ သူ့ရဲ့အလောင်းကို တွေ့ခဲ့ရပါတယ်။ ဒီမိန်းကလေးဟာ အရှက်တရားကြီးမားလှပြီး အရှက်နဲ့ အသက်ကို လဲလှယ်သွားပါတယ်။ အရှက်တရားဆိုတာ ရှိသင့်တယ်ဆိုပေမဲ့ ရှက်သင့်တဲ့နေရာမှာ ရှက်ရမယ်။ မရှက်သင့်တဲ့နေရာမှာ မရှက်သင့်ပါ။

လူသားတွေဟာ မကောင်းမှုတွေပြုလုပ်ရမှာကို ကြောက်ရွံ့နေရပါ့မယ်။ မကောင်းမှုဆိုတာ မိမိကိုယ်တိုင်ဖြစ်စေ၊ ပတ်ဝန်းကျင်ကိုဖြစ်စေ ကောင်းကျိုးမပေးပါ။ ဗုဒ္ဓဘာသာမှာ ဒုစရိုက်တရား ၁၀ ပါးကို မကောင်းမှုတွေလို့ခေါ်ဆိုကာ ခန္ဓာကိုယ်နဲ့ပြုလုပ်တဲ့ ကာယဒုစရိုက် သုံးပါး၊ နှုတ်နဲ့ ပြောဆိုတဲ့ဝစီဒုစရိုက် လေးပါးနဲ့စိတ်မှာဖြစ်ပေါ်တဲ့ မနောဒုစရိုက် သုံးပါးဆိုပြီး ခွဲခြားသတ်မှတ်ထားပါတယ်။ ကာယဒုစရိုက်တွေကို မြန်မာမှုမှာ "သူတစ်ပါးအသက်ကို သတ်ခြင်း၊ ပိုင်ရှင်မှ ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော သူတစ်ပါးဥစ္စာကို ခိုးယူခြင်းနှင့် ကာမဂုဏ်တို့၌ မှားယွင်းစွာ ဖောက်ပြန်ကျူးလွန်ခြင်း"တို့ဖြစ်ကြပါတယ်။ ဝစီဒုစရိုက်တွေကို မြန်မာမှုမှာ "မဟုတ်မမှန်သောအရာကို ဟုတ်မှန်သည့်အနေဖြင့် လိမ်ညာပြောဆိုခြင်း၊ ကုန်းတိုက်ခြင်း၊ ချစ်သူနှစ်ဦးကွဲသွားအောင် သို့မဟုတ် မိမိအားချစ်ခင်လာအောင်ချစ်သူနှစ်ဦးကို ရန်တိုက်ပေးခြင်း၊ သင့်တင့်ညီညွတ်နေသော မိတ်ဆွေနှစ်ဦးတို့ကို မသင့်မတင့်ဖြစ်အောင် စိတ်ဝမ်းကွဲအောင်ပြောဆိုခြင်း၊ ကြမ်းကြမ်းတမ်းတမ်းဆဲရေးတိုင်းထွာပြောဆိုခြင်းနှင့် မိမိသူတစ်ပါး နှစ်ဦးသားလုံးဝအကျိုးမရှိသော စကားပြောဆိုခြင်း"တို့ဖြစ်ကြပါတယ်။

မနောဒုစရိုက်တွေကို မြန်မာမှုမှာ"သူများစည်းစိမ်၊ ဥစ္စာချမ်းသာကြွယ်ဝနေသည်ကိုမြင်သောအခါ ထိုစည်းစိမ်ချမ်းသာများ ငါ၏ဥစ္စာဖြစ်လာပါမူ ကောင်းလေစွဟု သူတစ်ပါး၏ စည်းစိမ်ချမ်းသာအပေါ် မကောင်းကြံစည်ခြင်း၊ သူတစ်ပါးပျက်စီးစေလိုသည့် စိတ်ဖြစ်ပေါ်ခြင်းနှင့် လှူခြင်းသည်အကျိုးမရှိ၊ မလှူခြင်းသည် အပြစ်မရှိ စသည်ဖြင့်ဖောက်ပြန် မှားယွင်းစွာယူခြင်း"တို့ဖြစ်ကြပါတယ်။ မကောင်းမှုဒုစရိုက်ကိုပြုသူတွေမှာ ဘယ်သောအခါမျှကောင်းကျိုးချမ်းသာကို မရနိုင်ဘဲ ဆိုးကျိုးဆင်းရဲမှုတွေကိုသာရကြပါတယ်။ အကြောင်းဆိုးရင် အကျိုးဆိုးပါ့မယ်။ ဥပမာအနေနဲ့ မကောင်းမှုဒုစရိုက်ပြုခဲ့လျှင် ပဋိသန္ဓေနေဆဲမှာဖြစ်စေ၊ မွေးဖွားစမှာဖြစ်စေ သေဆုံးကြပါတယ်။ သူတစ်ပါးပစ္စည်းဥစ္စာကို ခိုးယူရင် ဆင်းရဲမွဲတေတတ်ပါတယ်။ မဟုတ်မမှန်စကားကိုပြောဆိုရင် စွပ်စွဲခံရတတ်ပါတယ်။ စကားကိုကြမ်းတမ်းစွာပြောရင် ချစ်ခင်သူနည်းပါးကာ မိတ်ဆွေရှားပါးပါ့မယ်။ အသစ်ဆက်ဆံတဲ့မိတ်ဆွေတွေကလဲ ရှောင်ရှားသွားပါ့မယ်။ လူတစ်ယောက်မှာ အကြောက်တရားမရှိတော့ရင် မိုက်ရူးရဲအသွင်ကို ဆောင်လာတတ်ကာ အကြမ်းဖက်မှုတွေကိုလုပ်ဆောင်ကြပါတော့တယ်။ အကြောက်တရားဆိုတာကလဲ ရှိသင့်တဲ့နေရာမှာရှိရပါမယ်။

စာရေးသူတို့ ကျောင်းသားဘဝက သင်ယူခဲ့ရတဲ့ အကြောက်လွန်တဲ့ ယုန်သူငယ်ပုံပြင်ပဲဖြစ်ပါတယ်။ တောအုပ်တစ်ခုမှာ ယုန်ငယ်တစ်ကောင်ဟာ သစ်ရွက်ခြောက်တွေကြားမှာဝပ်နေပါတယ်။ "အခုချိန်၊ မြေပြိုခဲ့ရင် ငါဟာဘယ်ကိုသွားရမလဲ"လို့ တွေးတောကာ ကြောက်စိတ်ဝင်နေပါတော့တယ်။ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ ဥသျှစ်သီးမှည့်တစ်လုံးက သစ်ရွက်ခြောက်ပေါ်ကိုကြွေကျတဲ့ 'ဝုန်း'ခနဲ အသံကိုကြားလိုက်ရပါတယ်။ ယုန်သူငယ်ဟာ မြေပြိုပြီဆိုတဲ့အထင်နဲ့ အလန့်တကြားပြေးပါတော့တယ်။ ယုန်ပြေးတာကို တွေ့မြင်တဲ့ အခြားတိရစ္ဆာန်တို့ကလဲ လိုက်လံပြေးကြရာ တစ်တောလုံးဆူညံလျက်ရှိပါတော့တယ်။ ဒီအဖြစ်အပျက်ကိုသိတဲ့ ကေသရာဇာခြင်္သေ့မင်းက စစ်ဆေးလိုက်တဲ့အခါ အကြောင်းမှန်ကိုသိခဲ့ရပါတယ်။ ခြင်္သေ့မင်းဟာ မစူးစမ်းမဆင်ခြင်ဘဲ ကြောက်အားမကြီးဖို့ ယုန်သူငယ်ကို ဆုံးမခဲ့ပါတယ်။

လူသားတွေဟာ သေရမှာကို ကြောက်ပါတယ်။ သေဆုံးခြင်းဆိုတာက လောကရဲ့ဖြစ်စဉ်တစ်ခုပါပဲ။ သေဆုံးခြင်းဆိုတာကို အကြီးမားဆုံးဒုက္ခလို့တောင် သတ်မှတ်ထားပါတယ်။ ဗုဒ္ဓဘာသာဝင်တို့ဟာသေဆုံးပြီးကာလ နောင်ဘဝကိုပြန်လည်ရရှိမယ်လို့ သက်ဝင်ယုံကြည်ထားကြပါတယ်။ နောင်ဘဝကို ယုံကြည်တာကြောင့် နတ်တွေ၊ ငရဲတွေရှိတယ်ဆိုတာကိုလဲလက်ခံထားကြပါတယ်။ ငရဲရောက်ရမှာကို ကြောက်တယ်ဆိုတာကလဲ သေရခြင်းကိုကြောက်တာနဲ့အတူတူပဲဖြစ်ပါတယ်။ နတ်ပြည်ကို ရောက်မှာကျိန်းသေတယ်။ သေရဲလားဆိုရင်လဲ သေရဲကြမယ်မထင်ပါ။ သေဆုံးပြီးရင် ဘဝပြတ်တယ်လို့ယုံကြည်ထားကြတဲ့ ရုပ်ဝါဒီတို့ကလဲ မသေရဲကြပါ။ ဒါဆိုရင် "သေရမှာကို မကြောက်တဲ့သူရှိပါသလား"လို့မေးရင် "ရှိပါတယ်" လို့ဖြေဆိုရမှာဖြစ်ပါတယ်။

သေဆုံးခြင်းနဲ့ပတ်သက်ပြီး ဇာဏုသောဏိပုဏ္ဏားက မြတ်စွာဘုရားရှင်ကို မေးမြန်းလျှောက်ထားပါတယ်။ "အရှင်ဂေါတမ၊ သေခြင်းသဘောရှိပါလျက် သေခြင်းမှမကြောက်သော၊ ထိတ်လန့်ခြင်းသို့ မရောက်သောသူသည် မည်သူမျှမရှိနိုင်"ဟု ကျွန်ုပ်ယူဆပါတယ်။ ထိုအခါမြတ်စွာဘုရားရှင်က "အသင်ပုဏ္ဏား၊ သေခြင်းသဘောရှိသည်ဖြစ်ပါလျက်သေခြင်းကိုကြောက်သော၊ ထိတ်လန့်ခြင်းသို့ရောက်သောသူလည်းရှိ၏။ သေခြင်းသဘောရှိပါလျက်သေခြင်းမှ မကြောက်သော၊ ထိတ်လန့်ခြင်းသို့ မရောက်သောသူလည်းရှိ၏"လို့ ဖြေဆိုတော်မူလိုက်ပါတယ်။ ဆက်လက်ပြီး "ကာမဂုဏ်ခန္ဓာကိုယ်ကြီးတွင် တဏှာရာဂကင်းသောသူသည် သေရခြင်းကိုမကြောက်ပေ။ ရဟန္တာတို့ဖြစ်ကြပါ၏။ ကုသိုလ်ကောင်းမှုရှိသူနှင့်သူတော်ကောင်းတရား၌ သက်ဝင်ယုံကြည်သောသူတို့သည်လည်း သေခြင်းမှ မကြောက်ပေ။ ပုထုဇဉ်များလည်း ဖြစ်နိုင်ပါသည်။ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိနေပါလိမ့်မည်"လို့ သေခြင်းကိုမကြောက်တဲ့သူတွေအကြောင်းကိုလဲ ဟောတော်မူခဲ့ပါတယ်။

အရှက်၊အကြောက်တရားနဲ့ပတ်သက်ပြီး ဆင်ခြေပေးတဲ့စကားပုံတစ်ခုရှိပါတယ်။ ဒါကတော့"တစ်တက်စားလည်းကြက်သွန်၊ နှစ်တက်စားလည်းကြက်သွန်" ဆိုတာပါပဲ။ မှန်ပါတယ်။ ဒါပေမဲ့ကြက်သွန်ဆိုတာက အနံ့နံပါတယ်။ တစ်တက်စားရင်နံမယ်။ နှစ်တက်စားရင် ပိုလို့နံပါ့မယ်။ မကောင်းမှုကိုတစ်ခါလုပ်သည်ဖြစ်စေ၊ နှစ်ခါလုပ်သည်ဖြစ်စေ မကောင်းတာကတော့ အတူတူပဲဖြစ်ပါတယ်။ လောကကြီးမှာ အရှက်၊ အကြောက်တရားတို့ကင်းမဲ့သွားရင် မကောင်းမှုတွေ ပိုမိုများပြားလာမှာဖြစ်ပြီး လူမှုရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုတို့မှာလဲ နိမ့်ကျလာမှာဖြစ်ပါတယ်။ ဒါ့ပြင် အရှက်နဲ့အကြောက်တရားတို့ဟာ မကောင်းမှုတွေကို မပြုလုပ်မိအောင် ထိန်းချုပ်ထားပါတယ်။

ရှေးမြန်မာတို့ကသားစဉ်မြေးဆက်ထိ အရှက်၊ အကြောက်တရားတို့ကို လက်ဆင့်ကမ်းခဲ့တာဟာ အမျိုးသားစရိုက်လက္ခဏာတစ်ရပ်လို့တောင် ဆိုနိုင်ပါတယ်။ အရှက်တရားက မြန်မာ့ယဉ်ကျေးမှုကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုလျက်ရှိပါတယ်။ စာပေ၊ ဂီတ၊ ဇာတ်သဘင်၊ အငြိမ့်၊ ရုပ်ရှင် စတဲ့အနုပညာနယ်ပယ်တွေမှာ ဟီရိဩတ္တပ္ပကို မျက်ကွယ်မပြုတဲ့အစဉ်အလာတွေ ဖြစ်ထွန်းခဲ့ပါတယ်။ ဒီနည်းအတိုင်းပါပဲ။ မြန်မာတိုင်းရင်းသားတို့ဟာ မကြောက်တရားနဲ့ နယ်ချဲ့ကိုတွန်းလှန်ခဲ့တာကြောင့် လွတ်လပ်ရေးကိုရရှိခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ထားရှိသင့်တဲ့အရှက်၊ အကြောက်တို့ကိုထားရှိပြီး မရှိသင့်တဲ့ ဟီရိဩတ္တပ္ပတို့ကိုလဲ ရှောင်ရှားရမှာဖြစ်ကြောင်း ရေးသားလိုက်ရပါတယ်။

**ကိုးကား**

- **လူငယ်နှင့်အကောင်းဆုံးသောဘဝကို တည်ဆောက်ခြင်း၊ ဒေါက်တာခင်မောင်ညို ၂၀၂၁ ဓမ္မနိဝင်ဘာလ**
- **ဗုဒ္ဓဘာသာကောင်းတစ်ယောက် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနထုတ် ၂၀၀၅**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ယခုဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလထိ ပြည်ပသို့ ရေထွက်ပို့ကုန်ကဏ္ဍမှ အမေရိကန်ဒေါ်လာ ၃၀၀ ဒသမ ၄၃ သန်းပိုးတင်ပို့နိုင်ခဲ့



**နေပြည်တော် အောက်တိုဘာ ၈**

ယခုဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလထိ ပြည်ပသို့ ရေထွက်ပို့ကုန်ကဏ္ဍမှ အမေရိကန်ဒေါ်လာ ၃၀၀ ဒသမ ၄၃ သန်းပိုးတင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ယခုဘဏ္ဍာနှစ်တွင် ဧပြီလမှ စက်တင်ဘာလကုန်ထိ ခြောက်လတာကာလအတွင်း ပြည်ပပို့ကုန်များကို ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံ ၁၀၀ ကျော်သို့ အမေရိကန်ဒေါ်လာ ၇၅၈၄ ဒသမ ၁၇၁ သန်းပိုးထိ တင်ပို့ရောင်းချပေးခဲ့ရကြောင်း၊ ထိုသို့ တင်ပို့ရောင်းချပေးရာတွင် ရေထွက်ပို့ကုန်ကဏ္ဍမှ အမေရိကန်ဒေါ်လာ ၃၀၀ ဒသမ ၄၃ သန်းပိုးတင်ပို့ရောင်းချပေးနိုင်ခဲ့ကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလထိ ခြောက်လတာကာလအတွင်းတွင် ရေထွက်ပို့ကုန် ပြည်ပတင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၃၄၂ ဒသမ ၁၁၅ သန်း နိုင်ငံခြားဝင်ငွေ ရရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံမှပြည်ပပို့ကုန်များကို နိုင်ငံပိုင်ကဏ္ဍနှင့်ပုဂ္ဂလိကကဏ္ဍများမှ တင်ပို့ရောင်းချပေးနေခဲ့သော်လည်း ရေထွက်ပို့ကုန်ပြည်ပတင်ပို့မှုကဏ္ဍတွင် နိုင်ငံပိုင်ကဏ္ဍမှ ဆောင်ရွက်ခြင်းမရှိဘဲ ပုဂ္ဂလိကကဏ္ဍကသာ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၌ ပုဂ္ဂလိကကဏ္ဍက ငါး၊ ပုစွန်များကို ပြုပြင်ထုတ်လုပ်ကာ ပြည်ပသို့ တင်ပို့ရောင်းချပေးသည့် အအေးခန်းစက်ရုံ ၁၂၄ ရုံရှိနေပြီး အဆိုပါ အအေးခန်းစက်ရုံများမှပြုပြင်ထုတ်လုပ်ပြီး ငါး၊ ပုစွန်များကို ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချပေးရာတွင် ကိုရီးယား၊ ဂျပန်၊ အီးယူနိုင်ငံများ၊ ကနေဒါနှင့် အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့ရောင်းချပေးနေခြင်းဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

SKL

## မင်းပြားမြို့နယ်၌ CFW စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မင်းပြား အောက်တိုဘာ ၈**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လုပ်အားခပေးဖွံ့ဖြိုးရေးစီမံကိန်း (CFW) ဆောင်ရွက်မည့် သာစည်ကုန်း(ရေငံဆည်) ကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို အောက်တိုဘာ ၇ ရက်က အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ကျင်းပခဲ့ကြောင်းသိရသည်။

ဈေးဦးစွာ မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သိန်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဝင်းထွန်းက လုပ်အားခပေးဖွံ့ဖြိုးရေးစီမံကိန်းရည်ရွယ်ချက်နှင့်စပ်လျဉ်းသည့် အကြောင်းအရာများကို မိတ်ဆက်ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံဝန်ထမ်းများက လုပ်အားခပေးဖွံ့ဖြိုးရေးစီမံကိန်း ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရန်၊ ရှောင်ရန်အချက်များကို ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သိန်းနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြသည်။

သာစည်ကုန်း(ရေငံဆည်)ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လုပ်အားခပေးဖွံ့ဖြိုးရေးစီမံကိန်းပံ့ပိုးရန်ပံ့ငွေကျပ် သိန်း ၁၀၀ ကိုအသုံးပြု၍ ကျေးရွာ၏ ပကတိလိုအပ်ချက်များကို ဖော်ထုတ်ပြီး ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုသန်း**

# ကမ္ဘာလုံးဆိုင်ရာလူ့အခွင့်အရေး လူသားအားလုံးစိတ်ကျန်းမာရေး

ပေါက်ပေါက်

စိတ်ကျန်းမာရေးကောင်းသူဆိုသည်မှာ စိတ်ရောဂါလက္ခဏာများမရှိသည်သာမက မိမိကိုယ်ကို သုံးသပ်ရာတွင်လည်း အထင်မသေးသကဲ့သို့ အထင်လည်းမကြီးခြင်း၊ ပကတိအခြေအနေတွင် နှလုံးသွင်းလက်ခံနိုင်ခြင်း၊ မိမိ၏ချို့ယွင်းချက် သို့မဟုတ် ဟာကွက်ကိုလည်း လက်ခံနိုင်စွမ်းရှိခြင်း၊ နေ့စဉ်ကြုံတွေ့နေရသော ကိစ္စအဝဝကို လုံလောက်သော ဝီရိယ၊ စေတနာနှင့် အေးဆေးစွာရင်ဆိုင်နိုင်စွမ်းရှိခြင်း၊ ယေဘုယျအားဖြင့် သူတစ်ပါးအပေါ်တွင် ယုံကြည်နိုင်ခြင်း၊ မေတ္တာထားနိုင်ခြင်းနှင့် လိုက်လျောညီထွေစွာ ဆက်ဆံနိုင်ခြင်း၊ ကိုယ်ပိုင်ဆုံးဖြတ်ချက်ချနိုင်စွမ်းရှိ၍ ပေးအပ်သောတာဝန်များကို လက်ခံဆောင်ရွက်နိုင်စွမ်းရှိခြင်း စသည်တို့သည် စိတ်ကျန်းမာရေးကောင်းသူ၏လက္ခဏာများဖြစ်သည်။

လူကျန်းမာမှ စိတ်ချမ်းသာနိုင်ပါလိမ့်မည်။ စိတ်ချမ်းသာရေးအတွက် စိတ်ကျန်းမာနေရန်လိုပါသည်။ စိတ်ကျန်းမာကြံ့ခိုင်မှုလည်း အမှန်တကယ် ကျန်းမာသောသူတစ်ယောက်ဖြစ်ပါသည်။ စိတ်နှင့်ရုပ်က အမြဲဒွန်တွဲလျက်ရှိပြီး ရုပ်ကိုစိတ်ကဆောင်ပါသည်။ စိတ်ကျလျှင် စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့ဘဲ အလုံးစုံယုတ်လျော့သွားနိုင်သည်။ ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က လူသားများ စိတ်ကျန်းမာရေးကောင်းမွန်မှု လွန်စွာအရေးကြီးကြောင်းကို သိရှိနားလည်ကြစေရန်ရည်ရွယ်၍ နှစ်စဉ် အောက်တိုဘာ ၁၀ ရက်ကို "World Mental Health Day-ကမ္ဘာ့စိတ်ကျန်းမာရေးနေ့"အဖြစ် အထူးတလည် သတ်မှတ်ပေးထားခြင်းဖြစ်သည်။ ပထမဆုံး ကမ္ဘာ့စိတ်ကျန်းမာရေးနေ့ကို ၁၉၉၂ ခုနှစ် အောက်တိုဘာလက စတင်ကျင်းပလာခဲ့ကြောင်း လေ့လာသိရှိရသည်။


စိတ်ကျန်းမာရေးဆိုင်ရာ ကမ္ဘာ့အဖွဲ့ချုပ် (World Federation for Mental Health - WFMH) က ကမ္ဘာ့စိတ်ကျန်းမာရေးနေ့အတွက် ဆောင်ပုဒ်တစ်ခုစီကို နှစ်စဉ် သတ်မှတ်ပေးလျက်ရှိရာ ၂၀၂၃ ခုနှစ်အတွက် ဆောင်ပုဒ်မှာ "Mental Health is a Universal Human Right" ဖြစ်ပြီး အဓိပ္ပာယ်မှာ "စိတ်ကျန်းမာရေးသည် ကမ္ဘာလုံးဆိုင်ရာလူ့အခွင့်အရေး"ဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ -

- ကိုဗစ်-၁၉ ကူးစက်ရောဂါသည် ကမ္ဘာ့နိုင်ငံများ၌ ကျန်းမာရေးရလဒ်များအပေါ် မညီမျှမှု၏ အကျိုးသက်ရောက်မှုများကိုမီးမောင်းထိုးပြလိုကြောင်း၊
- ရုပ်ပိုင်းဆိုင်ရာ နာမကျန်းဖြစ်နေသူများသည် စိတ်ပိုင်းဆိုင်ရာဒုက္ခများနှင့် စိတ်ကျန်းမာရေးအခက်အခဲများကို မကြာခဏ ကြုံတွေ့နေရကြောင်း၊
- စိတ်ဝေဒနာ ခံစားနေရသော လူတော်တော်များများသည်လည်း ၎င်းတို့ရသင့်ရထိုက်သော တန်းတူအခွင့်အရေးများကို ဆုံးရှုံးနေကြရပြီး ၎င်းတို့မိသားစုအတွင်းမှာပင် ခွဲခြားဆက်ဆံမှုကို ခံစားနေကြရကြောင်း၊
- မိမိပြည်တွင်းသာမက ကမ္ဘာတစ်ဝန်းလုံး၌ စိတ်ကျန်းမာရေးမညီမျှမှုကို အမြဲဖြစ်ပေါ်စေသောကိစ္စရပ်များကို အာရုံစူးစိုက်ကြစေလိုပါကြောင်း၊
- လူထုအခြေပြု လူ့အဖွဲ့အစည်းများကလည်း မိမိတို့ဒေသများရှိ စိတ်ကျန်းမာရေး အခက်အခဲများဆိုင်ရာ မညီမျှမှုများကို တိုက်ဖျက်ရာတွင် တက်ကြွစွာပါဝင်ဆောင်ရွက် ပံ့ပိုးကြစေလိုပါကြောင်း စသည့်ရည်ရွယ်ချက်များဖြင့် ယခုနှစ်အတွက် အသိပညာပေးဆောင်ပုဒ်ကို သတ်မှတ်ရခြင်းဖြစ်သည်ဟုဆိုသည်။

**စိတ်ချမ်းသာမှ စိတ်ကျန်းမာမည်**

ကမ္ဘာပေါ်တွင် ဖြစ်ပွားနေသော စိတ်ရောဂါအခြေအနေများကို စစ်တမ်းကောက်ယူနေသည့် Global Burden of Disease (GBD) ၏ စစ်တမ်းများအရ ကမ္ဘာပေါ်ရှိ လူသန်းပေါင်း ၃၅၀ ခန့် နှစ်စဉ် စိတ်ရောဂါဖြစ်ပွားလျက်ရှိပြီး မြန်မာနိုင်ငံ၌ ပျမ်းမျှလူဦးရေ ၁၀၀၀ လျှင် ၅၇ ဦးနှုန်း စိတ်ရောဂါဖြစ်ပွားလျက်ရှိကြောင်းနှင့် လူလေးဦးလျှင် တစ်ဦးနှုန်းမှာ တစ်ချိန်ချိန်တွင် စိတ်မကျန်းမမာရောဂါဖြစ်နိုင်ခြေရှိကြောင်း တို့ကို လေ့လာသိရသည်။

စိတ်ရောဂါအမျိုးအစား များစွာရှိသည့်အနက် မြန်မာနိုင်ငံတွင် အဖြစ်များသောစိတ်ရောဂါများမှာ စိတ်ကျရောဂါ၊ စိုးရိမ်မှုလွန်ကဲရောဂါ၊ စိတ်ဖောက်ပြန်ရောဂါ၊ အတက်ရောဂါ၊ ဉာဏ်ရည်နိမ့်ကျရောဂါ၊ သတိမေ့လျော့တတ်ခြင်းနှင့် သူငယ်ပြန်ခြင်းစသည့် ရောဂါများဖြစ်ကြသည်။ မြန်မာနိုင်ငံတွင် အသက်အရွယ် အပိုင်းအခြားအရ အသက် ၆၀ နှင့်အထက်ရှိသူများထက် အသက် ၁၈ နှစ်မှ အသက် ၂၉ နှစ်အတွင်း လူငယ်များ စိတ်ကျရောဂါဖြစ်မှုသုံးဆခန့် ပိုများကြောင်း၊ အမျိုးသားများထက် အမျိုးသမီးများက သုံးဆကျော်ပိုဖြစ်နေကြောင်း ရန်ကုန်ဆေးရုံကြီး၏ မှတ်တမ်းများအရ လေ့လာတွေ့ရှိရသည်။




လူငယ်များ စိတ်ကျရောဂါဖြစ်နှုန်း ပိုများနေခြင်းမှာ နေထိုင်မှုပုံစံများနှင့်ဆက်စပ်နေပြီး ရှုန်းကန်လှုပ်ရှားမှုများလေလေ စိတ်ဖိစီးမှုပိုများလာလေလေ ဖြစ်သည်။ ၎င်းစိတ်ဖိစီးမှုများကို ပြေပျောက်အောင် ကြိုးစားမှုပိုင်းတွင် လိုအပ်ချက်များ ရှိလာသည်နှင့်အမျှ စိတ်ဖိစီးမှုဒဏ် ပိုမိုခံစားရပြီး နောက်ဆုံးတွင် စိတ်ကျရောဂါဖြစ်လာစေနိုင်သည်။

**စိတ်ချမ်းသာရန် စိတ်အပန်းဖြေနည်းများ**

ယနေ့ခေတ် ကမ္ဘာကြီး၌ ရှင်သန်လှုပ်ရှားနေထိုင်ရသူများတွင် ရာသီဥတုဒဏ်၊ အလုပ်တာဝန်နှင့် လူမှုရေးဆိုင်ရာစိတ်ဖိစီးမှုအမျိုးမျိုးတို့ကို ခံစားနေကြရသည်ဖြစ်ရာ အင်္ဂလန်နိုင်ငံမှသုတေသီများ၏ တွေ့ရှိချက်အရ လူသားများသည် လက်ရှိအနားယူကြသည့်အခြေအနေထက် ပိုမိုအနားယူရန် လိုအပ်ကြောင်း၊ အနားယူမှုသည် အိပ်စက်ခြင်းကိုသာ ဆိုလိုသည်မဟုတ်ဘဲ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ စသည့်အနားပေးခြင်းဆိုင်ရာ အချက်အလက်များဖြင့် တိုင်းတာ၍ သုတေသနကိုပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စားရေး၊ ဝတ်ရေး၊ နေရေးဆိုသည့် လူမှုဘဝရေးသုံးပါးကို အလှာစုံအသီးသီးမှ လူသားအားလုံး ပြေလည်အောင် ဖြေရှင်းကြရသောအခါ မိမိကျင်လည်ကျက်စားနေရသည့် ပတ်ဝန်းကျင်တွင် အနည်းနှင့်အများဆိုသလို စိတ်ဖိစီးမှုများ တွေ့ကြုံကြရသည်။ ထိုကဲ့သို့ စိတ်ဖိစီးမှုများကို ကြိုးစားဖြေဖျောက်သည့်အခါ (က) မိမိဘာသာတစ်ဦးတည်း စိတ်အပန်းဖြေနည်း၊ (ခ) မိမိပတ်ဝန်းကျင်နှင့်အတူတကွ စိတ်အပန်းဖြေနည်းဟူ၍ နှစ်မျိုးရှိသည်။

**(က) မိမိဘာသာတစ်ဦးတည်း စိတ်အပန်းဖြေနည်း**

တေးဂီတ နားထောင်ခြင်း၊ သီချင်းဆိုခြင်း၊ ဈေးဝယ်ထွက်ခြင်း၊ ဆံပင်ပုံစံပြောင်း၍ညှပ်ခြင်း၊ ပန်းပင်စိုက်ခြင်း၊ စာရေးစာဖတ်ခြင်း၊ ဇာထိုးပန်းထိုးခြင်း၊ စက်ချုပ်ခြင်း၊ အနင်းအနှိပ်ခံခြင်း၊ အိပ်စက်ချိန်မဟုတ်သေးသော်လည်း တိတ်ဆိတ်ငြိမ်သက်ပြီး လေကောင်းလေသန့်ရသည့် အိပ်ရာထက်တွင် ခြေလက်ဆန့်၍ မျက်စိမှိတ်အနားယူခြင်း၊ လမ်းလျှောက်ခြင်း သို့မဟုတ် စက်ဘီးစီးခြင်း စသည်ဖြင့် အားကစားလုပ်ခြင်း၊ တရားထိုင်ခြင်း၊ ယောဂကျင့်ခြင်း၊ တရားဓမ္မစာပေများ ပွားများရွတ်ဖတ်ခြင်း၊ အိမ်ခန်းသန့်ရှင်းရေးလုပ်ခြင်း၊ ဘုရားခန်း(ဘုရားကျောင်းဆောင်) သန့်ရှင်းရေးလုပ်ခြင်း၊ နောင်တမရ နောက်ဆံမတင်းဘဲ ကြွေးမြီကင်းသော အလှူဒါနပြုခြင်း စသည်တို့သည် မိမိဘာသာတစ်ဦးတည်း စိတ်အပန်းဖြေနည်းဖြစ်သည်။

**(ခ) မိမိပတ်ဝန်းကျင်နှင့်အတူတကွ စိတ်အပန်းဖြေနည်း**

မိမိပတ်ဝန်းကျင်နှင့်အတူတကွ စိတ်အပန်းဖြေနည်းများမှာ အိမ်မွေးတိရစ္ဆာန်လေးများကို အချိန်ပေးခြင်း၊ ကလေးငယ်ဖြင့်အဖော်ပြုခြင်း၊ တစ်ပါးသူအပေါ် ကိုယ်ချင်းစာနာစိတ်ထားပြီး အတတ်နိုင်ဆုံး သည်းခံစိတ်မွေးမြူခြင်း၊ အပြုံးမျက်နှာချိုသာသောစကားတို့ဖြင့် ပြုမူနေထိုင်ခြင်း၊ ချစ်ခင်ရသူများဖြင့် အပန်းဖြေခရီးထွက်၍ အမှတ်တရများဖန်တီးခြင်း၊ အတ္တပရမှုတခြင်း၊ မိမိအတွေးအခေါ် အပြောအဆို နေထိုင်မှုအားလုံးသည် အကုသိုလ်ကင်းပြီး အပြုသဘောဆောင်သောလုပ်ဆောင်ချက်ဖြစ်အောင် ကြိုးစားခြင်း၊ ဒေါသမကြီးဘဲ အရာရာကို အကောင်းမြင်တတ်ခြင်း စသည်တို့ဖြစ်သည်။ မိမိနေထိုင်မကောင်းဖြစ်သောအခါ မိသားစုနှင့် မိတ်ဆွေရင်းချာများကသာ ကိုယ့်ဘဝအတွက် အားကိုးရာဖြစ်၍ မိမိကျန်းမာအဆင်ပြေနေချိန်တွင် ထိုသူတို့ကို လျစ်လျူမရှုဘဲ၊ ချစ်ခင်နွေးထွေးစွာ ဆက်ဆံတတ်ရန်လည်း အထူးလိုအပ်ပါသည်။

**စိတ်ဖိစီးမှုပြေပျောက်စေရန် အကြံပြုချက်**

စိတ်ဖိစီးမှုများ ပြေပျောက်စေရန်အတွက် အောက်ပါနည်းလမ်းကောင်းလေးများဖြင့် အကြံပြုလိုပါသည်။

- မိမိနှစ်သက်သော သီချင်းတစ်ပုဒ်ဖွင့်ပြီး အဆိုတော်တစ်ယောက်ကဲ့သို့ ဟန်ပါပါဆိုပစ်လိုက်ပါ။ မြူးထူးတက်ကြွသော တီးလုံး၊ တေးသွားများကို ရွေးချယ်တတ်ပါစေ။
- ဖြည်းဖြည်းမှန်မှန် လမ်းလျှောက်ပါ သို့မဟုတ် လမ်းလျှောက်ရင်း ဘုရားစာဆိုပါ။ မျက်စိအေး၊ နားအေးစေသည့် သစ်ပင်ပန်းပင်စုံလင်သော နေရာများက ပိုအဆင်ပြေပါလိမ့်မည်။
- ခင်မင်ရဆုံးသူကို ယခုခံစားနေရသည့် စိတ်ဖိစီးမှုအကြောင်း ရင်ဖွင့်ပြောပြပါ။ သို့သော် သင်မျှဝေပြောပြလိုက်သောသူသည် သင်အမှန်တကယ်ယုံကြည်ရသောသူနှင့် သင့်ကိုနားလည်ပေးနိုင်သောသူဖြစ်ရန် အရေးကြီးသည်။
- မျက်စိမှိတ်၊ ခေါင်းမော့ပြီး သဘာဝလေကို တဝကြီးရှူရှိုက်ပေးပါ။ အားလပ်ချိန် ငါးမိနစ်ခန့်အချိန်ယူ၍ အသက်ရှူခြင်းအပေါ် အာရုံစူးစိုက်ထားပါ။ ခန္ဓာကိုယ်ကို တည့်မတ်စွာထိုင်၍ မျက်စိမှိတ်ထားပြီး လက်ကိုဝမ်းဗိုက်နားတွင် ထားပါ။ နှာခေါင်းပေါက်မှ လေကိုဖြည်းညင်းစွာ ရှူသွင်း၍ ဝမ်းဗိုက်နှင့် ဦးခေါင်းမှဖြတ်ကာ ပါးစပ်မှတစ်ဆင့်ရှူထုတ်ပါ။ ယခုအားရပါးရ ရှူသွင်းလိုက်သည့် လေများက ဦးနှောက်ထဲရောက်ရှိသွားပြီဟု သဘောထားပါ။
- စောစောအိပ်ရာဝင်ပါ။ အိပ်စက်အနားယူခြင်းက စိတ်ဖိစီးမှုလျော့ချရာတွင် အရေးပါဆုံးသော သဘာဝအားဆေးတစ်ခွက်ဖြစ်သည်။ သို့သော် အလွန်အကျွံအိပ်စက်ပါက နှေးကွေးလေးလံစေပြီး ညှိုးငယ်ထိုင်းမှိုင်းစေသည်။ ထို့ကြောင့် အိပ်မောကျစေမည့်အချိန်ကို ဦးနှောက်အားအချက်ပေးစေရန်အတွက် အချိန်မှန်အိပ်ရာဝင်နိုင်အောင် ကြိုးစားခြင်း၊ အိပ်စက်အနားမယူခင် သုံးနာရီအတွင်း လေ့ကျင့်ခန်းပြုလုပ်ခြင်းမှ ရှောင်ကြဉ်ခြင်း သို့မဟုတ် ရေနွေးဖြင့် ရေချိုးခြင်းပြုလုပ်ပါ၊ အိပ်မပျော်သေးသော်လည်း ဘာမျှမတွေးဘဲ လဲလျောင်းအနားယူပါ။
- မိမိစိတ်ကိုထိန်းချုပ်ပြီး လုပ်စရာရှိသောအလုပ်ကိစ္စများပေါ်တွင် အလေးအနက်ထား အာရုံစူးစိုက်ပါ။
- အတိတ်က သာယာပျော်ရွှင်ဖွယ်ကောင်းခဲ့သည့် အကြောင်းအရာလေးများကို ပြန်လည်တွေးတော ပီတိဖြစ်ပေးပါ။
- ချစ်ခင်ရသူ သို့မဟုတ် ကလေးငယ် သို့မဟုတ် ကြောင်လေး၊ ခွေးလေးများကို ယုယစွာ ထွေးဖက်ပါ။
- ယခုခံစားနေရသော စိတ်ဖိစီးမှုများက "ဘဝရဲ့ တိုက်ပွဲလေးတွေပါပဲ"ဟု သဘောထားပါ။ အဆုံးထဲကအကောင်းဆိုသလိုတွေးပြီး ယခုစိတ်ဖိစီးမှုအတွေ့အကြုံမျိုးကို နမူနာအဖြစ်မှတ်ယူ၍ ရင်ဆိုင်ကျော်ဖြတ်ပါ။
- မှန်ကြည့်ပြီး မိမိကိုယ်ကို လှလှလေးပြုံးပြပါ။ လူသားတို့ဦးနှောက်သည် စိတ်ခံစားမှုများ၊ မျက်နှာသွင်ပြင်အမူအရာများနှင့် ချိတ်ဆက်ဆက်နွယ်နေသည်။ ထို့ကြောင့် အပြုံးဖြင့်ရယ်မောခြင်းက စိတ်ပင်ပန်းမှုတချို့ကိုလျော့ပါးသက်သာစေသည်။ တရားမှတ်ပါ သို့မဟုတ် ယောဂကျင့်ပါ။ သုတေသနပြုလုပ်ချက်များအရ တစ်နေ့လျှင် မိနစ်အနည်းငယ်ဖြင့် နေ့စဉ်တရားထိုင်ခြင်းက ဦးနှောက်နှင့် အာရုံကြောလမ်းကြောင်းကို နိုးကြားစေပြီး စိတ်ဖိစီးမှုများကို လျင်လျင်မြန်မြန် တွန်းလှန်နိုင်စေကြောင်း တွေ့ရသည်။
- အင်တာနက်နှင့် လက်ကိုင်ဖုန်းများ အသုံးပြုခြင်းကို ကန့်သတ်ထားပါ။ ယနေ့ကမ္ဘာတွင် အင်တာနက်နှင့် ဟန်းဖုန်းအသုံးပြုခြင်းကို လျှော့ချခြင်းက စိတ်ဖိစီးမှုလျော့ကျခြင်းနှင့် တိုက်ရိုက်ဆက်နွယ်နေသည်။ အိပ်ရာမဝင်ခင် အီလက်ထရွန်နစ်ပစ္စည်းများ အသုံးပြုခြင်းကို ဖြတ်တောက်ခြင်းကလည်း အိပ်ရေးဝဝ အိပ်စက်နိုင်ပါမည်။
- စိတ်ဖိစီးမှုကြုံရပါက ခြေမနှင့် ခြေညှိုးကြားကို ဖိ၍နှိပ်နယ်ပေးပါ။ လက်မနှင့် လက်ညှိုးကြားကိုလည်း ဖိနှိပ်ပေးနိုင်ပါသည်။ လက်ကောက်ဝတ်ကို နှိပ်နယ်ပေးပါ။ မျက်ခုံးအလယ်တည့်တည့်ကို နှိပ်ပေးပါ။ စိတ်ဖိစီးမှုကိုသာမက ခေါင်းကိုက်၊ ခေါင်းမူးခြင်းလည်း သက်သာစေသည်။ ရင်ဘတ်အလယ်တည့်တည့်ကို လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ် သုံးချောင်းဖြင့် ဖိနှိပ်ပေးပါ။

လူသားအားလုံး စိတ်ကျန်းမာကြပါစေ။

# (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၄ ခုနှစ်၊ (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်ပါသည်။ ဆုရရှိသော စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ပါသည်။

၂။ **စာမူများတွင်ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်ကစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့မှုများ၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခဲ့မှုများ၊ အနစ်နာခံမှုများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများ၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့်ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့မှုများ။

(ခ) တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့မှုများ၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသောပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့် လက်ရှိခေတ်ကာလတွင် ဆောင်ရွက်မှုများ၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေမှုများ။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း သတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံ ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(ဝါသနာရှင်/အလွတ်တန်း)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (ဝါသနာရှင်အဆင့်)၊ (အလွတ်တန်းအဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ကဗျာ(ဝါသနာရှင်အဆင့်)နှင့် ကဗျာ(အလွတ်တန်းအဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့ အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ပြီး စကားပြေရေးဟန်နှင့်စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။

(ဃ) ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ကာ ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့်ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုဝန်ခံချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ စာမူများပေးပို့ရာတွင် Copy ၃ စုံမပါရှိခြင်း၊ Soft Copy မပါရှိခြင်း၊ သီချင်းစီဒီများမပါရှိခြင်း၊ သက်ဆိုင်ရာဝန်ခံချက်များမပါရှိခြင်း၊ ကိုယ်ရေးအချက်အလက်များ မစုံလင်ခြင်းနှင့် သတ်မှတ်ရက်အတွင်း အချိန်မီမရောက်ရှိသောစာမူများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၃။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၅။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတိုစာမူဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၆၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်စာမူဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၂၀၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၂၀၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၂၀၀၀၀၀ | ကျပ် |

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း(အထူးအားဖြင့် နာတာရှည်ရောဂါခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ပလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

# ယခုနှစ် စက်တင်ဘာလတွင် ပြည်တွင်းကုမ္ပဏီ ၄၂ ခုက ဆန်နှင့်ဆန်ကွဲတန်ချိန် ၈၄၀၀၀ ကျော်တင်ပို့ရောင်းချခဲ့



**ရန်ကုန် အောက်တိုဘာ ၈**

၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် ပြည်တွင်းကုမ္ပဏီ ၄၂ ခုက ဆန်နှင့် ဆန်ကွဲတန်ချိန် ၈၄၀၀၀ ကျော် တင်ပို့ရောင်းချပေးခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ သတင်းများအရ သိရသည်။

၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် ဆန်နှင့်ဆန်ကွဲများကို ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ ပြည်တွင်းကုမ္ပဏီ ၄၂ ခုက တင်ပို့ရောင်းချပေးခဲ့ရာ ဆန်ကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံ ၂၇ နိုင်ငံနှင့် ဆန်ကွဲကို ပြည်ပဖောက်သည်ဈေးကွက် ၁၃ နိုင်ငံသို့တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့ တင်ပို့ရောင်းချရာတွင် ဆန် ၅၃၇၆၁ တန်နှင့် ဆန်ကွဲ ၃၁၀၁၁ တန် စုစုပေါင်း ဆန်နှင့် ဆန်ကွဲ ၈၄၇၇၃ တန်တင်ပို့ရောင်းချပေးခဲ့ကြောင်း၊ အဆိုပါ ဆန်နှင့် ဆန်ကွဲများကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများက တင်ပို့ရောင်းချပေးခဲ့ရာ ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းက ဆန်နှင့် ဆန်ကွဲ ၇၇၅၇၅ တန်၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက ဆန်နှင့် ဆန်ကွဲ ၇၁၉၈ တန် စုစုပေါင်း ဆန်နှင့် ဆန်ကွဲ ၈၄၇၇၃ တန် တင်ပို့ရောင်းချ ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဆန်နှင့်ဆန်ကွဲတင်ပို့ရောင်းချရာတွင် ဆန်အများဆုံးဝယ်ယူခဲ့သည့် နိုင်ငံ ငါးနိုင်ငံတွင် အင်ဒိုနီးရှားနိုင်ငံက ဆန် ၁၁၇၇၅ တန်ဖြင့် အများဆုံးဝယ်ယူခဲ့ပြီး မလေးရှားနိုင်ငံက ဆန် ၁၀၁၄၆ တန်ဖြင့် ဒုတိယအများဆုံးဝယ်ယူကာ ဖိလစ်ပိုင်နိုင်ငံက ဆန်တန်ချိန် ၈၈၄၀ ဖြင့် တတိယအများဆုံး၊ တရုတ်နိုင်ငံက ဆန်တန်ချိန် ၅၇၄၀ ဖြင့် စတုတ္ထအများဆုံးနှင့် မိုဇမ်ဘစ်နိုင်ငံက ဆန်တန်ချိန် ၃၆၄၀ ဖြင့် ပဉ္စမ အများဆုံး ဝယ်ယူခဲ့ကြောင်း သိရသည်။

ထို့အတူ ဆန်ကွဲအများဆုံးဝယ်ယူခဲ့သည့် နိုင်ငံ ငါးနိုင်ငံတွင် တရုတ်နိုင်ငံက ဆန်ကွဲ ၈၆၁၃ တန်ဖြင့် ပထမအများဆုံး၊ ဘယ်လ်ဂျီယံနိုင်ငံက ဆန်ကွဲတန်ချိန် ၇၂၀၀ ဖြင့် ဒုတိယအများဆုံးဝယ်ယူခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံက ဆန်ကွဲတန်ချိန် ၄၅၅၀ ဖြင့် တတိယအများဆုံး၊ ဗီယက်နမ်နိုင်ငံက ဆန်ကွဲ ၃၆၂၆ တန်ဖြင့် စတုတ္ထအများဆုံး၊ နယ်သာလန်နိုင်ငံက ဆန်ကွဲတန်ချိန် ၃၄၀၀ ဖြင့် ပဉ္စမအများဆုံးဝယ်ယူခဲ့ကြောင်း သိရသည်။ (၃၃၆)

# တောင်တွင်းကြီးမြို့နယ် တလုပ်ပင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

**တောင်တွင်းကြီး အောက်တိုဘာ ၈**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တလုပ်ပင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ)ဒေါ်မြသက်ထွေး၊ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် တာဝန်ရှိသူများက ဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ တလုပ်ပင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ)ဒေါ်မြသက်ထွေးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

တလုပ်ပင်ကျေးရွာ၌ လမ်းအရှည် ၆၃၇ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် တစ်သန်း စုစုပေါင်း ငွေကျပ် ၁၆ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုး၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ စတုတ္ထပတ်မှစတင် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၄၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးပါက တလုပ်ပင်ကျေးရွာရှိ ကျေးလက်နေပြည်သူများ ရာသီမရွေးသွားလာရေး အဆင်ပြေလွယ်ကူမည်ဖြစ်ပြီး လူမှုရေး၊ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများတွင်လည်း အကျိုးပြုသွားမည်ဖြစ်ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က ပြောပြ၍ သိရသည်။

**အိမိုးမိုး**

## ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်






အင်္ဂလန်နိုင်ငံ International Brewing Awards၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .




# ‘ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ’

DAGON

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၀၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၀၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

အာရောင်းကားဂေါ်ဝီရေခံစိဖိကိုသာ အသုံးပြုထားကြောင်း အာမခံပါသည်။

ပြင်ဦးလွင်

# နန်းမြိုင်ကော်ဖီ






ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၀၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## ဝန်ထမ်းအလိုရှိသည်

**သွပ်ပြားဆိုင်အတွက်**

- **အလုပ်ကြမ်းလုပ်သား (၈)ဦး**
- အခြေခံလစာ ၂၀၀၀၀၀/-
- နာရီစင်အနီး 09-986260350
- ( နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း ဆက်သွယ်ရန်)


## စာပေမြင့်မှ လူမျိုးတင့်မည်


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။




## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➢ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➢ မကြာခဏ ထိတွေ့အသုံးပြုတဲ့ ဇွန်းပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကျင့်ခန်းလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံ့ဝန်ထမ်းများလိုက်နာရမည့် စည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပြီး မိမိကိုယ်ကို သစ္စာရှိရမည်၊ မိမိဌာနနှင့် လုပ်ဖော်ကိုင်ဖက်များအပေါ် သစ္စာရှိရမည်၊ နိုင်ငံတော်အပေါ် သစ္စာရှိရမည်ဖြစ်...

❖ မိမိတို့အစိုးရသည် နိုင်ငံရေးအစိုးရမဟုတ်ဘဲ နိုင်ငံ့အရေးကို ဆောင်ရွက်နေသည့်အစိုးရဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်တွင်ပြုလုပ်သော ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## မျက်မြေးရောင်ရောဂါ၊ မျက်စိနာရောဂါ ကာကွယ်ရေးနှိုးဆော်ချက်

လတ်တလောဖြစ်ပွားနေသော မျက်မြေးရောင်ရောဂါ (သို့မဟုတ်) မျက်စိနာရောဂါသည် ဗိုင်းရပ်ပိုးကြောင့်ဖြစ်ပွားပြီး ရောဂါဖြစ်ပွားလျှင် ငါးရက်မှ ခုနစ်ရက်ခန့်ထိ ကြာမြင့်တတ်ပါသည်။

**ရောဂါလက္ခဏာများမှာ–**

- မျက်စိနီရဲခြင်း၊
- မျက်ဝတ်များထွက်ခြင်း၊
- မျက်စိယားယံခြင်း၊
- မျက်စိနာကျင်ရောင်ရမ်းခြင်း၊
- မျက်ရည်ယိုခြင်း၊
- အလင်းရောင်မကြည့်နိုင်ခြင်းတို့ဖြစ်နိုင်ပါသည်။

**မျက်မြေးရောင်ရောဂါ/မျက်စိနာရောဂါသည် အောက်ဖော်ပြပါအခြေအနေများကြောင့် ကူးစက်ပြန့်ပွားနိုင်ပါသည်–**

- ရောဂါဖြစ်သူ၏ အသုံးအဆောင်များကို ကိုင်တွယ်သုံးစွဲခြင်းနှင့် နီးကပ်စွာအတူနေထိုင်ခြင်းများကြောင့် ရောဂါအလွယ်တကူ ကူးစက်ပြန့်ပွားနိုင်သဖြင့် အထူးသတိပြုရှောင်ရှားရပါမည်။ (ဥပမာ-ကျောင်းသား တစ်ဦးမှ စာသင်ခန်းအတွင်းရှိ ကျောင်းသားများသို့၊ မိခင်မှကလေးသို့)

**သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် မျက်မြေးရောင်ရောဂါ၊ မျက်စိနာရောဂါ မပြန့်ပွားစေရန် အောက်ပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်–**

- ကူးစက်လွယ်သောရောဂါဖြစ်သဖြင့် ရောဂါဖြစ်သူ၏အသုံးအဆောင်(အထူးသဖြင့် အမျိုးသမီးမျက်နှာ အလှပြင်ပစ္စည်းများ၊ မျက်နှာသုတ်ပဝါ၊ လက်ကိုင်ပဝါ)များကို အခြားသူများက အတူသုံးစွဲခြင်း လုံးဝမပြုလုပ်ရပါ။ လက်ကိုင်ပဝါအစား တစ်ခါသုံးတစ်ရှူးစက္ကူကို အသုံးပြုသင့်ပြီး ရောဂါဖြစ်သူ၏ အဝတ်အစားများကိုလည်း သီးသန့်လျှော်ဖွပ်သန့်စင်ရပါမည်။
- ရောဂါဖြစ်ပွားပါက မျက်စိနာသူ၏ မျက်လုံးတစ်ဝိုက်ကို သန့်ရှင်းရေးပြုလုပ်ပေးပြီး မျက်ရည်တုမျက်စဉ်းဆေးရည်(**Artificial Tear Eye Drops**)ကို တစ်နေ့ (၃-၄)ကြိမ် ခပ်နိုင်ပါသည်။ မျက်စိကို မသန့်ရှင်းမီနှင့် မျက်စဉ်းဆေးရည်ခပ်ပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် သေချာစွာ ဆေးကြောရပါမည်။ ရောဂါမသက်သာပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းများနှင့် မျက်စိကုဌာနသို့ ပြသပါ။
- အခြားသူများသို့ ရောဂါမကူးစက်စေရန်အတွက် ရောဂါဖြစ်သူသည် မျက်စိကိုမကိုင်မိစေရန် အကာအကွယ်မျက်မှန်တပ်ထားသင့်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ပဲခူးမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများကို လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်

စာမျက်နှာ – ၁၉



## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၈-၁၀-၂၀၂၃

| | | | |
|---|---|---|---|
| ပဲခူး | ၇ ဒသမ ၈၇ လက်မ | ပုသိမ်ကြီး | ၄ ဒသမ ၈၇ လက်မ |
| ခရမ်း | ၆ ဒသမ ၇၇ လက်မ | မုဒုံ | ၄ ဒသမ ၈၇ လက်မ |
| ကျိုက်ဒုံ | ၆ ဒသမ ၄၀ လက်မ | မန္တလေး | ၄ ဒသမ ၀၂ လက်မ |
| ချောင်းဆုံ | ၆ ဒသမ ၁၀ လက်မ | တံတားဦး | ၃ ဒသမ ၉၈ လက်မ |
| သိမ်ဇရပ် | ၅ ဒသမ ၁၆ လက်မ | စဥ့်ကိုင် | ၃ ဒသမ ၈၈ လက်မ |

## မနက်ဖြန်နံနက်ထိ ခန့်မှန်းချက်

ရခိုင်ပြည်နယ်တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပြီး ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။